# အခန်း(၂၇၁) - အန္တရာယ် ပတ်လည်ဝိုင်းနေခြင်း

"ဖြုန်းတီးတယ်....."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ပြောပြီး အနည်းငယ် ဝန်လေးနေမိသည်။

ချင်ယန်သည် မူလ ပထမက ကိုယ်ဘာသာ ကိုယ်သာ ကြိုးစား ကျင့်ကြံပြီး ကုသိုလ် စွမ်းအားများကိုမှ နောက်ထပ် တစ်လ ထပ်စောင့်ပြီးမှ အသုံးပြုရန် စဉ်းစား ထားခဲ့သည်။

ထိုကဲ့သို့ ဆိုပါက ကုသိုလ် စွမ်းအား အသုံးပြုပြီး ကျင့်ကြံခြင်း အခြေခံကို စုစည်းကာ ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) အထိ တစ်ခါတည်း မြင့်တက်နိုင်သည်။

ယခုမူ ထိုကုသိုလ် စွမ်းအားများကို အသုံးပြုရတော့မည်။

ချင်ယန်က ယန္တရား သားရဲကို ယွမ်ဒန်နယ်ပယ် အဆင့် (၉) ထိ မြှင့်တင်ထားသော်လည်း အပြည့်အဝ စိတ်မချနိုင်သေးပေ။

သတင်း အချက်အလက် လုံလောက်ခြင်း မရှိသဖြင့် ရန်သူဘက်မှ မည်သည့်အရာများ ပြုလုပ်လာမလဲ ဆိုသည်ကို ကြိုမသိနိုင်ပေ။

အကယ်၍ ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာသာ ဆိုပါက ပြဿနာ ကြီးကြီးမားမား မရှိပေ။ ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့ လှုပ်ရှားလာလျှင်ပင် ချင်ယန်က သူ့ကိုယ်သူ ကာကွယ် နိုင်သေးသည်။ သို့သော် သွေးနတ်ဘုရားဂူ ပါလာမည် ဆိုပါက အခြေအနေက ခန့်မှန်းရန် ခက်သွားလိမ့်မည်။

ထောင်မိသားစုနှင့် ရန်မိသားစုတို့က တော်ရုံတန်ရုံ အင်အား ရှိသော်လည်း ချင့်ချိန်ကြသေးသည်။ အကယ်၍ ချင်ယန်နှင့် တိုက်ခိုက်ပြီး အလွန်အကျူး ဆုံးရှုံးမှု ဖြစ်သွားမည် ဆိုပါက တိုက်ခိုက်မှုကို စွန့်လွှတ် သွားလိမ့်မည်။

သို့သော် သွေးနတ်ဘုရားဂူက မတူပေ။

သွေးနတ်ဘုရားဂူမှ ဂူသခင်များက တဇွတ်ထိုး တဓောက်ကန်းများ ဖြစ်နေကြသည်။

သေရမည့်ကို မကြောက်ဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်တတ်သည့် ရန်သူမျိုးက တော်တော်လေး ကြောက်စရာ ကောင်းလှသည်။

ရှူး.......

ချင်ယန်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ယခင်က ရရှိထားသည့် ကုသိုလ် စွမ်းအားများကို ခန္ဓာကိုယ်ထဲသို့ စုပ်သွင်းလိုက်သည်။

တစ်လကြာ လေ့ကျင့်ပြီး စုစည်း ထားသောကြောင့် ကုသိုလ် စွမ်းအား၏ အကျိုး သက်ရောက်မှုက မဆိုးသော်လည်း နောက်တစ်လ

ထပ်စောင့်မည် ဆိုပါက ကုသိုလ် စွမ်းအား၏ အကျိုးသက်ရောက်မှုက အများကြီး ပိုကောင်းသွားလိမ့်မည်။

နာရီ အနည်းငယ် ကြာပြီးနောက် ချင်ယန်က အပြည့်အဝ စုစည်း နိုင်ခဲ့သည်။

"ဒီည ယွမ်ဟူနယ်ပယ် အဆင့် (၈) တက်ပြီး မနက်ဖြန် ခရီးထွက်မယ့် အချိန်လောက်ဆို ယွမ်ဟူနယ်ပယ် အဆင့် (၉) ရောက်နေလောက်တယ်…"

ချင်ယန်က အဆင့်တက်နိုင်မည့် အခြေအနေကို တွက်ချက်ပြီး စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်သည်။

…….

"အရိပ် (၃) ၊ ဒါကိုယူ…. ဒီတစ်ကြိမ် စစ်ဆင်ရေးက အောင်မြင်ရမယ်…. ကျရှုံးတာ မကြားချင်ဘူး…."

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး ပြောလိုက်ပြီး သူ့လက်ထဲတွင် လက်သီးဆုပ်အရွယ် အစေ့တစ်စေ့ ပေါ်လာသည်။

အသူရာ ဆေးနတ်ဘုရား (ဘာသာပြန်ဟာရီကိန်း)

"အရှင်.... ဒါက မင်းနောက်ဆုံး ရခဲ့တဲ့ မှော်မျိုးစေ့ မဟုတ်လား..."

ရန်စန်း မမျှော်လင့် ထားသဖြင့် အံ့အောသင့်သွားပြီး မေးလိုက်ခြင်းပင်။

ထိုအချိန်က ထောင်ကွမ်ယွီသည် ဒီအစေ့ကို ရရှိရန်အတွက် သေလုနီးပါး ဖြစ်ခဲ့ရသည်။ ရန်စန်းလည်း ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့သည်။

ထောင်ကွမ်ယွီက လေးနက်သော လေသံနှင့်.....

"ရန်စန်း၊ မင်းက ချင်ယန်ကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ပြီးပြီ... ဒီခွေးသားက အကြိမ်ကြိမ် လွတ်မြောက်သွားတယ်။ ခု သူ့ရဲ့ ကံကြမ္မာက နေဝင်နေပြီ...."

"ဒါကြောင့် ဒါကို မင်းနဲ့ ထည့် ပေးလိုက်တာပေါ့....."

"ကျိုဝူချန်က သွေးနတ်ဘုရား ဂူနဲ့ ဆက်သွယ်ခဲ့တာ ဖြစ်နိုင်တယ်။ မလိုအပ်ရင် မလှုပ်ရှားနဲ့.... လိုအပ်လို့ လှုပ်ရှား ရမယ်ဆိုလည်း ပေါင်းပင်တင် မကဘူး.. အမြစ်ပါ လှန်ခဲ့....."

ရန်စန်းက အစေ့ကိုယူပြီး လေးနက်စွာ ခေါင်းညိတ် လိုက်သည်။

ထိုမှော်အစေ့ကို အသုံးပြုလိုက်ပါက ကြောက်စရာ ကောင်းသော အဆင့် (၆) နတ်ဆိုးတစ်ကောင် ပေါ်လာပြီး ၎င်း၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန် အဆင့် (၈) သို့မဟုတ် (၉) အထိ သေချာပေါက် ရောက်ရှိ နေနိုင်သည်။

"အရိပ်၊ တကယ်လို့ အခြေအနေ မကောင်းရင် ရှိသမျှ ရတနာတွေကို အသုံးပြုဖို့ လက်မတွန့်နဲ့......

အလုပ်လည်း ပြီးအောင်လုပ်.. အသက်ရှင်ရက်နဲ့ ပြန်လာခဲ့.....”

ထောင်ကွမ်ယွီက နောက်တစ်ကြိမ် ထပ်မှာလိုက်သည်။

“စိတ်မပူပါနဲ့... အရှင်... ဒီတစ်ကြိမ် ချင်ယန်သေစေရမယ်....”

“ငါကိုယ်တိုင်တောင် လှူပ်ရှားဖို့မလိုလောက်ပါဘူး.. သွေးနတ်ဘုရား ဂူက ဒီဘက်ကို တန်ခိုးရှင်တွေ လွှတ်ထားပြီ...

သူတို့ကလည်း ဒီအခွင့်အရေးကို သေချာပေါက် ဖမ်းဆုပ်မှာပဲ....”

ထောင်ကွမ်ယွီ ခေါင်းညိတ်လိုက်သည်။ ချင်ယန် သေဆုံးသွားသည့် အချိန်တွင် သူက ဝေဖန်မှု တော်တော်လေး ခံရလိမ့်မည် ။ သို့သော်လည်း ဘာမှ မဖြစ်ပေ။ အချိန်တန်လျှင် လူများက မေ့သွားလိမ့်မည်။ ဒါသည် ချင်ယန် ကြီးထွားလာသည်ကို စောင့်ကြည့် ရခြင်းထက် အများကြီး ပိုကောင်းသည်။ ချင်ယန် ပိုမို အားကောင်း

လာသည်နှင့် အမျှ ခြိမ်းခြောက်မှုက ပိုကြီးလာလိမ့်မည်။

“အရှင်... ရန်မိသားစုလည်း တစ်ခုခုတော့ လှုပ်ရှားမှာပါ.....”

ထောင်ကွမ်ယွီက ခေါင်းခါလိုက်ပြီး.....

“ရန်မိသားစု ဘယ်လို လှုပ်ရှားမယ် ဆိုတာတော့ မသိသေးဘူး။ ချင်ယန်ကို တာဝန်ပေးတဲ့ ကိစ္စမှာ ငါတို့ အချင်းချင်း တိတ်တဆိတ် နားလည်မှု ယူထားတယ် ဆိုပေမဲ့.. တချိန်တည်းမှာ ငါ့တို့က

ပြိုင်ဘက်တွေ ဖြစ်နေသေးတယ်။ တစ်ဖက်လူရဲ့ ထိန်းချုပ်မှုကို ခံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး…”

“ရန်မိသားစုက မလှုပ်ရှားလည်း ငါတို့ လှုပ်ရှားရမယ်…..”

“ချင်ယန်ဆီမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိနေတယ်။ တကယ်လို့ သူ့ ပစ္စည်း တော်တော်များများ ကုန်သွားရင်တောင် တန်တယ်….”

ရန်စန်းက ခေါင်းညိတ် လိုက်သည်။

"အရှင်၊ တာဝန်ကို အောင်မြင်အောင် လုပ်ခဲ့ပါမယ်...."

ရန်စန်းက စကား ပြောပြီးသည်နှင့် ပျောက်ကွယ်သွားသည်။

ထောင်ကွမ်ယွီက ပြတင်းပေါက် အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။ ယခု တစ်ကြိမ် လှုပ်ရှားမှုအတွက် အလွန် ယုံကြည်မှု ရှိနေသည်။ ဒီလှုပ်ရှားမှုက ရန်စန်းအတွက် ဘာမှ မဟုတ်ပေ။

သူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် နှစ်ယောက် လွှတ်လိုက်ခြင်းပင်......

ထို့အပြင် စေလွှတ်လိုက်သည့် အဖွဲ့ထဲတွင် လူအများကြီး မပါဘဲ လေးယောက်သာ ပါသော်လည်း ထိုလေးယောက် ထဲတွင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) နှစ်ယောက်နှင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နှစ်ယောက် ပါသွားသည်။

အကယ်၍ လူလုံး ထွက်ပြ၍ ရမည်ဆိုပါက ထောင်ကွမ်ယွီက သူကိုယ်တိုင် လိုက်သွားခဲ့သည်။ ချင်ယန် မသေမခြင်း စိတ်အနှောက်အယှက် ဖြစ်နေရသည်။

မူလက ချင်ယန်သည် ထောင်ကွမ်ယွီ၏ စိတ်ထဲတွင် ပုရွတ်ဆိတ်လေး တစ်ကောင်သာ ဖြစ်ပြီး ဝေ့ကျင့်ဝူက အဆုံးသတ် နိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ချင်ယန်က မသေခဲ့သည့် အပြင် ငါးဖယ်ကဲ့သို့ ထုလေ၊ မာလေ ဖြစ်လာခဲ့ပြီး ပိုမို အားကောင်း လာခဲ့သည်။

"သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ ဘယ်လောက်တောင် ရောက်နေပြီလဲ မသိဘူး...."

ထောင်ကွမ်ယွီ မျက်နှာပေါ်တွင် အပြုံး ပါးပါးလေး တစ်ခု ရှိနေသည်။ သုံးရက်အတွင်း

ချင်ယန် သေဆုံးသွားသည့် သတင်းကောင်း ရောက်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယခုအခါ အရာအားလုံးက လမ်းကြောင်းမှန်ပေါ် ရောက်နေပြီ။ ရန်စန်းက ချင်ယန်ကို သတ်ဖြတ်ပြီး ပစ္စည်းများ ယူလာခဲ့မည် ဆိုပါက ပို၍ပင် ပြည့်စုံ သွားအုံးမည်။

........

"မှတ်ထား.. ရှေ့ဆုံးက မလုပ်နဲ့... ဒီတစ်ကြိမ် အမဲလိုက်မှုမှာ ထောင်မိသားစု၊ ရှောင်မိသားစုနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ ပါလာလိမ့်မယ်...."

"ပစ္စည်း အကုန်အကျ ခံပြီး ချင်ယန်ကို အရင်ဦးဆုံး သတ်လိုက်ရင် ကျန်တဲ့ လူတွေက ပျော်ပျော်ကြီး လက်ခုပ် ဝိုင်းတီး နေလိမ့်မယ်...."

ရန်ခွန်က သူ့ရှေ့မှ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို မှာကြားနေသည်။ သူတို့ထဲမှ တစ်ယောက်သည် ယခင်က ရှေးဟောင်း အမွေအနှစ်ထဲတွင် ချင်ယန်နှင့် တွေ့ဆုံခဲ့ဖူးသည်။ အခြားလူ တစ်ယောက်က အော်ရာ ပိုမို အားကောင်း နေသေးသည်။

"ဟုတ်ကဲ့ပါ... မိသားစု ခေါင်းဆောင်...."

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က တစ်လေသံတည်း ပြန်ဖြေလိုက်သည်။

"သွားတော့.. သတင်းကောင်း စောင့်နေမယ်....."

ရန်ခွန်က လက်ခါပြပြီး ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် ရှောင်မိသားစုမှ တန်ခိုးရှင် အချို့က ကျိုဝူချန်နှင့် တွေ့ဆုံ နေကြသည်။ ကျိုဝူချန်ဘေးတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက် ရှိနေသေးသည်။

မည့်သို့ပင် ဆိုစေကာမူ သူက ကြယ်ငါးပွင့် အင်အားစု၏ ခေါင်းဆောင် တစ်ယောက် ဖြစ်နေသေးသည်။ သူ့ဘက်မှ အကျိုးအမြတ် ပေးချင်စိတ် ရှိနေသရွေ့ ယွမ်ဟိုင်နယ်ပယ် ကာကွယ်သူများကို စုဆောင်း နိုင်သေးသည်။

"အစ်ကိုကျို၊ ဒီတစ်ကြိမ် ပျော်ရွှင်စရာ ကောင်းတဲ့ ပူပေါင်း ဆောင်ရွက်မှုအတွက် ဆုတောင်းပါတယ်..."

"ပျော်ရွှင်စွာ ပူပေါင်း ဆောင်းရွက်ကြမယ်..."

ကျိုဝူချန်နှင့် ရှောင်ဝမ်ချန်တို့က တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး အော်ဟစ်လိုက်ကြသည်။ ရှောင်မိသားစု ခေါင်းဆောင်က မရောက်လာသေးပေ။ သူက ရှောင်မိသားစု ခေါင်းဆောင် ဖြစ်နေသဖြင့် ဒီဘက်ခြမ်းတွင် အချိန်ပြည့် လာနေရန် မဖြစ်နိုင်ပေ။

ကူချမ်ချင်း ထွက်သွားမှုကလည်း ရုတ်တရက် အလောတကြီး ဖြစ်ပွားသွားခြင်း ဖြစ်ပြီး ထိုတာဝန်ကိုလည်း အားခြင်း ထုတ်ပြန်ခဲ့ခြင်း

ဖြစ်သည်။ ထို့ကြောင့် ရှောင်ထမ်ကျူက လာချင်သော်လည်း နောက်ကျ သွားခဲ့သည်။

ရှောင်ထမ်ကျူ မလာခဲ့လျှင်ပင် ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာ အင်အားစု နှစ်ခု ပူးပေါင်းခြင်းက အလွန် အစွမ်းထက်နေပြီ ဖြစ်သည်။ သူတို့ အားလုံးက ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်များ မဟုတ်သော်လည်း ယွမ်ဒန် နယ်ပယ် တိုက်ခိုက်ရေး အစွမ်းမျိုး မထုတ်ဖော်နိုင်ဘူးဟု မဆိုလိုပေ။

.....

"အဘိုး....... ဒီတာဝန်က ထောင်ချောက်လား...."

ဟန်ရှီဟောင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

ဟန်ရှီဟောင်နှင့် ဟန်ဝမ်ထန်တို့က ချမ်ဂျူး မြို့တွင် လဝက်ကြာအောင် လာနေခဲ့သော်လည်း အခွင့်အရေး လုံးဝ မရခဲ့ပေ။

ထိုကာလအတွင်း ချင်ယန်တို့ အဖွဲ့က ချမ်ဂျူး အကာယ်ဒမီထဲမှ လုံးဝ မထွက်ခဲ့ပေ။

သွေးနတ်ဘုရား ဂူသခင် ဟန်ဝမ်ထန် ကိုယ်တိုင် လာခဲ့ခြင်း ဖြစ်သဖြင့် သူနှင့်အတူ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်၊ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အယောက် (၂၀) ကျော် ပါလာခဲ့သည်။ သို့သော် ထိုအင်အားနှင့် ချင်ယန်ကို သတ်ဖြတ်ရန် ချမ်ဂျူး အကယ်ဒမီထဲ ဝင်သွားမည် ဆိုပါက သွားသေခြင်းသာ ဖြစ်လိမ့်မည်။

ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က ချင်ယန်၏ ရန်သူများ ဖြစ်ကြသည် ဆိုသော်လည်း အမှောင်ထဲမှ တိတ်တဆိတ် လှုပ်ရှားနေကြခြင်း

ဖြစ်သည်။ ဟန်ဝမ်ထန်တို့ အဖွဲ့က ချင်ယန်ကို သတ်ဖြတ်ရန် ချမ်ဂျူး အကယ်ဒမီထဲသို့ အတင်း အဓမ္မ ထိုးဖောက် ဝင်ရောက်သွားမည် ဆိုပါက အသက်ရှင်စရာ အကြောင်း လုံးဝ မရှိပေ။

ချမ်ဂျူး အကယ်ဒမီထဲတွင် အဆင့်(၆) အစောင့်အရှောက် မွန်းစတား အပင်များက တစ်ပင်၊ နှစ်ပင် မကဘဲ အများကြီး ရှိနေပြီး အဆင့် (၇) အစောင့်အရှောက် မွန်စတား အပင်များပင် ရှိနေနိုင်ကြောင်း ဟန်ဝမ်ထန်က သိထားသည်။

ပုံမှန်အားဖြင့် ဆိုလျှင် အစောင့်အရှောက် မွန်းစတားပင်များက မလှုပ်ရှား နိုင်သော်လည်း ရန်သူများ တိုက်ခိုက်လာသော အခါ ပြင်းပြင်းထန်ထန် ပြန်လည် တိုက်ခိုက်တတ်ကြသည်။

ထို့အပြင် ချမ်ဂျူး အကယ်ဒမီတွင် တန်ခိုးရှင် အများကြီး ရှိနေသေးသည်။

"မဖြစ်နိုင်ဘူး..."

ဟန်ဝမ်ထန်က ခေါင်းခါလိုက်သည်။ သူ ရရှိထားသော သတင်းများအရ အဆင့် (၇) ဆေးဆရာ

တစ်ယောက်က ချမ်ဂျူး ကျွန်းဆွယ်ကို ရောက်လာခဲ့သဖြင့် ကူချမ်ချင်းက အမှန်တကယ် ထွက်သွားသည်။ ထိုကဲ့သို့ အခြေအနေတွင် ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က ချင်ယန်ကို သတ်ဖြတ်ရန် ကြံစည်ကြခြင်းက ပုံမှန်သာ ဖြစ်သည်။

"အဘိုး… လှုပ်ရှားတဲ့ အချိန်ကျရင် ပိုသတိထားရမယ်။ တကယ်လို့ ကူချမ်ချင်း ရှိနေရင် ဒုက္ခရောက်လိမ့်မယ်…"

ဟန်ရှီဟောင်က ပြောလိုက်သည်။

ဟန်ဝမ်ထန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

အမှောင်ညက တိတ်တဆိတ် ဖြတ်သန်းပြီး အလွန် အေးချမ်း နေခဲ့သည်။ ထိုအေးချမ်းမှု၏ နောက်ကွယ်တွင် အလွန် ကြီးမားသော ဘေးဒုက္ခကြီးတစ်ခု ရောက်လာတော့မည်ကို ချင်ယန်က သိနေသည်။

ချင်ယန်ပင် ယခု တစ်ကြိမ်အတွက် ယုံကြည်မှု အပြည့်အဝ မရှိပေ။

သို့သော်လည်း ယခု တစ်ကြိမ် စစ်ဆင်ရေးတွင် သေချာပေါက် ပါဝင် ရလိမ့်မည်။

ထိုကဲ့သို့ မဟုတ်ပါက ချမ်ဂျူး အကယ်ဒမီမှ အထုတ်ခံရပြီး ပိုမို ဒုက္ခ ရောက်သွားလိမ့်မည်။

## အခန်း(၂၇၂) - မွန်းစတား သုတ္တန်

"မဟာသခင်ချင်၊ ဒီတစ်ကြိမ် ကယ်ဆယ်ရေးမှာ ရွှေတံဆိပ် နည်းပြက မင်းတစ်ယောက်တည်းပဲ ပါတယ် မင်းက တိုက်ခိုက်ရေး ရွှေတံဆိပ် နည်းပြ မဟုတ်ပေမဲ့ ဒီတစ်ကြိမ်မှာ မင်းက အဓိက ခေါင်းဆောင်ပဲ...."

ချင်ယန်ရှေ့မှ လူက ပြောလိုက်သည်။

သူက ပင်မ အကြီးအကဲ တစ်ယောက် ဖြစ်ပြီး ထောင်ကွမ်ယွီ အဖွဲ့ကလား၊ ရန်ခွန် အဖွဲ့ကလားဆိုသည်ကို ချင်ယန်လည်း မသိပေ။

'ဟွန့်...'

ချင်ယန်က အေးစက်စွာ နှာခေါင်း တစ်ချက်ရှုံ့ လိုက်သည်။ သူ့ကို ခေါင်းဆောင် တင်ခြင်းက ကောင်းမွန်သော ကိစ္စ မဟုတ်ပေ။ တစ်ခုခု ဖြစ်သွားသည်နှင့် သူသာ တာဝန်ယူရလိမ့်မည်။

ဒီတစ်ကြိမ် ခေါ်သွားရမည့် ကျောင်းသားများက ကျောင်းသား အသစ်များထဲတွင် ထူးချွန်သူများဟု

ပြောနိုင်ပြီး လူ အရေအတွက် တစ်ဒါဇင်ကျော်ခန့် ရှိသည်။

မတော်တဆမှုကြောင့် တစ်ယောက်စ၊ နှစ်ယောက်စ သေဆုံးသွားလျှင် လက်ခံနိုင်သေးသည်။ အကယ်၍ အများကြီး သေဆုံးသွားမည်ဆိုပါက ဦးဆောင်သော နည်းပြက အထုတ်မခံရလျှင်ပင် ရွှေတံဆိပ် နည်းပြ ထပ်မဖြစ်တော့မည်ကို ကြောက်ရသည်။

"နည်းပြလျို၊ နည်းပြပေါင်၊ မဟာသခင်ချင်ရဲ့ အမြင်ကို နားထောင် ကြည့်ပါအုံး..."

ထို အကြီးအကဲက ယခု တစ်ကြိမ် စစ်ဆင်ရေးတွင် ပါလာသည့် နည်းပြ နှစ်ယောက်ကို ကြည့်ပြီး ပြောလိုက်သည်။ ထိုနည်းပြ နှစ်ယောက်၏ မျက်နှာအမူအရာက မယား လင်ငယ်နောက် လိုက်သွားသော ယောကျ်ားကဲ့သို့ ညှိုးငယ် နေကြသည်။

"ဟုတ်..."

ထိုးနည်းပြ နှစ်ယောက်က ခေါင်းညိတ် လိုက်ကြသည်။ ယခု တစ်ကြိမ်တွင် သူတို့က

မသွားချင်သော်လည်း ငွေတံဆိပ် နည်းပြများသာ ဖြစ်နေကြသည်။

အကယ်၍ အစီအစဉ်ကို သူတို့က မလိုက်နာဘူး ဆိုပါက လူထုအမြင်နှင့် ထောင်ကွမ်ယွီတို့၏ အမြင်ကို ထည့်သွင်း မစဉ်းစားလျှင်ပင် သူတို့ရှေ့တွင် ရှိနေသော ပင်မ အကြီးအကဲက သူတို့ကို မသေ၊ သေအောင် လုပ်ပေးနိုင်သည်။

"မဟာသခင်ချင်.... မင်းတို့ အားလုံးက ထူးချွန်တဲ့ နည်းပြတွေပါ....။ မင်းတို့ ခေါ်သွားမယ့် ကျောင်းသားတွေကလည်း အကောင်းဆုံး

ကျောင်းသားတွေပဲ။ အောင်မြင်ပါစေလို့ ဆုတောင်း ပေးပါတယ်....”

ချင်ယန် ရှေ့မှ အကြီးအကဲက စကား ပြောပြီးနောက် ထွက်ခွာသွားသည်။ သူက သူ့အမြင်ကို ထုတ်ပြောပြရန်ပင် စိတ်မပါတော့ချေ။ သူ့အမြင်တွင် ချင်ယန်နှင့် အခြားသူများက သေဆုံးနေပြီ ဖြစ်သည်။

ချင်ယန် တစ်ယောက်တည်း သာမက နည်းပြ အားလုံးနှင့် ကျောင်းသား အားလုံးက သေဆုံး ရလိမ့်မည်။

ချင်ယန်က ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့၏ သုတ်သင် ရှင်းလင်းရေး ပစ်မှတ် ဖြစ်နေပြီး နည်းပြ နှစ်ယောက်ကလည်း လူကြိုက် မများသည့် အမျိုးအစားထဲ ပါဝင်နေသည်။

“မဟာသခင်ချင်.. ငါက ရှီလောင်ကျန်း... ယွမ်ဟူနယ်ပယ် အဆင့် (၆)..”

“ပေါင်ရန်...”

နည်းပြ နှစ်ယောက်ထဲတွင် ရှီလောင်ကျန်း၏ မိတ်ဆက်ပုံက အနည်းငယ် ကောင်းမွန်ပြီး ပေါင်ရန်၏ သဘောထားက အေးစက် လွန်းလှသည်။

သူက အခြားလူများကို ပိုးစိုးပက်စက် သွားဆဲလျှင်ပင် ဤမျှ ဒုက္ခ မရောက်နိုင်ဘူးဟု ပေါင်ရန်က ယုံကြည်နေသည်။

ဒီတစ်ကြိမ် သွားရမည့် ခရီးက ပြန်လမ်းမဲ့ခရီး ဖြစ်နေသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်….

“ကျောင်းသားတွေကို စုလိုက်ပါ.. သွားကြစို့…”

မကြာခင် ချင်ယန်နှင့် အခြားလူများက ကျောင်းသားများ စုဝေးနေသည့် နေရာသို့

ရောက်လာကြသည်။ ကျောင်းသား အများစုကမူ နည်းပြ ဖြစ်သည့် ရှီလောင်ကျန်း၊ ပေါင်ရန်တို့နှင့် မတူဘဲ အလွန် စိတ်လှုပ်ရှား နေကြသည်။

အဖွဲ့ကို ဦးဆောင်သောလူက ကြီးမြတ်သော မဟာသခင် ချင်ယန် ဖြစ်နေသည့် အချက်ကြောင့် မဟုတ်ဘဲ အဖွဲ့ထဲတွင် အလွန် လှပသော မိန်းကလေးများ ပါဝင် နေသောကြောင့် ဖြစ်သည်။

အဖွဲ့ထဲတွင် ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့ မိန်းကလေး သုံးယောက်အပြင် အခြား မိန်းကလေး လေးယောက်လည်း

ရှိနေသေးသည်။ သူမတို့ အားလုံးက တော်တော်လေး ကြည့်ကောင်း ကြသည်။

ကျောင်းသူ ခုနှစ်ယောက်၊ ကျောင်းသား ရှစ်ယောက်ရှိသည်။

ထို့ကြောင့် အဖွဲ့ထဲတွင် နည်းပြ သုံးယောက်နှင့် ကျောင်းသား (၁၅) ယောက် ပါဝင်နေသည်။

"နည်းပြ သုံးယောက် မင်္ဂလာပါ....."

ချင်ယန်တို့ သုံးယောက် ရောက်လာသည်ကို မြင်လျှင် ကျောင်းသား အများစုက ချက်ချင်း

အရိုအသေ ပေးကြသည်။ သို့သော် သုံးယောက်ကမူ အရိုအသေ မပေးကြပေ။ သူတို့က ချင်ယန်တို့ သုံးယောက်ကို လုံးဝ လျစ်လျူရှုထားပြီး သူတို့၏ မျက်လုံးများက ရှောင်ကျူဝမ်နှင့် မိန်းမလှလေးများ အပေါ်မှာသာ ရောက်ရှိ နေကြသည်။

ချင်ယန်က ကြိတ်ပြီး မျက်မှောင် ကြုတ်သွား၏။

ကျောင်းသားက စုစုပေါင်း (၁၅)ယောက် ရှိပြီး ရှောင်ကျူဝမ်တို့ သုံးယောက်ကို ဖယ်လိုက်ပါက (၁၂)ယောက်သာ ရှိသည်။

ထို (၁၂) ယောက်ထဲတွင် ပြဿနာ မီးမွှေးမည့် ကျောင်းသား သုံးယောက်က ပါနေသေးသည်။

ဒါက ကောင်းသည့် ကိစ္စ မဟုတ်ပေ။

ချင်ယန် ပေါ်လာသည့် အချိန်မှာပင် ရှောင်ကျူဝမ်နှင့် အခြားလူများကို စေ့စေ့စပ်စပ် ကြည့်ပြီး ခံစား နေသေးသည်။ ထိုကျောင်းသား သုံးယောက်က သူတို့ကို သိလိမ့်မည်ဟု ချင်ယန်က ယုံကြည်သည်။

ကြီးမြတ်သော မဟာသခင် တစ်ယောက်၊ ရွှေတံဆိပ် နည်းပြ တစ်ယောက်ရှေ့တွင် ယခုကဲ့သို့

အပြုအမူမျိုးကို သာမန် အင်အားစုမှ မည်သူက ပြုမူရဲမည်နည်း.....

ပြဿနာ မီးမွှေးမည့် ထိုကျောင်းသား သုံးယောက် လာခဲ့သည့် အရပ်က မရိုးရှင်းကြောင်း သိသာ ထင်ရှားလွန်းနေသည်။

အခြား စကားနှင့် ပြောရမည် ဆိုလျှင် ယခု စစ်ဆင်ရေးထဲတွင် ထိုကျောင်းသား သုံးယောက် သေဆုံး သွားမည် ဆိုပါက ချင်ယန်အတွက် ဖိအား ပိုများ လာလိမ့်မည်။ ဒါသည် အကယ်ဒမီက ထုတ်ပေးနေကျ စစ်ဆင်ရေး ဖြစ်သဖြင့် သူတို့

မိသားစုများက ချမ်ဂျူး အကယ်ဒမီကို ပြဿနာရှာရန် မဖြစ်နိုင်ပေ။ သူတို့တွင် သတ္တိ မရှိပေ။

သို့သော် ထိုအချိန်တွင် ချင်ယန်သာ အသက်ရှင်နေအုံးမည် ဆိုပါက သေချာပေါက် ချင်ယန်ကို ပြဿနာ ရှာလိမ့်မည်။

"လူယုတ်မာ...."

ချင်ယန်က စိတ်ထဲမှာ အော်ဆဲလိုက်သည်။ ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က အမုန်တကယ်ကို စေ့စေ့စပ်စပ် စီစဉ်ထားသည်။

အကယ်၍ တစ်ခုခု ဖြစ်ပြီး ချင်ယန်ဘက်က စပြေးခဲ့မည် ဆိုလျှင် ကျောင်းသားများကို သေချာပေါက် သတ်ပစ်လိမ့်မည်။ အချိန်တန်ပါက သူတို့ မိသားစုများက ပြဿနာ လာရှာပြီး လူထု၏ အမြင်ကို ဒေါသများ ဆူပွက်လာအောင် သွေးထိုးလှုံ့ဆော် ကြလိမ့်မည်။ ထိုအခါ ချင်ယန်က ချမ်ဂျူး အကယ်ဒမီမှ သေချာပေါက် ထွက်သွား ရလိမ့်မည်။

"မဟာသခင်ချင်... ထွက်သွား တော့မှာလား..."

ရှီလောင်ကျန်းက မေးလိုက်သည်။

ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။

မကြာခင် ချင်ယန်တို့နှင့် ကျောင်းသားများ ကြီးမားသော တိမ်ငန်းကြီး တစ်ကောင်ပေါ် ရောက်လာကြသည်။ ဒါသည် ချမ်ဂျူး အကယ်ဒမီက ပိုင်ဆိုင်သည် အဆင့် (၅) တိမ်ငန်းကြီးပင်....

တိမ်ငန်းကြီးက ကောင်းကင်ပေါ် လျင်မြန်စွာ ပျံတက်သွားသည်။

"နည်းပြ သုံးယောက်..... မင်းတို့က အလုပ်ကောင်းကောင်း လုပ်မှာ မဟုတ်လား..... ငါ့အဖွဲ့က ဘယ်လိုလဲ...."

ပိုးသား အင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေး တစ်ယောက်က လှမ်း ပြောလိုက်သည်။ သူက ပြဿနာ မီးမွှေးမည့် ကျောင်းသား သုံးယောက်ထဲမှ တစ်ယောက်ပင်..

ချင်ယန်က ပိုးသား အင်္ကျီ ဝတ်ဆင်ထးသော လူငယ်လေးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဒီကောင်၏ စိတ်ထဲတွင် သတ်ဖြတ်ချင်သည့် ရည်ရွယ်ချက် အမှန်တကယ် ရှိနေသည်။ ထိုသတ်ဖြတ်ခြင်း ရည်ရွယ်ချက်ကလည်း သူ့ကို ပစ်မှတ် ထားနေသည်။

"ဒီလို မလုပ်ဘူး...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ပိုးသား အင်္ကျီ ဝတ်ဆင်ထားသော လူငယ်လေးက အေးစက်သော လေသံနှင့်....

"မဟာသခင်ချင်... ငါတို့တွေ ကိုယ့်ကိုယ်ကိုယ် မိတ်မဆက် ရသေးဘူး။ အခု ငါ့ဘာသာငါ မိတ်ဆက်ပေးမယ်....။ ငါက မိုးကြိုးဗုံး အင်ပါယာက မင်းသား (၈) ပဲ....။ ငါ့ အစ်ကိုတော်နဲ့ မင်းသား (၄)ကို မင်းရဲ့ အိမ်ဖော်နှစ်ယောက်က လူကြားထဲမှာ ငြင်းခဲ့တယ်လေ။ ဒါပေမဲ့

အခုကြည့်ရတာ မဟာသခင်ချင်က ငါတို့ မိုးကြိုးဖုံး အင်ပါယာထက် ပိုသန်မာတဲ့ ပုံစံလည်း မရှိပါဘူး...”

“ငါတို့ မိုးကြိုးဖုံး အင်ပါယာက တည်ရှိလာတာ နှစ်ပေါင်း ခုနှစ်ရာ၊ ရှစ်ရာလောက် ရှိနေပြီ....”

ရှီလောင်ကျန်းက အသံပို့လွှတ်ပြီး.....

“မဟာသခင်ချင်၊ လဲ့လောင်က လဲ့ပင်းရဲ့ ညီပါ။ ဒီကောင်က စည်းမရှိ ကမ်းမရှိတဲ့ ကောင်။ ဥပဒေ မလိုက်နာသလို ကိုယ်ကျင့် တရားလည်း မကောင်းဘူး....”

ချင်ယန်က  တည်ငြိမ်သော လေသံနှင့်.....

“ဒီအဖွဲ့ထဲမှာ မင်းအပါအဝင် လူတိုင်းက ငါ့စကား နားထောင်ရမယ်”

လဲ့လောင်က ဒေါသထွက်ပြီး သူ့စိတ်ထဲမှ သတ်ဖြတ်ခြင်း ရည်ရွယ်ချက်က မြင့်တက်လာသည်ကို ချင်ယန်က သိသိသာသာ ခံစားလိုက်ရသည်။

‘ခွေးမသား  နေနှင့်အုံးပေါ့....’

‘ ဒီတစ်ကြိမ် တာဝန်က ဒီကောင့်ကို သတ်ဖို့။ အချိန်တန်ရင် ရှောင်ကျူဝမ်နဲ့ တခြားလူတွေက ငါ့အပိုင် ဖြစ်လာလိမ့်မယ်.....”

လဲ့လောင်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပနေသည်။ တစ်ချိန်တုန်းက အနိဋ္ဌာရုံ တူနှစ်ကိုယ် ကျင့်စဉ်ကို ရရှိခဲ့သည်။ ပင်ကိုယ်ပါရမီ သန်မာသော အမျိုးသမီး တစ်ယောက်နှင့် အနိဋ္ဌာရုံ တူနှစ်ကိုယ် ကျင့်စဉ်ကို ကျင့်ကြံလိုက်မည် ဆိုပါက ထို အမျိုးသမီးထံမှ အကျိုးအမြတ် အများကြီး ရရှိနိုင်သည်။

အကယ်၍ ရှောင်ကျူဝမ်တို့ မိန်းကလေးအဖွဲ့နှင့် တူနှစ်ကိုယ် ကျင့်စဉ် ကျင့်ကြံလိုက်မည်ဆိုပါက သူ၏ ပင်ကိုယ်ပါရမီက အများကြီး မြင့်တက်လာလိမ့်မည်ဟု လဲ့လောင်က ယုံကြည်နေသည်။ အချိန်တန်ပါက ထီးနန်းကလည်း သူ့အပိုင်ဖြစ်လာလိမ့်မည်။

"ဒါက ကြီးမြတ်သော မဟာသခင်တဲ့လား...."

"စည်းတံဆိပ် သန့်စင်တဲ့ နေရာမှာ အစွမ်းထက်လည်း အသက် တစ်ချောင်းပဲ ရှိပါတယ်..."

ဤ၂တစ်ကြိမ်တွင် လဲ့လောင်က စိတ်ထဲမှ လှောင်ပြောင် နေသည်။ သူက ဒီတာဝန်အတွက် အများကြီး ကြို၊တင် ပြင်ဆင်ထားခဲ့သည်။

လဲ့လောင်က မိုးကြိုးဖုံး အင်ပါယာမှ မင်းသား (၈) ဖြစ်သော်လည်း မည်သူ့ကိုမှ မယုံပေ။ ချင်ယန်ကို သူကိုယ်တိုင် သတ်ပစ်မည်။ အကယ်၍ သက်သေ မကျန်ခဲ့ပါက သူက အေးအေးဆေးဆေး ပြန်သွားရုံသာ ရှိသည်။

အကျိုးအမြတ်များ လုံလောက်နေသည့် ကာလပတ်လုံး ရင်းရသည်မှာ ထိုက်တန်သည်။

အချိန်များ ရွေ့ရွေ့ ကုန်ဆုံးနေပြီး တိမ်ငန်းက လျှင်မြန်စွာ ပျံသန်းနေသည်။

သို့သော် ကီလိုမီတာ ငါးထောင်ဟူသော အကွာအဝေးက နီးသည့် ခရီးစဉ် တစ်ခု မဟုတ်သဖြင့် နာရီအနည်းငယ် အချိန်ယူရသည်။

လေးနာရီကျော် ကြာသွားသည်။

ချင်ယန်က သက်ပြင်း ချလိုက်သည်။

ချင်ယန်ထံမှ အလွန် အစွမ်းထက်သော အော်ရာ ထွက်ပေါ်လာခြင်း မရှိသော်လည်း ချင်ယန်၏

ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၉) သို့ တက်လှမ်း သွားခဲ့သည်။

ချင်ယန်က နတ်ဆိုးထိန်း လက်စွပ်၏ ထိန်းချုပ်မှု အခြေအနေကို စစ်ဆေးပြီး နတ်ဆိုးထိန်း လက်စွပ်ထဲကို ကြည့်လိုက်ရာ ငွေရောင် ဝံပုလွေ ဘုရင်က ယွမ်ဒန်နယ်ပယ် အဆင့် (၆) သို့ တက်လှမ်းတော့မည်။

မနေ့ညက ချင်ယန်သည် ငွေရောင် ဝံပုလွေအပေါ် ထိန်းချုပ်မှုကို ဖြေလျှော့ပေးပြီး အဆင့် တက်လှမ်းခွင့် ပေးထားခဲ့သည်။ ငွေရောင်

ဝံပုလွေဘုရင်သည် ယခင် ကတည်းက အဆင့်တက်ရန် ခွန်အား ရှိနေပြီးသား ဖြစ်ပြီး ချင်ယန်ကြောင့် အတင်း ဖိနှိပ် ထားခဲ့ရခြင်း ဖြစ်သည်။

မနေ့ည ကတည်းက ငွေရောင် ဝံပုလွေဘုရင်သည် ယွမ်ဒန် နယ်ပယ် အဆင့် (၂) ကို အလွယ်တကူ တက်လှမ်း သွားခဲ့သည်။ နောက်ပိုင်း ၎င်း ခန္ဓာကိုယ်ထဲရှိ နတ်ဆိုးဆေးလုံးကြောင့် ၎င်း ခန္ဓာကိုယ်က လျင်မြန်စွာ သန်မာ လာခဲ့သည်။

ဒီကာလ အတွင်းတွင် ငွေရောင် ဝံပုလွေဘုရင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တော်တော်များများကို မြို့ချခဲ့ပြီး ၎င်း ခန္ဓာကိုယ်ထဲတွင် စွမ်းအင်များကို စုဆောင်း ထားခဲ့သည်။

"ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက ယွမ်ဒန် နယ်ပယ် ရောက်တော့မှာပဲ။ ဒါပေမဲ့ အမြန်ဆုံး ဆိုရင်တောင် မနက်ဖြန်မှ ဖြစ်လိမ့်မယ်...."

ချင်ယန်က စိတ်ထဲမှ တိတ်တိတ်လေး ပြောလိုက်သည်။

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်၊ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးနှင့် မိုးကြိုး ဖားနှစ်ကောင်တို့ကို နတ်ဆိုးသားရဲ အထူး ကျင့်ကြံခြင်း ကျင့်စဉ် ပေးအပ် ထားခဲ့သည်။

ထိုကျင့်ကြံခြင်း ကျင့်စဉ်တွင် ရိုးရှင်းသော နာမည်တစ်ခု ရှိသည်။

မွန်းစတား သုတ္တန်.....

ထိုကျင့်စဉ်က နတ်ဆိုးသားရဲ တစ်ကောင်ကို မွန်စတား ဧကရာဇ် ဖြစ်သည်အထိ ကျင့်ကြံနိုင်သော ကျင့်စဉ် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျင့်စဉ်

လေ့ကျင့်နေသည်နှင့် အမျှ နတ်ဆိုးသားရဲ၏ ဉာဏ်ရည်ကို မြင့်တက် စေနိုင်သည်။

ချင်ယန်သည် လွန်ခဲ့သော တစ်လက ထိုကျင့်စဉ်ကို ပေးခဲ့ခြင်းဖြစ်ပြီး ယခုလထဲတွင် သူတို့၏ ကျင့်ကြံခြင်းအဆင့် တိုးတက်မှုကို ကန့်သတ်ထားသော်လည်း သူတို့၏ ကျင့်ကြံခြင်း ကျင့်စဉ် တိုးတက်မှုက ကောင်းမွန်နေဆဲ ဖြစ်ပြီး သူတို့၏ ဉာဏ်ရည်ကလည်း တိုးတက် လာခဲ့သည်။

"ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက ယွမ်ဒန် နယ်ပယ် ခပ်မြန်မြန် တက်ရမယ်....."

ချင်ယန်က ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၇) ရှိရာမှ ယခုအခါ ယွမ်ဟူ နယ်ပယ် အဆင့် (၉) သို့ ရောက်နေပြီ။ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက အဆင့် တက်သွားလျှင်ပင် ချင်ယန်က တောင့်ခံနိုင်သေးသည်။

ထို့အပြင် ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီး၏ ဉာဏ်ရည်ကလည်း အနည်းငယ် တိုးတက်လာခဲ့သည်။ ချင်ယန်က သူ့ကို

မထိန်းချုပ်နိုင်လျှင်ပင် ရုန်းမထွက် လောက်ဘူးဟု ယုံကြည်နေသည်။

ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက မွန်စတား သုတ္တန်ကို လေ့ကျင့်ပြီးပါက အကျိုး ကျေးဇူးများကို အမှန်တကယ် ခံစားမိလိမ့်မည်။ ချင်ယန်က ကျင့်စဉ် တစ်ခုလုံး ပေးအပ်ထားခြင်း မဟုတ်ပေ။ အကယ်၍ အနာဂါတ်တွင် သူတို့က သစ္စာဖောက် သွားမည်ဆိုပါက အနာဂါတ်တွင် ထိုကျင့်ကြံခြင်း ကျင့်စဉ်က သေချာပေါက် ပျောက်ကွယ် သွားလိမ့်မည်။

"ဝေါင်း...."

နတ်ဆိုးထိန်း လက်စွပ်ထဲတွင် ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက လမ်းညွှန်မှုကို ရရှိကြောင်း အချက်ပြသည့် အနေဖြင့် ပြန်လည် ဟိန်းဟောက်လိုက်သည်။ ၎င်းက အပြင်းအထန် လေ့ကျင့်နေပြီး ၎င်း ခန္ဓာကိုယ်ထဲတွင် ယွမ်ချီများက ပြင်းထန်စွာ စီးဆင်းနေသည်နှင့် အမျှ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက တိုးတက် ကောင်းမွန် လာနေသည်။

နတ်ဆိုး သားရဲများက အဆင့်မြင့်တက်ရာတွင် တစ်ဆို့ခြင်း လုံးဝ မရှိကြပေ။ ယခုအခါ ကျင့်စဥ်များကို လေ့ကျင့်နေပြီ ဖြစ်သောကြောင့် ပိုမို လွယ်ကူ လာကြသည်။

ရှီလောင်ကျန်းက မျက်လုံးဖွင့်ပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်ကာ......

"မဟာသခင်ချင်...... နောက်ထပ် နာရီဝက်ကြာရင် ငါတို့ သွားချင်တဲ့ နေရာရောက်ပြီ..."

## အခန်း(၂၇၃) - အန္တရာယ်တွင်းထဲ ဆင်းသက်ခြင်း

"နည်းပြ ရှီ… အရှေ့မှာ မြို့တစ်မြို့ ရှိတယ်…. ခပ်နိမ့်နိမ့် ပျံလိုက်ပါ.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှီလောင်ကျန်းသည် ချင်ယန်က ဘာကြောင့် ပြောလည်း ဆိုသည်ကို စဉ်းစား မရသော်လည်း တိမ်ငန်းက ထိန်းချုပ်ပြီး ပျံသန်းနေသည့် အမြင့်ကို ချက်ချင်း နိမ့်ချလိုက်သည်။ သူက သားရဲသခင်

တစ်ယောက် မဟုတ်သော်လည်း ချမ်ဂျူး အကယ်ဒမီမှ မိုးပျံသားရဲများကို အထူး လေ့ကျင့်ပေးထားခြင်း ဖြစ်သဖြင့် အလွယ်တကူ ထိန်းချုပ် နိုင်ကြသည်။

သိပ်မကြာခင် တိမ်းငန်းက မြေပြင်မှ ဆယ်မီတာ မြင့်သည့်တိုင်အောင် နိမ့်ချပြီး ပျံသန်း လာခဲ့သည်။

"နည်းပြရှီ၊ နည်းပြပေါင်... မင်းတို့ လူတချို့ ခေါ်သွားပြီး ချူချမ်ကို သွားပြီး စုံစမ်းလိုက်.... ငါက သူတို့ကို ပစ်မှတ် နေရာဆီ ခေါ်သွားလိုက်မယ်...."

ချင်ယန်က ပြောလိုက်သည်။

ရှီလောင်ကျန်း၏ မျက်နှာပေါ်တွင် ထိတ်လန့်နေသော အမူအရာများ ပေါ်လာပြီး....

"နည်းပြချင်.. ဒါက မကောင်းဘူး ထင်တယ်...."

အမှန်တကယ်ဆို ရှီလောင်ကျန်းနှင့် ပေါင်ရန်က စိတ်ထဲ၌ အလွန် ပျော်နေကြသည်။ သူတို့ ဒီနေရာတွင် ဆင်းပြီး ချင်ယန်နှင့် လမ်းခွဲရမည် ဆိုပါက အသက်ရှင်နိုင်မည့် အခွင့်အရေး ပိုများ လာလိမ့်မည်။ ကျောင်းသား အများစုက ချင်ယန်နှင့် ထောင်ကွမ်ယွီ၊ ရန်ခွန်တို့ကြားက ပြဿနာကို

မသိကြပေ။ ရှီလောင်ကျန်းနှင့် ပေါင်ရန်တို့ကမူ နည်းပြများ ဖြစ်နေကြသဖြင့် သိနေကြသည်။

"ငါက ဒီစစ်ဆင်းရေးရဲ့ တာဝန်ခံပဲ.. ငါ့ စကားကို နားထောင်ပါ....."

"ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နဲ့ ရှန်းယုလင်းတို့က နေခဲ့.... ကျန်တဲ့လူတွေက အောက်ဆင်း...."

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

လဲ့ချီရှမ်( လဲ့လောင်) က ရုတ်တရက် စိုးရိမ်သွားသည်။ သူက ချင်ယန်တို့ကို သတ်ပစ်ချင်သော်လည်း ချင်ယန်က ရှောင်ကျူဝမ်နှင့် အခြားလူများကို ခေါ်ပြီး ထွက်သွားတော့မည်။ ချင်ယန်တို့သာ ထွက်သွားမည် ဆိုပါက သူက မည်ကဲ့သို့ လုပ်ရမည်နည်း.....

"မဟာသခင်ချင်... မင်း အဝေးတော့ ထွက်ပြေးသွားမှာ မဟုတ်ပါဘူးနော်...."

"နည်းပြ ရှီ၊ မင်း ဆင်းချင်ရင်ဆင်း... ငါကတော့ မဆင်းဘူး။ ငါက စစ်ဆင်းရေး အောင်မြင်အောင် လုပ်ဖို့ ဒီကို လာခဲ့တာ....."

"ဒီနေရာက ငါတို့ သွားမယ့် နေရာနဲ့ နာရီဝက်လောက် ဝေးသေးတယ်။ ဒီနေရာမှာ ဆင်းလိုက်မယ်ဆိုရင် သတင်းစုံစမ်းဖို့ နှေးကွေး သွားလိမ့်မယ်။ ပစ်မှတ်ဘက်မှာရှိတဲ့ နတ်ဆိုးသားရဲ အကြောင်းကို မသိမှာ ကြောက်မိတယ်...."

လဲ့ချီရွှမ်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

လှဲချီရွှမ်က အမှန်တကယ်ကို တဇွတ်ထိုး လုပ်နေသဖြင့် ရှီလောင်ကျန်းနှင့် ပေါင်ရန်တို့က စိတ် အနှောက်အယှက် ဖြစ်နေကြသည်။

'မင်းက မိုးကြိုးဗုံး အင်ပါယာက မင်းသား (၈) ဖြစ်နေလို့ ဘယ်သူမှ မသတ်ရဲဘူးလို့ အမှန်တကယ် ထင်နေတာလား.....။ တကယ်လို့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ ရောက်နေရင် မင်းကို ညှာတာနေမှာ မဟုတ်ဘူး...'

"ဟုတ်တယ် မဆင်းဘူး...."

"ငါတို့က ဒီကို စစ်ဆင်ရေး လုပ်ဖို့လာတာ...... အားအားယားယား လာတာ မဟုတ်ဘူး..."

ကျန်သည့် ပြဿနာမွေးမည့် ကျောင်းသား နှစ်ယောက်ကလည်း ပြောလိုက်ကြသည်။ သူတို့က အမြဲတမ်း နိုင်လိုမင်းထက် ပြုမူလာခဲ့ကြသဖြင့် ဒီစစ်ဆင်ရေးက မည့်မျှ ကြောက်စရာ ကောင်းကြောင်း မသိကြပေ။ အင်အားကြီးမားသော မိသားစုကြီးမှ မျိုးဆက်များ အနေဖြင့် သူတို့က ချင်ယန်နှင့် လက်ထောက် နန်းတော်မှူး နှစ်ယောက်ကြားက ပြဿနာကို အနည်းငယ်ကို

သိကြသော်လည်း ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က ချင်ယန်ကို ကိုင်တွယ်လျှင်ပင် သူတို့ကို ဘာမှ မလုပ်ဘူးဟု ထင်နေကြသည်။

သွေးနတ်ဘုရားဂူနှင့် ပက်သက်လျှင်မူ.......

သူတို့ကဲ့သို့ လူငယ်များက ထိုကိစ္စများနှင့် အဆက်အစပ် သိပ်မရှိကြချေ။ သွေးနတ်ဘုရား ဂူမှ ခွန်အား နည်းပါးသည့် လူများက ချမ်ဂျူး ကျွန်းဆွယ်တွင် တိတ်တဆိတ် လှုပ်ရှား နေကြသည်။ သန်မာသော လူများကလည်း သူတို့

အတိုင်းအတာနှင့် သူတို့ လှုပ်ရှား နေကြသောကြောင့် သာမန်လူများက မသိကြပေ။

အခြားတစ်ချက်မှာ လုပ်ကြံ သတ်ဖြတ်မည့် အကြောင်းကို သူတို့ သိကြလျှင်ပင် သွေးနတ်ဘုရားဂူ ပါဝင်နေသည့် အကြောင်းကို သူတို့ မသိကြပေ။

ယခုလက်ရှိတွင် တန်ခိုးရှင် အများစုက မသိကြသေးပေ။

ချင်ယန်၏ မဟာသခင် မျှော်စင် အမှတ် (၉) ကို သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ တိုက်ခိုက်ခဲ့သည့် အကြောင်းအား လူအများက သိကြသည်။

သူတို့ကို ကူချမ်ချင်းနှင့် အောင်ကျူ ဝူလန်တို့က သတ်ခဲ့ကြသည်။ ထိုကြောင့် လူငယ်များ၏ စိတ်ထဲတွင် သွေးနတ်ဘုရားဂူက ထိုမျှသာဟု ထင်နေကြသည်။

မည်သို့ပင် ဆိုစေကာမူ သူတို့က ချမ်ဂျူး ကျွန်းဆွယ်မှ အင်အား တောင့်တင်းသည့် မိသားစုများက ဆင်းသက် လာကြခြင်း ဖြစ်သည်။

လွှဲချီရွှမ်နှင့် အခြားလူများက သူတို့၏ အခေါင်းကို မမြင်ရမခြင်း မျက်ရည် ကျတတ်မည့်လူများ မဟုတ်ကြပေ။

"နည်းပြပေါင်.. မင်းက တခြားလူတွေကို ခေါ်သွားတော့...... ငါက မဟာသခင်ချင်နဲ့ အတူတူ ကျန်ခဲ့မယ်..."

ရှီလောင်ကျန်းက အံကြိတ်ပြီး ပြောလိုက်သည်။

ပေါင်ရန်က မျက်မှောင် ကြုတ်သွားသည်။

"အစ်ကိုပေါင် မင်းမှာ မိသားစု ရှိတယ်... ငါက တစ်ကောင်ကြွက်...."

"ကျန်တဲ့လူတွေကို ခေါ်သွားလိုက်.... တချို့ လူတွေကတော့ ဒီနေရာမှာ မသေသင့်ဘူး...."

ရှီလောင်ကျန်းက အသံပို့လွှတ်ပြီး ထပ်ပြောလိုက်သည်။

ပေါင်ရန်က ထိုင်ခုံမှ လုံခြုံရေး ခါးပတ်ကို ဖြုတ်လိုက်ပြီး လေးနက်သော လေသံနှင့်......

"စုံစမ်း စစ်ဆေးတယ် ဆိုတာကလည်း စစ်ဆင်ရေး အစိတ်အပိုင်း တစ်ခုပဲ..... သန်မာတဲ့ လူတွေက နေချင် နေခဲ့နိုင်တယ်။ ကျန်တဲ့လူတွေက ငါနဲ့ လိုက်ခဲ့ရမယ်...."

ချင်ယန်က အေးစက်သော လေသံနှင့်......

"ဒီမှာ ကျန်နေခဲ့မယ့် လူတွေရဲ့ အသက်လုံခြုံရေးကို ငါ အာမ မခံဘူး..."

ရုတ်တရက် ဆိုသလို ကျန်သည့်လူများက သူတို့၏ လုံခြုံရေး ခါးပတ်များကို ဖြုတ်ပြီး ပေါင်ရန်နှင့်အတူ မြေပြင်ပေါ်သို့ ခုန်ချ သွားကြသည်။

မြေပြင်နှင့် ဆယ်မီတာကျော်သာ ဝေးသဖြင့် သူတို့အတွက် ပြဿနာ မရှိပေ။

မကြာခင် တိမ်းငန်းပေါ်၌ လူရှစ်ယောက်သာ ကျန်ခဲ့တော့သည်။ ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ သုံးယောက်၊ ရှီလောင်ကျန်းနှင့် ပြဿနာ မီးမွေးမည့် သုံးကောင်သာ ကျန်ရစ် ခဲ့တော့သည်။

"ရှောင်ရှမ်၊ ငါတို့ သုံးယောက်ပဲ ကျန်တော့တယ်.... မိန်းမလှလေးကလည်း သုံးယောက်ပဲ.... အချိန်တန်ရင် ငါတို့တွေ

တစ်ယောက်ကို မိန်ကလေး တစ်ယောက်စီ ခွဲယူကြမယ်....”

“ဒီတိုင်း ခွဲကြမယ်....”

“မင်းတို့မှာ အစွမ်းအစ ရှိရင် ကြိုက်သလိုသာ လုပ်....”

လဲ့ချီရှမ်တို့ သုံးယောက်က သူတို့ အချင်းချင်း အသံပို့လွှတ်ပြီး ဆွေးနွေးကြသည်။ သူတို့သုံးယောက်က လွန်ခဲ့သော ရက်ပိုင်းမှ အချင်းချင်း သိခဲ့ကြသော်လည်း ချမ်ဂျူးမြို့ရှိ

ဆောင်ကြာမြို့င်တွင် အတူတူ ပျော်ခဲ့ကြပြီးပြီ ဖြစ်သည်။

"တကယ်လို့ အလှလေးတွေကို လိုချင်တယ် ဆိုရင်တော့ ချင်ယန် သေမှရမယ်...."

"ရှောင်ရှမ်၊ ရန်မိသားစုနဲ့ ချင်ယန်တို့က ပြဿနာ ဖြစ်နေတယ်လို့ ကြားထားတယ်။ ဒီတစ်ကြိမ် စစ်ဆင်ရေး လက်ထောက် နန်းတော်မှူးရန်က ထုတ်ပြန်တာ မဟုတ်လား....။ ငါထင်တာတော့ ရန်မိသားစုက တန်ခိုးရှင်တွေ ကြိုလွှတ်ထားလောက်ပြီ..... ချင်ယန်က

ကျိန်းသေပေါက် သေမှာပါ... အချိန်တန်ရင် ဒီကောင်မလေး သုံးယောက်နဲ့ ပေါင်ကားသွားအောင် ဒချိ ကြတာပေါ့။ ရန်မိသားစုက ငါတို့ကိုတော့ မျက်နှာသာ ပေးမှာပါ... ဟုတ်တယ် မဟုတ်လား..."

"ဖြစ်နိုင်တယ်။ ဒါပေမဲ့ ငါတို့ဘက်က စျေးနည်းနည်းတော့ ပေးရလိမ့်မယ်။ ရှောင်ကျူဝမ်တို့ မိန်းကလေး သုံးယောက်က မိသားစုထဲမှာ ငါတို့ အဆင့်အတန်းကို မြင့်တက်စေနိုင်တယ်။ ကုန်ရကျိုး နပ်ပါတယ်ကွာ...."

သူတို့ သုံးယောက်က အချင်းချင်း အသံပို့လွှတ်ပြီး ပြောဆိုနေကြသည်။ စစ်ဆင်ရေး ကိစ္စကို လုံး၀ ဂရုမစိုက်ဘဲ ရှောင်ကျူ၀မ်တို့ သုံးယောက်ကို မည်ကဲ့သို့ မုဒိန်းကျင့်လျှင် ကောင်းမလည်းဟု ပါးစပ် အရသာခံပြီး ပြောနေကြခြင်းပင်။

"နည်းပြရှိ၊ မင်းလည်း ထွက်သွားသင့်ပြီ…"

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။ ထိုအချိန်တွင် တိမ်ငန်းက ကောင်းကင် အမြင့်ပေါ် ပြန်ရောက်နေပြီ…..

ရှီလောင်ကျန်းက နှုတ်ဆိတ်နေသည်။

ခဏအကြာ ရှီလောင်ကျန်းက အသံပြန်ပို့လွှတ်ပြီး…

“မဟာသခင်ချင်.. ငါက အစွမ်းထက်တဲ့ လူတစ်ယောက်ကို စော်ကားထားတယ်… ဒါကြောင့် ချမ်ဂျူး အကယ်ဒမီမှာ ခိုလှုံချင်လို့ နည်းပြဝင်လုပ်နေတာ…… အခုတော့ ဒီလို အဖွဲ့ဖွဲ့ဖို့ ဖြစ်လာပြီ….။ ငါ့ရန်သူက ချမ်ဂျူး အကယ်ဒမီမှာ ရှိနေတာ ထင်ရှားနေပြီ။ ဒီဘက်မှာလည်း အစွမ်းထက်တဲ့ အင်အားစု ရှိနေတယ်။

ဒီစစ်ဆင်ရေးက ငါ့အတွက်လည်း အရမ်း အရေးကြီးတယ်....”

“တကယ်လို့ ငါသာ ကောင်းကောင်း မလုပ်နိုင်ခဲ့ရင် ချမ်ဂျူး အကယ်ဒမီက အထုတ်ခံရနိုင်တယ်။ အချိန်တန်ရင် ငါက အသတ်ခံရမယ့် လူတစ်ယောက် ဖြစ်သွားနိုင်တယ်....”

“ဒါကြောင့် ထွက်သွားမယ့် အစား ကျန်ခဲ့ပြီး ကြိုးစားတာက ပိုကောင်းမယ်လို့ ထင်တယ်.....”

ချင်ယန်က ထပ် မပြောတော့ပေ။ သူ့ကိုယ်သူလည်း သူတော်ကောင်း တစ်ယောက်ဟု

မတွေးထားပေ။ ထွက်ခွာသင့်သည့် လူများကို ထွက်သွားရန် ပြောခဲ့ပြီးပြီ။ မထွက်သွားချင်လည်း နေနိုင်သည်။ အချိန်တန် သေပါက ကိုယ့်ကိစ္စနှင့်ကိုယ်သာ ဖြစ်သည်။

ကျိုး.....

ချင်ယန်တို့ အဖွဲ့က ရှေ့ဆက်ပြီး ပျံသန်းနေကြသည်။

မိနစ် နှစ်ဆယ်ခန့် ကြာပြီးနောက် လင်းယုန်တစ်ကောင်၏ အသံက ရုတ်တရုတ်

ထွက်ပေါ်လာပြီး ခပ်လှမ်းလှမ်းတွင် လင်းယုန် တစ်ကောင်ကို လှမ်း မြင်လိုက်ရသည်။

ထိုလင်းယုန်ပေါ်တွင် တန်ခိုးရှင် သုံးယောက် ရှိနေပြီး သူတို့အားလုံးက သွေးရောင် ဝတ်ရုံရှည် ဝတ်ဆင် ထားကြသည်။

"အရှင်... ပစ်မှတ် အားလုံး ရှိတယ်..."

"အခုပဲ ပစ်မှတ်ကို သွားသတ် လိုက်ရမလား...."

လင်းယုန်ပေါ်မှ တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။ သူ၏ ကျင့်ကြံခြင်း အဆင့်က

ယွမ်ဟိုင် နယ်ပယ်ဖြစ်ပြီး ခေါင်းဆောင်လာသည့် တစ်ယောက်က ယွမ်ဒန် နယ်ပယ် ရှိသည်။

ဤတစ်ကြိမ်တွင် သွေးနတ်ဘုရား ဂူမှ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက် စေလွှတ်လိုက်သည်။ နှစ်ယောက်က ဟန်ဝမ်ထန်၏ သစ္စာခံ ဖြစ်ပြီး အခြား နှစ်ယောက်က သစ္စာခံ မဟုတ်ပေ။ သူတို့ နှစ်ယောက်လုံးက သွေးနတ်ဘုရားဂူ၏ အကြီးအကဲများ ဖြစ်ကြသည်။ အကယ်၍ ဟန်ဝမ်ထန် သေဆုံး သွားမည်ဆိုပါက သွေးနတ်ဘုရားဂူ၏ ဂူသခင် သုံးနေရာအတွက်

ယှဉ်ပြိုင်ရန် အရည်အချင်း ပြည့်မီနေသည့် လူများ ဖြစ်ကြသည်။

"အလျင်စလို လုပ်စရာ မလိုဘူး..... ဟန်ဝမ်ထန်နဲ့ တခြားလူတွေ လုပ်လိမ့်မယ်...."

ထိုတန်ခိုးရှင်က ဟန်ဝမ်ထန်ကို အမှန်တကယ် အရေးမစိုက်ပေ... အကယ်၍ ယခု နေရာတွင် ချင်ယန် လက်ချက်နှင့် ဟန်ဝမ်ထန် သေဆုံးသွားမည် ဆိုပါက ပို ပြည့်စုံ သွားလိမ့်မည်။ ထို့နောက် ချင်ယန်ကို သူက သတ်လိုက်မည်။ ထိုအခါ ဟန်ဝမ်ထန်၏ ရတနာများနှင့် ချင်ယန်၏

ရတနာများကို သူပိုင်ဆိုင်ပြီး ဂူသခင် ဖြစ်လာရန် အခွင့်အရေး များလာလိမ့်မည်။

"ချင်ယန်၊ သွေးနတ် ဘုရားဂူက တန်ခိုးရှင်တွေ ဒီနေရာကို တကယ် ရောက်နေပြီ..... သွေးနတ်ဘုရားဂူက ဒီတန်ခိုးရှင် သုံးယောက်ကို အရင်ဆုံး သတ်ကြမလား...."

ရှောင်ကျူဝမ်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။ သွေးနတ်ဘုရားဂူ အကြောင်းကို တော်တော်လေး သိနေသဖြင့် လင်းယုန် ဌက်ကြီးပေါ်မှာ

ဦးဆောင်လာသော တန်ခိုးရှင် အကြောင်းကိုလည်း သိနေသည်။

သူ့နာမည်က ပင်ယွီဟူ၊ သွေးနတ်ဘုရား ဂူ၏ ငါးယောက်မြောက် အကြီးအကဲ ဖြစ်ကာ သွေးနတ်ဘုရားဂူ၏ အမှန်တကယ် အာဏာရှိသော လူများထဲမှ တစ်ယောက် ဖြစ်သည်။

သွေးနတ်ဘုရား ဂူအပေါ် ချင်ယန်၏ နားလည်မှုအရ သွေးနတ်ဘုရား ဂူ၏ ဂူသခင် သေဆုံး သွားပါက ထိပ်တန်း အကြီးအကဲ

ဆယ်ယောက်ထဲမှ တစ်ယောက်က ဂူသခင် ဖြစ်လာနိုင်သည်။

ဂူသခင်၏ အဆင့်အတန်းက အကြီးအကဲ၏ အဆင့်အတန်းထက် များစွာ ပိုမြင့်မားသည်။

"ပင်ယွီဟူက ဟန်ဝမ်ထန်ရဲ့ လူယုံမဟုတ်ဘူး။ သူ့ဆီက သတင်း အချက်အလက်တွေ စုံစမ်းဖို့ ပြဿနာ မဖြစ်နိုင်ဘူး....."

တစ်မိနစ်ကျော် ကြာပြီးနောက် ပင်ယွီဟူတို့ စီးလာသော လင်းယုန်ကြီးက အနား ချဉ်းကပ်လာပြီး ချင်ယန်တို့ စီးလာသည့်

တိမ်ငန်းကြီးနှင့် တစ်ကီလိုမီတာသာ ဝေးကွာတော့သည်။

“ချင်ယန်၊ အစီပွဲါယ်မရှိ ရှန်းကန်း မနေနဲ့တော့.. မင်း ထွက်ပြေးလို့ မရတော့ဘူး....”

“ဒီတစ်ကြိမ်မှာ ငါတို့ သွေးနတ်ဘုရားဂူက ဂူသခင် ဟန်ဝမ်ထန် ကိုယ်တိုင် ဦးဆောင်လာတာ။ ပြီးတော့ ဒီနေရာကို ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်လေးယောက် ရောက်နေပြီ။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်လည်း အယောက် (၂၀) ကျော် ပါလာတယ်....”

လင်ယုန်ကြီးပေါ်မှ အေးစက်စွာ အော်ဟစ်လိုက်သည့် ပင်ယွီဟူ၏ အသံက ချင်ယန်၏ နားထဲ ရှင်းရှင်းလင်းလင်း ရောက်လာသည်။

ချင်ယန်က အနည်းငယ် ထူးဆန်းသလို ခံစားလိုက်ရသည်။ သူကမေးရန် စီစဉ်နေစဉ် ပင်ယွီဟူက သတင်းများကို တစ်ခါတည်း ပြောပြနေသည် မဟုတ်ပါလော…

"ဒီကောင်က ငါ့မှာ ရှိတဲ့ ပစ္စည်းကောင်းတွေကို ဟန်ဝမ်ထန်တို့ အဖွဲ့အပေါ် သုံးစေချင်နေတာပဲ…."

ချင်ယန်က စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

အမှန်ပင်... ပင်ယွီဟူက ချင်ယန် ကိုယ်ပေါ်တွင် ပစ္စည်းကောင်းများ ရှိနေမည့်ကိစ္စနှင့် ပက်သက်၍ အမှန်တကယ် စိုးရိမ်နေသည်။ အကယ်၍ သူ့ကို သွေးနတ်ဘုရားဂူမှ ဂူသခင် ထင်ပြီး ထို ပစ္စည်းကောင်းများနှင့် တစ်ခါတည်း နှုတ်ဆက် လိုက်မည်ကို စိုးရိမ်နေကာ ဟန်ဝမ်ထန် ကိုယ်စား အမြောက်စာ မဖြစ်ချင်ပေ။

## အခန်း(၂၇၄) - အကျိုးအမြတ်ကို ရိတ်သိမ်းချင်နေသည့် တံငါသည်များ

"ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်...."

"သွေးနတ်ဘုရား ဂူက ဂူသခင် ဒီရောက်နေတယ်....."

လဲ့ချီရွှမ်တို့ သုံးယောက်၏ မျက်နှာ သွေးမရှိတော့သလို ဖြူဖျော့သွားသည်။

သွေနတ်ဘုရားဂူကို ထိုမျှသာဟုထင်ပြီး သတ္တိအပြည့် ရှိနေခဲ့ခြင်း ဖြစ်သည်။

'ဘာဖြစ်လို့ ကောလဟာလထဲက သွေးနတ်ဘုရား ဂူနဲ့ မတူရတာလဲ....'

ယခုအခါ လှဲချီရွှမ်တို့ သုံးယောက်သည် သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ သူတို့ဆီသို့ အမှန်တကယ် ရှိလာသောအခါ ရင်ဆိုင်ရန် သတ္တိ မရှိကြောင်း သိလာကြသည်။

လှဲချီရွှမ်တို့ သုံးယောက်က ထူးချွန်သော ကျောင်းသားများ ဖြစ်သော်လည်း သူတို့၏

ကျင့်ကြံခြင်းအဆင့် မူလ အစစ်အမှန် နယ်ပယ်သာ ရှိသေးသည်။ သူတို့က မူလအစစ်အမှန် နယ်ပယ် အဆင့် (၉) ရှိသော ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့ဖြင့် နှိုင်းယှဉ်ပါက တော်တော်လေး နိမ့်ကျနေသေးသည်။ သွေးနတ်ဘုရာ ဂူမှ ယွမ်ဒန် နယ်ပယ်အဆင့် တန်ခိုးရှင်များကြားတွင် အသက် မည်သို့ ထွက်သွားမှန်းမသိ ထွက်သွားနိုင်သည်။

"ချင်ယန်.. ငါ ဆင်းမယ်... ဆင်းမယ်..."

လဲ့ချီရွမ်က ရုတ်တရက် ထအော်လိုက်သည်။ သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ အနား ကပ်လာပါက သူတို့ အားလုံး သေသွားလိမ့်မည်။

"ငါလည်း ဆင်းချင်တယ်...."

"ငါရောပဲ...."

ကျန်သည့် ပြဿနာ မီးမွေးမည့် ကျောင်းသား နှစ်ယောက်လည်း ထအော်ကြသည်။

"ငကြောက် သုံးကောင်....."

ရှောင်ကျူယင်က နှုတ်ခမ်းကို ရွဲ့ပြီး ရေရွတ်လိုက်သည်။ သူမက မကြောက်ပေ။

ရှောင်ကျူဝမ်နှင့် အခြားလူများက ချင်ယန် နောက်ကို လိုက်လာပြီး ကတည်းက အသက် အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်မှာ တစ်ကြိမ်၊ နှစ်ကြိမ် မကတော့ပေ။ ယခုအခါ ရန်သူများ ပိုမို အားကောင်းလာသလို သူမတို့ကလည်း အားကောင်း လာကြသည်။

"ချင်ယန်... ငါတို့ကို မြန်မြန် ချပေး...... ဘာဖြစ်လို့ ဒီလောက် ကြာနေတာလဲ......"

"ဘောပဲ... မြန်မြန် လုပ်ပါဟ....."

သူတို့နောက်တွင် လင်ယုန်ဌက်ကြီး အနား ကပ်လာသည်နှင့် အမှျ လဲ့ချီရှမ်နှင့် အခြား ကျောင်းသား နှစ်ယောက်က သွေးရူးသွေးတန်း အော်ဟစ်နေ ကြသည်။ ယခုအခါ သူတို့နှင့် တစ်ကီလိုမီတာပင် မဝေးတော့ချေ။

"သေချာလား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

"သေချာတယ်....."

လဲ့ချီရွှမ်တို့ သုံးယောက်က တပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

"ဒါဆိုလည်း ဆင်း.."

ချင်ယန်က ထိုကဲ့သို့ ပြောရင်း လဲ့ချီရွှမ်တို့ သုံးယောက်ကို တိမ်ငန်းပေါ်မှ ကန်ချလိုက်သည်။

"အား……"

နောက်ထပ် အခိုက်အတန့်တွင် လဲ့ချီရွှမ်တို့ သုံးယောက်၏ ကြောက်လန့်တကြား အော်ဟစ်သံက ထွက်ပေါ်လာသည်။ သူတို့ ခန္ဓာကိုယ်က လျင်မြန်စွာ

ပြုတ်ကျသွားသည်။ ယခုအခါ သူတို့က မြေပြင်မှ နှစ်ကီလိုမီတာ အမြင့်တွင် ရှိနေကြသည်။

“မဟာသခင်ချင်... မင်း....”

ရှီလောင်ကျန်းက ကြောက်လန့်တကြား ပြောလိုက်သည်။ လွဲချီရှမ်တို့ သုံးယောက်တွင် အတောင်ပံများ မရှိသကဲ့သို့ ပျံသန်းနိုင်သော သိုင်းဝိညာဉ်များလည်း မရှိပေ။

“မသေနိုင်ပါဘူး....”

"ပြီးတော့ မင်းတို့ကိုယ်တိုင်က ဆင်းချင်ပါတယ်လို့ တစာစာ အော်နေကြတာပဲလေ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှီလောင်ကျန်းက အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ အောက်ဘက်တွင် ရေကန်တစ်ခု ရှိနေသည်။

နှစ်ကီလိုမီတာ အမြင့်မှ ပြုတ်ကျခြင်း ဖြစ်သဖြင့် သူတို့တွင် ကာကွယ်ရေး ရတနာ ရှိနေလျှင်ပင်၊ ရေကန်ထဲ ပြုတ်ကျလျှင်ပင် သေရန် သေချာနေသေးသည်။

“ဒီကောင်က တော်တော်လေး ရက်စက်တာပဲ....”

ပင်ယွီဟူက ကြိတ်ပြီး ဆွံ့အသွားသည်။ ချင်ယန်နှင့် ရှီလောင်ကျန်းတို့ ပြောနေသည့် စကားကို သူက ရှင်းရှင်းလင်းလင်း ကြားနေရသည်။

လဲ့ချီရွှမ်တို့ သုံးယောက်က တိမ်ငန်းပေါ်မှ ဆင်းချင်သည်ဟု အော်ဟစ် နေကြသော်လည်း ယခုကဲ့သို့ ကန်ချခိုင်းခြင်း မဟုတ်ကြပေ။

ယခုကဲ့သို့ ကန်ချလိုက်ပါက အမှန်တကယ် သေသွားနိုင်သည်။

"အရှင်.. သူတို့ကို သတ်ချင်နေတာ မဟုတ်လား....."

ပင်ယွီဟူ ဘေးနားမှ လူတစ်ယောက်က တိုးတိုးလေး မေးလိုက်သည်။

"သူဌေးသား လူပေါ်ကျော့ သုံးကောင်ကို သတ်လို့ ဘာတွေ ကောင်းလာမှာလဲ...."

ပင်ယွီဟူက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

လှဲ့ချိုရွမ်နှင့် အခြားသူများတွင် ပစ္စည်းကောင်းများ ရှိနေလျှင်ပင် ပင်ယွီဟူ မမက်ပေ။ သူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင်......

"အမ်.... ငါတို့နောက် မလိုက်လာဘူး...."

"ငါတို့ကို ဘယ်သူမှ လာမသတ်ဘူး.... ချင်ယန်နဲ့ တခြားလူတွေကိုပဲ စိုက်ကြည့်နေကြတာ....."

လင်ယုန်ဌက်ကြီးက ရပ်တန့်ခြင်း မရှိဘဲ ချင်ယန်တို့ နောက်သို့ ဆက်လက် လိုက်ပါသွားသည်။

"ချင်ယန်... မင်း ဘိုးဘေးတွေကို ယီးပဲ...."

အနောက်တွင် လဲ့ချီရွမ်က အော်ဆဲလိုက်သည်။ သိုလှောင် လက်စွပ်ထဲမှ ကြီးမားသော ပိတ်စ တစ်ထည်ကို အမြန်ထုတ်ယူပြီး လေထီးပုံစံ လုပ်လိုက်သည်။ ကြိုးနှင့်ချည်ပြီး ပြုလုပ်ထားခြင်း ဖြစ်သဖြင့် လေထီးပုံစံနှင့် ဆင်တူ နေသော်လည်း အကျိုးသက်ရောက်မှုက တကယ့် လေထီးထက် အဆပေါင်းများစွာ လျှော့နည်းနေသေးသည်။

မိုးပျံသားရဲများနှင့် ခရီးရှည် သွားတတ်သည့် လူများ၏ သိုလှောင် လက်စွပ်ထဲတွင် ထိုကဲ့သို့

ပစ္စည်းများ ရှိတတ်ကြသည်။ လှဲ့ချီရွှမ်တို့ အားလုံးတွင်လည်း ရှိနေကြသည်။

သို့သော် ဒီအရာနှင့်ပင် လှဲ့ချီရွှမ်တို့အဖွဲ့ ရေကန်မျက်နှာပြင်ပေါ် ပြုတ်ကျသွားသည့် အချိန်တွင် အရှိန်က အလွန် လျင်မြန် နေသေးသည်။

လှဲ့ချီရွှမ်နှင့် သူ့မိသားစုက အားမနည်းပေ။ ထို့ကြောင့် စစ်ဆင်းရေး ထွက်လာသည့် အချိန်တွင် ကာကွယ်ရေး ရတနာများကို ပြင်ဆင်လာခဲ့ကြသဖြင့် သူတို့ အားလုံးက ကာကွယ်ရေး ရတနာကို ချက်ချင်း ထုတ်သုံး လိုက်ကြသည်။

ဘုန်း.......

လဲ့ချီရှမ်နှင့် အခြားလူများသည် ရေမျက်နှာပြင်နှင့် ပြင်ထန်စွာ ရိုက်မိသွားပြီး ကာကွယ်ရေး ရတနာများ ချက်ချင်း ကျိုးပဲ့သွားကာ ပါးစပ်မှ သွေး အတောင့်လိုက် အန်ထွက်သွားသည်။

သို့သော် သူတို့ သုံးယောက်ထဲတွင် မည်သူမှ မသေခဲ့ကြပေ။

"ချင်ယန်.... ငါ့ကို စောင့်နေ...."

“လူယုတ်မာ...... ဒီဦးလေးက မင်းကို ခွင့်မလွှတ်ဘူး....”

သူတို့က ကမ်းပေါ် ရောက်လာပြီးနောက် အော်ဆဲ နေကြသည်။

....

ငါးမိနစ် ကြာပြီးနောက်.....

“မဟာသခင်ချင် ပစ်မှတ်နေရာက ရှေ့ဆို ရောက်တော့မယ်...”

ရှီလောင်ကျန်းက သတိပေးလိုက်သည်။

ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။

တိမ်ငန်းက ကောင်းကင်ပေါ်မှ အမြန် ထိုးဆင်းသွားသည်။

မကြာခင် ချင်ယန်သည် သတ်ဖြတ်ခြင်း ရည်ရွယ်ချက် များစွာကို ခံစား လိုက်ရသည်။

"ငါတို့ကို စောင့်နေတဲ့လူတွေ အများကြီးပဲ..."

ချင်ယန်၏ မျက်နှာ အမူအရာက သုန်မှုန် နေသည်။

သွေးနတ်ဘုရားဂူ၊ ရှောင်မိသားစု၊ မီးနဂါး အင်ပါယာ၊ ထောင်မိသားစုနှင့် ရန်မိသားစုတို့ အားလုံးက သူတို့၏ တန်ခိုးရှင်များကို စေလွှတ်လိုက်သည်ဟု ချင်ယန်က ခန့်မှန်း လိုက်သည်။

ယခုလက်ရှိ အချိန်တွင် သူတို့ ပုန်းအောင်းနေကြသည်။ ချင်ယန်နောက်မှ လိုက်လာသော လင်းယုန်ကြီးကလည်း ကောင်းကင်ပေါ်မှ ဆင်းသက်လာသည်။

သူတို့ အားလုံးကို အင်အား တောင့်တင်း လွန်းသဖြင့် အဖွဲ့တစ်ဖွဲ့လျှင် လူတစ်ယောက် ထက်ပိုပြီး စေလွှတ်လိုက်သည်မှာ ထင်ရှား နေသည်။

သို့သော် ချင်ယန်က ဒီနေရာတွင် ပေါ်လာရဲသဖြင့် ကျိန်းသေပေါက် အားကိုး ရှိလိမ့်မည်။

ဒေါသ မထိန်းနိုင်သည့် လူများက ချင်ယန်နှင့် အရင်ဆုံး ရင်ဆိုင်ကြလိမ့်မည်။ နောက်ပိုင်းမှ ဝင်ရောက် တိုက်ခိုက်မည့် လူများက တံငါသည်

ဖြစ်နိုင်ပြီး အကျိုးအမြတ် အားလုံး ရိတ်သိမ်းနိုင်လိမ့်မည်။

"ချင်ယန်၊ ဒီရောက်နေပြီ မဆင်မခြင်မလုပ်ကြနဲ့...."

"လူတိုင်း အာရုံစိုက်ထား..... ကျန်တဲ့အင်အားစုတွေ အရင်ဆုံး လုပ်ရှားတာကို စောင့်....."

"လူတိုင်း ထိန်းထားကြအုံး...."

သူတို့အဖွဲ့များကို ဦးဆောင်လာသော တန်ခိုးရှင်များက သူတို့၏ အဖွဲ့သားများကို အသံပို့လွှတ်ပြီး ပြောဆို နေကြသည်။

သူတို့က ချင်ယန်၏ စွမ်းရည်ကို ကောင်းကောင်း မသိသေးပေ။ ထို့အပြင် အခြားသူများ၏ သတ်ဖြတ်ခြင်း ရည်ရွယ်ချက်ကလည်း သူတို့အပေါ် ဦးတည်လာခြင်း မရှိပေ။ အခြား အင်အားစုက မည်သည့်အရာများ ပြင်ဆင်လာလဲ ဆိုသည်ကို သူတို့ မသိပေ။ သူတို့က ဒီရောက်နေသော်လည်း

တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပူးပေါင်း လုပ်ဆောင်နေခြင်း မဟုတ်ပေ။

"ချမ်ဂျူး အကယ်ဒမီက ပုဂ္ဂိုလ်ကြီး ရောက်လာပြီ....."

"ငါတို့တော့ ကယ်တင် ခံရပြီ...."

ချင်ယန်တို့အဖွဲ့ ဆင်းသက်လာသည်နှင့် လူများက ဝိုင်းအုံ လာကြသည်။ သူတို့သည် မြို့ အနီးအနားမှ လူများ ဖြစ်ကြပြီး လူပေါင်း တစ်သောင်းကျော်ခန့် ရှိနေသည်။

နတ်ဆိုးသားရဲက ဒေါသူပုန် ထနေကြပြီး ဒီနေရာ တဝိုက်တွင် သောင်းကျန်း နေကြသည်။ ဒီရက်ပိုင်း အတွင်းမှာပင် လူရာပေါင်းများစွာ သေဆုံး သွားခဲ့သည်။

အနီးအနားရှိ ရွာများက လုံးဝ ပျက်သုန်း သွားကြသည်။

ကျင့်ကြံခြင်း လောကတွင် ခွန်အား မရှိသည့် လူများက အချိန်မရွေး သေဆုံး သွားနိုင်သည်။

"ဆရာကြီးများ... ငါက ရွာတန်ဝမ်ပါ....သူတို့က ဒီအနီးအနားက ကျင့်ကြံသူတွေပါ....။ ငါတို့

မွန်စတားကြွက် နတ်ဆိုးသားရဲ အုပ်စုကြီး ရှာတွေ့ထားပါတယ်....။ အသန်မာဆုံး နတ်ဆိုးသားရဲက ယွမ်ဟူနယ်ပယ် ရှိနေတယ်လို့ ခန့်မှန်းထားပါတယ်။ မူလအစစ်အမှန် နယ်ပယ် ကြွက်တွေလည်း အများကြီး ရှိနေပါတယ်...”

“ဒီကောင်တွေက တွင်းတူးအား အရမ်းကောင်းတော့ ဘယ်အချိန် ပေါ်လာပြီး ပြန်ပျောက်သွားမလဲ ဆိုတာကို ခန့်မှန်းလို့ မရဘူး ဖြစ်နေပါတယ်....”

လူလတ်ပိုင်း အမျိုးသားက လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြောလိုက်သည်။

ဤမျှ သေးငယ်သော နေရာတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် မရှိသဖြင့် ဤ နတ်ဆိုးသားရဲ အုပ်ကြီးကြောင့် ပျက်ဆီး ဆုံးရှုံးမှုက ခန့်မှန်း မရအောင် ဖြစ်နေသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်..

"စိတ်မပူပါနဲ့.... သူတို့ကို ရှာပြီး သတ်လိုက်ပါ့မယ်....."

ဒါက ကြွက်မွန်းစတား အုပ်စုလေးသာ ဖြစ်သည်။ ချင်ယန်၏ ယခုလက်ရှိ ခွန်အားနှင့် ဆိုလျှင် အထူးဆေးမှုန် သန့်စင်ပြီး အဆိပ်ခတ် လိုက်သည်နှင့် မိနစ်ပိုင်းလေးအတွင်း ပြီးဆုံး သွားလိမ့်မည်။

သို့သော် ချင်ယန်က ချက်ချင်း လက်ငင်း အဆုံးသတ်ရန် အစီအစဉ် မရှိပေ။

နတ်ဆိုးထိန်း လက်စွပ်ထဲတွင် ငွေရောင် ဝံပုလွေဘုရင်က အဆင့်တက် နေသေးသဖြင့် ၎င်းအတွက် အချိန်ဆွဲပေးနိုင်ရန် ချင်ယန်တို့ အဖွဲ့က ဟိုဟို၊ ဒီဒီ ရှာဖွေ ရအုံးမည်။

ရန်သူ အများကြီး ရှိနေသဖြင့် ဘေးအန္တရာယ်ကို အလွယ်တကူ ဖြတ်ကျော်နိုင်မည် မဟုတ်ပေ။

ယခုလက်ရှိတွင် အင်အားစု အသီးသီးမှ ရန်သူများ ရောက်နေပြီး သူတို့ အချင်းချင်း မျက်စောင်း ထိုးနေကြကာ အကုန်လုံးက နောက်ဆုံး အကျိုးအမြတ်ကို ရိတ်သိမ်းသည့် တံငါသည် ဖြစ်ချင် နေကြသဖြင့် မည်သည့် အဖွဲ့ကမှ ပထမဦးဆုံး မလှုပ်ရှား ချင်ကြပေ။

"ဆရာကြီး ဒီလို ပြောနေမှတော့ ငါတို့ စိတ်ချနိုင်ပါပြီ....."

လူလတ်ပိုင်း အမျိုးသားက ထိုကဲ့သို့ ပြောလိုက်ရသော်လည်း စိတ်ထဲ၌ အင်တင်တင် ဖြစ်နေသေးသည်။

ချင်ယန်တို့ အဖွဲ့တွင် စုစုပေါင်းမှ လူငါးယောက်သာ ရှိသည်။ အသက်အကြီးဆုံး လူက ရှီလောင်ကျန်း ဖြစ်နေပြီး ချင်ယန်တို့ လေးယောက်က အသက် (၂၀) ပင် ပြည့်သေးသည့် ပုံ မရှိချေ။

"လူတိုင်းပဲ… စိတ်မပူပါနဲ့.. ငါတို့က ဒီကိစ္စကို အမြစ်ပြတ်သွားအောင် လုပ်ပေးပါ့မယ်….."

ရှီလောင်ကျန်းက ပါးစပ်မှ ထုတ်ပြောနေရင်း သူ့ခါးမှ ငွေရောင် တံဆိပ်ကို ထုတ်ပြလိုက်သည်။

ထိုအခါမှ လူလတ်ပိုင်း အမျိုးသားက စိတ်သက်သာရာ ရသွားသည်။

"နည်းပြ ရှီ၊ မင်းမှာ ဒီလိုမျိုး တာဝန်နဲ့ ပက်သက်ပြီး အတွေ့အကြုံ လုံလုံလောက်လောက် ရှိတော့ တစ်ချက်လောက် စီစဉ်ပေးလို့ ရမလား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှီလောင်ကျန်းက ခေါင်းညိတ်လိုက်သည်။

အမှန်တကယ်ဆို ကောင်းမွန်သော အစီအစဉ် မရှိပေ။ သူတို့ အဖွဲ့တွင် လူနည်းနည်းလေးသာ ရှိသည်။ ရှောင်ကျူဝမ်တို့ သုံးယောက်ကို လူခွဲပြီး သဲလွန်စ လိုက်ရှာခိုင်းမည်လော.....

"တန်ဝမ်၊ ငါတို့ကို နတ်ဆိုးသားရဲ ပေါ်လာတဲ့ နေရာ ခေါ်သွား...."

"ပြီးတော့... သေဆုံးသွားတဲ့ လူတွေကိုလည်း စစ်ဆေးရမယ်....."

ရှီလောင်ကျန်းက ပြောလိုက်သည်။

ထုံးစံအတိုင်း တန်ဝမ်ကလည်း သဘောတူသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

ရှီလောင်ကျန်းက ချမ်ဂျူး အကယ်ဒမီကို ဝင်ရောက်ရုံသာ ရှိသေးသော်လည်း ဤကဲ့သို့ ကိစ္စများနှင့် ပက်သက်၍ အတွေ့အကြုံ များသည်။ ထို့ကြောင့် ချင်ယန်တို့နှင့် အတူ သရုပ်ဆောင် နေသည်။ သူတို့က တစ်နေကုန် လျှောက်သွား နေကြပြီး အများကြီး လုပ်ဆောင်ခဲ့ကြသည်။ ကြွက်များ ရှိနိုင်ခြေများသည့် တွင်းများကို ရှာတွေ့ခဲ့ကြသည်။

ပုန်းအောင်းနေသော အင်အားစုများက လှုပ်ရှားခြင်း မရှိကြသေးပေ။

သွေးနတ်ဘုရား ဂူမှ တန်ခိုးရှင်များပင် ပထမဦးဆုံး လှုပ်ရှားသူ မဖြစ်ချင်ကြပေ။

“နောက်ဆုံးတော့ ခရမ်းရောင် မျက်လုံး မျောက်ဝံလူကြမ်းကြီး အဆင့်တက် သွားပြီပဲ…”

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံး ပါးပါးလေး တစ်ခု ရှိနေသည်။ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးက ယွမ်ဒန်နယ်ပယ် တက်လှမ်းသွားပြီ

ဖြစ်သဖြင့် သူ့ခွန်အားက အများကြီး တိုးတက်လာခဲ့ပြီ.......

ထို့အပြင် မိုးကြိုးဖွား နှစ်ကောင်၏ ကျင့်ကြံခြင်း အဆင့်ကလည်း ယွမ်ဟိုင်နယ်ပယ် အဆင့် (၇ )မှ အဆင့် (၈) ဖြစ်သွားကြသည်။

သူတို့ တိုးတက်လာသည်နှင့် အမျှ ချင်ယန်က နတ်ဆိုးထိန်း လက်စွပ်မှပေးသည့် ဖိအားကို ခံစား လာရသည်။ အကယ်၍ သူ၏ ကျင့်ကြံခြင်းအဆင့် မတိုးတက်ခင်က ဆိုလျှင် ပို၍ပင် ဆိုးအံ့မည်။

"မဟာသခင်ချင်..... ဒီအပေါက်ထဲမှာ မွန်းစတားတွေ ရှိနေတယ်။ ငါတို့ ဒီအပေါက်ထဲကပဲ ဝင်ကြမလား... ဒါမှမဟုတ် ဒီအပေါက်ကို ပိတ်ပြီး တခြား အပေါက်က ဝင်ကြမလား။ ဒီလိုမှ မဟုတ်လည်း လူခွဲပြီး ဝင်ကြမလား"

ရှီလောင်ကျန်း၏ မျက်လုံးထဲတွင် စိုးရိမ်နေသော အရိပ်အယောင်က မထင်မရှား ပေါ်လွင်နေသည်။

ဒီတွင်းထဲ ဝင်သွားပါက ကြွက်မွန်းစတားများကို သတ်နိုင်လျှင်ပင် အမှောင်ထဲ၌ ရန်သူများ လှုပ်ရှားလာတော့မည်ကို သူ သိနေသည်။

ချင်ယန် သေဆုံးသွားသည့် အချိန်တွင် သူတို့လည်း သေဆုံး သွားလိမ့်မည်။

"မင်းအပေါ်ပဲ မူတည်တယ်..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ဒီကိစ္စမျိုးက ရှီလောင်ကျန်း၏ ကိုယ်ပိုင် ရွေးချယ်မှု အပေါ်မှာသာ မူတည်သည်။

"ဒါဆိုလည်း အတူတူ နေကြမယ်...."

ရှီလောင်ကျန်းက တိတ်တိတ်လေး သက်ပြင်းချရင်း ပြောလိုက်သည်။ အကယ်၍ လူခွဲ

သွားမည် ဆိုပါက ရှီလောင်ကျန်းက သူ့အသက်ကို ကယ်တင်ရန် ယုံကြည်မှု မရှိပေ။

ချင်ယန်တို့နှင့် အတူတူ နေမည်ဆိုပါက အသက်ရှင်နိုင်ခြေက မဆိုစလောက်လေး ပိုများနေသေးသည်။

## အခန်း(၂၇၅) - သွေးနတ်ဘုရားဂူက စတင်လှုပ်ရှားပြီ

မကြာခင် ချင်ယန်နှင့် အခြားလူများက ဂူထဲ ဝင်လာကြသည်။

ဆယ်မိနစ် ကြာသွားသည့် တိုင်အောင် မည်သူမျှ မဝင်လာသေးပေ။ နာရီဝက်ခန့် ကြာသွားသော်လည်း ဝင်လာသူ မရှိသေးပေ။

သတိ မထားလိုက်မိဘဲ နှစ်နာရီ ၊ သုံးနာရီခန့် ကြာသွားသည်။ သို့တိုင်အောင် မည်သည့် အင်အားစုကမှ မလှုပ်ရှား ကြသေးပေ။

"အဘိုး.... ချင်ယန်က မြေအောက် လှိုဏ်ဂူထဲကနေ ထွက်ပြေးသွားပြီလား မသိဘူး....."

ဟန်ရှီဟောင်က ထိုကိစ္စအတွက် အနည်းငယ် စိတ်ပူနေသည်။ ဒီဘက်ခြမ်းတွင် ရှိနေသော တန်ခိုးရှင် အများစုလည်း စိတ်ပူနေကြသည်။

မှောင်ခါနီးနေပြီ.......

ချင်ယန် ဝင်သွားသော မြေအောက် လှိုဏ်ဂူက သေးငယ်ခြင်း မရှိဘဲ စွန့်ပစ်ထားသော မိုင်းဟောင်း တစ်ခု ဖြစ်နေသည်။

ဟန်ရှီဟောင်နှင့် အခြားလူများသည် ထိုနေရာမှ ဒေသခံများကို စိတ်ညှို့ပြီး သိရှိလာခဲ့သော သတင်းများ အရ မိုင်းတွင်း အဟောင်းမှ အခြားနေရာသို့ မထွက်သွားနိုင်ပေ။ သို့သော် ထိုကိစ္စက သာမန် လူများအတွက်သာ ဖြစ်သည်။ ချင်ယန်က သာမန်လူတစ်ယောက် မဟုတ်ပေ။

အကယ်၍ မိုင်းတွင်းက နက်မည်ဆိုပါက မြေအောက်မြစ် သို့မဟုတ် အခြားတစ်ခုခု ရှိနေနိုင်သည်။

ချင်ယန်က မြေအောက်မြစ်ထဲ ခုန်ဆင်းပြီး ထွက်ပြေးသွားနိုင်သည် မဟုတ်ပါလော.....

"သွေးနတ်ဘုရားဂူက လှုပ်ရှားမယ်...... မင်းတို့ကောင်တွေ ငါတို့ကို လာမရှုပ်ဖို့ မျှော်လင့်တယ်... ဒီလိုမှ မဟုတ်ရင် သွေးနတ်ဘုရားဂူက သွေးကြွေးကို သွေးနဲ့ ပြန်ဆပ်မယ်....."

ဟန်ဝမ်ထန်၏ အေးစက်သော အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

နောက်ထပ် အခိုက်အတန့်တွင် ဟန်ဝမ်ထန်နှင့် တန်ခိုးရှင် (၂၀) ကျော်က တောအုပ်ထဲမှ ပြေးထွက်လာပြီး ဂူအပေါက်ဝ အနားသို့ လျင်မြန်စွာ ချဉ်းကပ် သွားကြသည်။

တိတ်တိတ်လေး စောင့်ကြည့်နေသော တန်ခိုးရှင်များက ထိတ်လန့် သွားကြသည်။

သွေးနတ်ဘုရားဂူက ချင်ယန်ကို မြင့်မြင့်မားမား မြှော်မှန်းထားပြီး တန်ခိုးရှင် အများကြီး စေလွှတ်ခဲ့သည်။

ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက်၊ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် အယောက် (၂၀) ပါလာသည်။ ထို ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များ ကြားထဲတွင် အသေခံ စစ်သားများလည်း ပါနေသေးသည်။

ထိုအင်အား စုဖွဲ့မှုသည် လူတစ်ယောက်ကို လိုက်သတ်သည်ထက် ပိုနေပြီး မိသားစု တစ်ခုလုံးကိုပင် အမြစ်ပြတ် သုတ်သင်နိုင်သည်။

"တခြား အင်အားစုက လူတွေ အချောင် လိုချင်စိတ်နဲ့ လှိုဏ်ဂူထဲ ဝင်လာမယ်ဆိုရင် ငါတို့ သွေးနတ်ဘုရားဂူရဲ့ သွေး ဂလဲ့စားကို ခံစားရမယ်….."

"မင်း… ဝင်ပေါက်ကို စောင့်ကြည့်ထား…"

ဟန်ဝမ်ထန်က လှိုဏ်ဂူ ဝင်ပေါက်တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို ချန်ထားခဲ့သည်။

ထိုတန်ခိုးရှင် နှစ်ယောက်က လေးစားသော အမူအရာနှင့် ပြန်ဖြေလိုက်ပြီး အနီးတဝိုက်ကို သတိကြီးကြီးထားကာ စောင့်ကြည့် နေလိုက်သည်။

ပတ်ဝန်းကျင် တစ်ခုလုံးက အလွန် အေးချမ်း နေသော်လည်း ဒီနေရာကို စောင့်ကြည့်နေသော တန်ခိုးရှင်တွေ အများကြီး ရှိနေပြီး ထိုအထဲတွင်

ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်များ ပါဝင်နေသည်ကို ထိုလူနှစ်ယောက်က ရှင်းရှင်းလင်းလင်း သိနေသည်။

"ဘာလုပ် ကြမလဲ....."

ရန်စန်းဘေားမှာ တန်ခိုးရှင် တစ်ယောက်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

"စောင့်အုံး.... တကယ်လို့ ချင်ယန် သေသွားရင် ငါတို့ အလုပ်ပြီးပြီ။ ချင်ယန်ကို ကိုယ်တိုင် သတ်ရတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ငါတို့ ရည်ရွယ်ချက်က ဘယ်လိုပဲ သေသေ ချင်ယန် သေဖို့ပဲ...."

"အင်း....."

ရန်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များကလည်း မလှုပ်ရှား ကြပေ။

အကယ်၍ သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များက ချင်ယန်ကို အလွယ်တကူ သတ်နိုင်ခဲ့လျှင် သို့မဟုတ် ပိုကောင်းသော အကျိုးအမြတ်များ ထွက်လာမည် ဆိုပါက တန်ခိုးရှင်များက ထွက်လာ ကြလိမ့်မည်။

သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များက ချင်ယန် အလောင်းနှင့်အတူ အကျိုးအမြတ်များ

သယ်ဆောင်ပြီး ပြန်ထွက်လာမည် ဆိုပါက သူတို့က လှုပ်ရှားရန် လက်တွန့်နေကြမည် မဟုတ်ပေ။

အကယ်၍ ချင်ယန်ကို သတ်ဖြတ်ရန် သွေးနတ်ဘုရားဂူက ကြီးကြီးမားမား ပေးဆပ် လိုက်ရမည် ဆိုပါက သူတို့အတွက် ပို၍ပင် အခွင့်အရေး ကောင်းသွားအုံးမည်။

ချမ်းဂျူး အကယ်ဒမီနှင့် သွေးနတ်ဘုရား ဂူကြားတွင် ဆက်ဆံရေး မကောင်းပေ။ သူတို့ကြားတွင် ပြဿနာ တက်နေသည့်မှာ တစ်ကြိမ်၊ နှစ်ကြိမ် မကတော့ချေ။ ထို့ကြောင့်

ရန်စန်းနှင့် အခြားလူများက ဟန်ဝမ်ထန်ကို မသတ်ရဲစရာ အကြောင်း မရှိပေ။

"လူတိုင်း သတိထား... ထိခိုက်မှု မရှိဘဲ ချင်ယန်ကို သတ်နိုင်အောင် ကြိုးစားကြ...."

ဟန်ဝမ်ထန်က လေးနက်စွာ ပြောလိုက်သည်။

"ချင်ယန်ရဲ့ အိမ်ဖော် သုံးယောက်ကို အရှင်လတ်လတ် ဖမ်းနိုင်မယ်ဆို အရှင်လတ်လတ် ဖမ်းလိုက်..."

ချင်ယန်ကိုမူ.......

ဟန်ဝမ်ထန်က ချင်ယန်ကို အသက်ရှင်လျက် ဖမ်းယူနိုင်လျှင်ပင် ဖမ်းယူရန် စိတ်မပါချေ။ ယခင်က ရှောင်မိသားစုသည် ကြီးကြီးမားမား ခံစားခဲ့ရသည်။ ထို့ကြောင့် အဘိုးကြီး ဟန်ဝမ်ထန်က ပို၍သာ ဘေးကင်းချင်သည်။

ထို့အပြင် ချင်ယန်ကို ရတ်တရတ် ချက်ချင်း သတ်နိုင်မည် ဆိုပါက ချင်ယန်က သူ့ သိုလှောင် လက်စွပ်ထဲမှ ပစ္စည်းများကို ဖျက်ဆီးရန် အချိန် မရသဖြင့် အကျိုးအမြတ် ပိုများလိမ့်မည်။

ဘုန်း ဘုန်း ဘုန်း....

ဟန်ဝမ်ထန်တို့ အဖွဲ့သည် ဂူနက်ပိုင်းသို့ ဝင်လာပြီး သိပ်မကြာခင် မတူညီသော နေရာမှ မိုင်းများ ပေါက်ကွဲသွားသည့် အသံအချို့ကို ရုတ်တရတ် ကြားလိုက်ရသည်။ မကြာခင် မီးခိုး အမြောက်အများ ထွက်လာပြီး လှိုဏ်ဂူထဲတွင် အနက်ရောင် မြူခိုးများ ပြည့်လျှံသွားသည်။

ဟန်ဝမ်ထန်တို့က မီးခတ်ကျောက်ကို သူတို့နှင့်အတူ ယူဆောင် ခဲ့သော်လည်း အမှောင်ထဲတွင် မီးခတ်ကျောက်၏ အာနိသင်က အားနည်းလွန်းသည်။

ဟန်ဝမ်ထန်တို့ အဖွဲ့ထဲမှ တစ်ယောက်က မီးတိုင်ကို ချက်ချင်း ထွန်းညှိ လိုက်သော်လည်း အကျိုး သက်ရောက်မှုက ညံ့ဖျင်းလွန်းနေသည်။ သူတို့အားလုံးက တန်ခိုးရှင်များ ဖြစ်ကြသဖြင့် အမြင်အာရုံ အားကောင်းကြ သော်လည်း ရှင်းရှင်းလင်းလင်း မြင်နိုင်ရန် အလွန် ခက်ခဲနေကြသည်။

"အရှင်... အဆိပ် မပါဘူး..... ဒီမြူခိုးတွေက အမြင်အာရုံကိုပဲ တားဆီးထားတာ...."

မကြောခင် ဟန်ဝမ်ထန်တို့ အဖွဲ့ထဲမှ တစ်ယောက်က ပြောလိုက်သည်။ ဒီလူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်ပြီး သူ့သိုင်းဝိညာဉ်က အဆိပ်ပြင်းသော မြွေအမျိုးစား ဖြစ်နေသဖြင့် အဆိပ်နှင့် ပက်သက်၍ ကျွမ်းကျင်နေသည်။

"အင်း...."

ဟန်ဝမ်ထန်က တိုးတိုးလေး ပြန် ဖြေလိုက်သည်။ သူ မကြောက်ပေ။

ဤမျှ များပြားသော အနက်ရောင် မြူခိုးများကြောင့် အသက်ရှူမဝ ဖြစ်ရန် မဆိုထားနှင့် အနက်ရောင် မြူခိုးများ အဆိပ်များ ဖြစ်နေလျှင်ပင် သူ့ကို ထိခိုက်စေလိမ့်မည် မဟုတ်ပေ။

"ဒူနန်း.... မင်းရဲ့ သိုင်းဝိညာဉ်ကို လွှတ်ပေးလိုက်....."

"ဟုတ်ကဲ့ အရှင်....."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က လေးစားစွာ ပြောလိုက်ပြီး သိုင်းဝိညာဉ်ကို ချက်ချင်း ထုတ်လွှတ်လိုက်သည်။ သူ့ သိုင်းဝိညာဉ်က

လင်းနို့နှင့် တူသော နတ်ဆိုးသားရဲ တစ်ကောင် ဖြစ်သည်။ သို့သော် ၎င်းက နှစ်မီတာထက် ပိုမို ရှည်လျားသည်။

အခြား သိုင်းဝိညာဉ်များနှင့် နှိုင်းယှဉ်ပါက ထို ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်၏ သိုင်းဝိညာဉ်က တိုက်ခိုက်ရေးအစွမ်း အလွန် အားနည်းသည်။ သို့သော်လည်း လှို့ဏ်ဂူများထဲတွင် စုံစမ်း ထောက်လှမ်းရာ၌ အလွန် အားကောင်းသည်။

"ကွီး.. ကွီး...."

မကြာခင် သိုင်းဝိညာဉ်က ထအော်လိုက်သည်။ နှစ်မီတာကျော် ရှည်လျားသော ၎င်း၏ နားရွက်ချွန်များက လှုပ်လှုပ်ရှားရှား ဖြစ်နေပြီး ပွဲတင့်သံ မျိုးစုံကို နားထောင်နေသည်။

အနက်ရောင် မြူခိုးများက အမြင်အာရုံကို ပိတ်ဆို့ထားနိုင်သော်လည်း အသံကို မတားဆီးနိုင်ပေ။

ပွဲတင်သံ အမျိုးမျိုး ပြန်ရောက်လာပြီးနောက် မိုင်းတွင်းထဲ ရှိနေသော ချင်ယန်တို့၏ ရုပ်ပုံများက လင်းနို့ သိုင်းဝိညာဉ်၏ စိတ်ထဲတွင် ပေါ်လာသည်။

ထိုအရာကို ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က လက်ခံရရှိလိုက်သည်။

"ဒီအော်သံ.... လင်းနို့ဘီလူး မွန်းစတားရဲ့ အော်သံပဲ...."

လှိုဏ်ဂူ၏ နက်ရှိုင်းသော နေရာထဲတွင် ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။

ချင်ယန်က အလွန် အာရုံစိုက်ထားသဖြင့် သေးငယ်သော အသံလေးတစ်ခု ထွက်ပေါ်လာရုံနှင့် ချက်ချင်း ကြားလိုက်ရခြင်းပင်။

ရှောင်ကျူဝမ်နှင့် အခြားလူများက ထိုအသံကို ကြားလျှင်ပင် သတိထားမိမည် မဟုတ်သော်လည်း အတွေးအကြံ့ အလွန် ကြွယ်ဝနေသော ချင်ယန်က ဘာလဲဆိုသည်ကို ချက်ချင်း တန်း ပြောနိုင်သည်။

ဟန်ဝမ်ထန်တို့ အဖွဲ့တွင် ထိုကဲ့သို့ သိုင်းဝိညာဉ်မျိုး ရှိလျှင်ရှိ၊ ထိုကဲ့သို့ မဟုတ်ပါက အမျိုးအစားတူသည့် နတ်ဆိုးသားရဲ တစ်ကောင်ကို ခိုင်းနေခြင်းသာ ဖြစ်ရမည်။

"မင်းတို့နားကို အုပ်ထားလိုက်...."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်ရာ ရှောင်ကျူဝမ်နှင့် အခြားလူများက သူတို့၏ နာရွက်များကို ခပ်တင်းတင်း အုပ်လိုက်ကြသည်။

ချင်ယန်က သူ့လက်ထဲမှ အနက်ရောင် အဆောင်ကို ပစ်ပေါက်လိုက်သည်။

ဘုန်း.....

ထိုအဆောင် ပေါက်ကွဲပြီး ထွက်ပေါ်လာသော အသံက နားရွက် တဖျတ်ဖျတ် လှုပ်၍ ပဲတင့်သံ နားထောင်နေသော လင်းနို့ဘီလူး သိုင်းဝိညာဉ်၏ နားထဲသို့ ချက်ချင်း ရောက်ရှိသွားသည်။

ဘုန်း....

နောက်ထပ် အခိုက်အတန့်တွင် ပေါက်ကွဲသံ ကျယ်လောင်ခြင်း မရှိသော်လည်း လင်းနို့ဘီလူး မွန်းစတား၏ နားထဲတွင် မိုးခြိမ်းသံအလား ကျယ်လောင်နေပြီး နားစည်က ပေါက်ကွဲ ထွက်သွားသည်။

ဒါကို ဟန်ဝမ်ထန်တို့ အဖွဲ့က ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

"ကွီး... ကွီး...."

လင်းနို့ဘီလူး မွန်းစတားက နာနာကျင်ကျင် အော်ဟစ်လိုက်သည်။ ၎င်း၏ အကြားအာရုံက အလွန်အားကောင်းသည့် အပြင် ယခုအခါ အာရုံစိုက်ပြီး နားထောင်နေသောကြောင့် ချင်ယန်၏ လုပ်ရပ်က ဟန်ဝမ်ထန်တို့ အတွက် သက်ရောက်မှု ဘာမှ မရှိခဲ့သော်လည်း လင်းနို့ဘီလူး မွန်းစတား သိုင်းဝိညာဉ်အတွက်မူ အလွန် ကြောက်စရာ ကောင်းသွားသည်။

"အရှင်၊ ငါ့ သိုင်းဝိညာဉ်က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားပြီ... အခု လောလောဆယ် မသုံးနိုင်တော့ဘူး.."

"ဒါပေမဲ့ လှိုဏ်ဂူထဲက သွားရမဲ့လမ်းကို သိနေပြီ..."

"ပြီးတော့ ချင်ယန်တို့ အဖွဲ့ အခုလက်ရှိ ရှိနေတဲ့ နေရာကို ရှင်းရှင်းလင်းလင်း သိတယ်...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်၏ မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားပြီး သိုင်းဝိညာဉ်ကို အမြန် ပြန် သိမ်းလိုက်သည်။

"အရမ်း ကောင်းတယ်...."

ဟန်ဝမ်ထန်က လေးနက်သော လေသံနှင့်......

"လမ်းကြောင်း စစ်ဆေးဖို့ နတ်ဆိုးသားရဲ တစ်ကောင် လွှတ်လိုက်...."

"ဟုတ်...."

တန်ခိုးရှင် တစ်ယောက်က နတ်ဆိုးသားရဲ အိတ်ထဲမှ နတ်ဆိုးသားရဲ တစ်ကောင်ကို ထုတ်လိုက်သည်။ ၎င်းက လုံးပတ်ထူပြီး ခုနှစ်ကျန်း၊

ရှစ်ကျန်းခန့် ရှည်လျားသော စပါးအုံး မြွေကြီး တစ်ကောင်ပင်။

ငင်းပေါ်လာသည်နှင့် ရှေ့ဘက်သို့ သွားရန် ချက်ချင်း အမိန့်ပေးလိုက်သည်။ ငင်းက ကြီးမားသော ခန္ဓာကိုယ်ကို လှုပ်ရှားပြီး အရှေ့ဘက်သို့ တိုးဝင်သွားသည်။

အကယ်၍ ထောင်ချောက် သို့မဟုတ် တစ်ခုခု ရှိပါက စပါအုံး မြွေကြီးသာ ခံရလိမ့်မည်။

“ရှေ့ဆက် သွားကြမယ်....”

ဟန်ဝမ်ထန်က လေးနက်စွာ ပြောလိုက်သည်။

ထို့နောက် ဆယ်ကျန်း ရှည်လျားသော စပါးအုံး မြေကြီးနောက်မှာ ဘယ်၊ ညာ ခွဲ၍ လိုက်သွားကြသည်။ ထို့အတူ တိုက်ပွဲ အစီအရင်လည်း ဖွဲ့စည်း ထားကြသည်။

ဟွန်ဝမ်ထန်တို့ အဖွဲ့က အဆင့် (၇) တိုက်ပွဲ အစီအရင်ကို ဖွဲ့စည်းထားသည်။

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်၊ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၈) ယောက်နှင့်

ဖွဲ့စည်းထားသော ထို အစီအရင်က အဆင့် (၇) ခုခံ ကာကွယ်ရေး အစွမ်း ရှိနေသည်။

ထိုအထဲတွင် ဟန်ရှီဟောင် မပါပေ။ သူက ယွမ်ဟူနယ်ပယ်သာ ရှိသေးသည်။

"ချင်ယန်...... သေကို သေရမယ်....."

ဟန်ရှီဟောင် မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။ ယခင်က ချင်ယန်သည် တန်ခိုးရှင် အများကြီး သတ်ချင် သတ်ခဲ့ဖူးလိမ့်မည်။ ရှောင်မိသားစုကို ကြီးကြီးမားမား နစ်နာသွားအောင် လုပ်ခဲ့နိုင်လိမ့်မည်။ သို့သော် သွေနတ်ဘုရား ဂူ၏

လူထုတ်စာရင်းက အင်အား တောင့်တင်း လွန်းလှသည်။

ဤမျှ သန်မာသော လူအင်အားနှင့် အလွန် သတိထား နေသောကြောင့် ထိုအခြေအနေမှ ချင်ယန် လွတ်မြောက် သွားလိမ့်မည်ဟု ဟန်ရှီဟောင် မယုံပေ။

သုံးမိနစ် ကြာပြီးနောက် ဟန်ဝမ်ထန်တို့ အဖွဲ့က အတွင်းပိုင်းသို့ ပိုမို ရောက်လာကြသည်။

"ရပ်...."

ဟန်ဝမ်ထန်က ရတ်တရတ် မျက်နှာပျက်သွားသည်။

မကြာခင် ကျန်သည့် တန်ခိုးရှင်များလည်း ပြဿနာကို သတိထား မိသွားကြသည်။

ဒီလမ်းတလျှောက် စပါအုံးမြွေ၏ အသံကို ရှင်းရှင်းလင်းလင်း ကြားခဲ့သော်လည်း ယခုအခါ စပါးအုံးမြွေ၏ အသံက လုံးဝ ပျောက်ကွယ်သွားသည်။

အကွာအဝေး ဆယ်ပေကျော်သာ ရှိသဖြင့် အသံ ပျောက်ကွယ်သွားရန် မဖြစ်နိုင်ပေ။

"တိုက်ပွဲသံ မကြားရဘူး...."

"အစီအရင် ထောင်ချောက်ထဲ ကျသွားတာလား...."

လူတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

"နတ်ဆိုးသားရဲ နောက်တစ်ကောင် ထပ်ထုတ်လိုက်...."

မကြာခင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က နတ်ဆိုးသားရဲ အိတ်ထဲမှ ဒုတိယမြောက် နတ်ဆိုးသားရဲကို ထုတ်လိုက်သည်။ ထို

နတ်ဆိုးသားရဲက ယွမ်ဟိုင်နယ်ပယ် ရှိပြီး စပါးအုံး မြေကြီးထက် ပို သန်မာသည်။

၎င်းက အရှေ့ဘက်သို့ သွားပြီး ငါးပေခန့် ကွာဝေး သွားပြီးနောက် ၎င်း၏ အသံကိုလည်း မကြားရတော့ပေ။

“ဂူသခင် (၃)၊ ကြည့်ရတာ နတ်ဆိုး သားရဲတွေက အစီအရင် ထောင်ချောက်ထဲမှာ မဟုတ်ဘူး ထင်တယ်။ အစီအရင် ထောင်ချောက်ထဲ ရောက်နေတာက ငါတို့တွေ ဖြစ်နိုင်တယ်....”

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က သုန်မှုန်နေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။ သူက ယွမ်ဒန် နယ်ပယ် အဆင့် (၄) ရှိပြီး အစီအရင် ကျွမ်းကျင်သူ ပင်...။

“တိုက်ခိုက်... အစီအရင်ကို အားသုံးပြီး ဖျက်ဆီးမယ်...”

ဟန်ဝမ်ထန် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်သည်။

ချက်ချင်း ဆိုသလို ဟန်ဝမ်ထန်တို့ အဖွဲ့က ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက် လိုက်ကြပြီး

နောက်ထပ် ဆယ်စက္ကန့် ကြာသောအခါ ဟန်ဝမ်ထန်တို့ အဖွဲ့က အစီအရင်ကို ဖျက်ဆီးနိုင်လိုက်သည်။

ယခု နေရာတွင် ချင်ယန်က အဆင့် (၅) အစီအရင်ကို ခင်းကျင်း ထားသော်လည်း အုတ်မြစ်က အလွန် မသန်မာသဖြင့် ဟန်ဝမ်ထန်တို့၏ တိုက်ခိုက်မှုကြောင့် အုတ်မြစ်က ပျက်ဆီး သွားခဲ့သည်။

"တောက်စ်...."

ဟန်ဝမ်ထန် ဒေါသ ထွက်သွားသည်။

သူတို့က မတူညီသော သွေးအနံ့ နှစ်ခုကို ရလိုက်သည်။ သူတို့ လွှတ်လိုက်သော နတ်ဆိုးသားရဲ နှစ်ကောင်က သေဆုံး နေကြပြီ...

အဆင့် (၅) နတ်ဆိုးသားရဲကို အသက်ရှင်လျက် ဖမ်းဆီးရန် ခက်ခဲသလို ပျိုးထောင်ရန် ပိုမို ခက်ခဲသည်။

"အဘိုး၊ ဒီနေရာမှ ချင်ယန် မရှိတော့မှာ ကြောက်မိတယ်....."

ယခုအချိန်တွင် ဟန်ရှီဟောင်၏ မျက်နှာ အမူအရာက ရုပ်ဆိုးနေသည်။ သူတို့က လူအင်အား

ကောင်းကောင်းနှင့် ဝင်လာခဲ့သော်လည်း ဝင်လာပြီး သိပ်မကြာခင် အသေအပျောက် ရှိလာခဲ့သည်။

သေသွားသည့် အရာက နတ်ဆိုးသားရဲသာ ဖြစ်သော်လည်း ဆုံးရှုံးမှုက မသေးလှပေ။

## အခန်း(၂၇၆) - ဟန်ဝမ်ထန် ထုတ်ရင်းပြီ

ဟန်ဝမ်ထန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။

မိုင်းတွင်းက အလွန် ရှုပ်ထွေးနေသည်။ ထိုကဲ့သို့မဟုတ်ပါက ချင်ယန်ကို အလွယ်တကူ သတ်ဖြတ်နိုင်သည်။

မိုင်းတွင်းထဲတွင် ပစ္စည်း ပုံသေ နေရာချထားရန် မကောင်းပေ။

ခြေရာခံ ရတနာကို အသုံးပြုနိုင်သော်လည်း မိုင်းတွင်း အကွေ့အကောက် များကို ဖြတ်ကျော်ပြီးနောက် ချင်ယန်က မည်သည့် နေရာ ရောက်သွားလဲ ဆိုသည်ကို ကောင်းကင်ကသာ သိလိမ့်မည်။

"ယုချန်၊ မင်းရဲ့ သိုင်းဝိဇ္ဇာဥ် သုံးလိုက်....."

ဟန်ဝမ်ထန်က သူ့အနားမှ လူတစ်ယောက်ကို ကြည့်ပြီး ပြောလိုက်သည်။ တိုက်ပွဲ အစီအရင်က အနက်ရောင် မြူခိုးများကို တွန်းထုတ်ထားသဖြင့်

အစီအရင်အထဲမှ လူများကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

“ဟုတ်ကဲ့... ဆရာ.....”

ဟန်ဝမ်ထန်ကို ပိုးသား အင်္ကျီ ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသား တစ်ယောက်က ပြန်ဖြေလိုက်သည်။ သူ့နာမည်က ကျိုင်ဝေချန် ဖြစ်ပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်ကာ ပစ်ခတ်ခြင်းဟု အမိပ္ပါယ်ရသည်။

သူ၏ ပစ်ခတ်ခြင်း စိတ်ဆန္ဒက အားမနည်းပေ။

ကျိုင်ဝေချန်၏ ခွန်အားက သာမန် ယွမ်ဟိုင် တန်ခိုးရှင်များထက် အားနည်းခြင်း မရှိပေ။

“ထွက်လာစမ်း....”

ကျိုင်ဝေချန်က အတွေးတစ်ချက်နှင့် သူ့ သိုင်းဝိညာဉ်ကို ခေါ်ထုတ်လိုက်သည်။ သူ့ သိုင်းဝိညာဉ်ကို မြင်သောအခါ အနီးအနားရှိ လူအချို့က အားကျသော မျက်လုံးများနှင့် ကြည့်နေကြသည်။

ကျိုင်ဝေချန်၏ သိုင်းဝိညာဉ်က ခေါင်းသုံးလုံး ငရဲခွေးတစ်ကောင်ပင်...

ထိုသိုင်းဝိညာဥ်က ချင်ယန်၏ အမှောင်ထု နတ်ဆိုးနဂါးနှင့် အဆင့်တူ ဖြစ်ပြီး အလွန် အစွမ်းထက်သည်။

"ဝေါင်း....."

ခေါင်းသုံးလုံး ငရဲခွေးက ပေါ်လာသည်နှင့် ဟိန်းဟောက်လိုက်သည်။ ၎င်း၏ မျက်လုံး ခြောက်လုံးထဲတွင် ရက်စက် ကြမ်းကြုတ်မှုများ ပြည့်နှက်နေသည်။

မကြာခင် သုံးမီတာ၊ လေးမီတာခန့် မြင့်မားသော ခေါင်းသုံးလုံး ငရဲခွေးက အစီအရင်ထဲမှ

ထွက်သွားသည်။ တိုက်ပွဲ အစီအရင်က ပြင်ပ လောကကို သီးခြား ခွဲထုတ် ထားသောကြောင့် တိုက်ပွဲ အစီအရင်ထဲတွင် ချင်ယန်တို့ကို အနှံ့ခံ၍ မရပေ။

ဝေါင်း........

ဆယ်စက္ကန့်ခန့် ကြာပြီးနောက် ခေါင်းသုံးလုံး ငရဲခွေးက စိတ်လှုပ်ရှားစွာ ဟိန်းဟောက်ပြီး အရှေ့ဘက်သို့ ပြေးထွက်သွားသည်။ သို့သော်လည်း ကျိုင်ဝေချန်တို့ကို မထားခဲ့ဘဲ ဆယ်မီတာ အကွာအဝေးကို ထိန်းသိမ်းထားသည်။

ရုတ်တရက် ဆိုသလို ဟန်ဝမ်ထန်တို့ အဖွဲ့ မျက်နှာ ပျက်သွားပြီး ထောင်ချောက်ထဲ ကျရောက်သွားသည်။

နောက်ထပ် အခိုက်အတန့်တွင် ပြင်းထန်သော တိုက်ခိုက်မှုများ က နေရာအနှံ့မှ ပေါ်လာသည်။

"လာ.. နီးနေပြီ..."

ကျိုင်ဝေချန်က သူ့သိုင်းဝိညာဉ်ကို ပြန် သိမ်းလိုက်သော်လည်း တုန်လှုပ် ခြောက်ခြားစရာ ကောင်းသော ပေါက်ကွဲသံကြီးက ရုတ်တရက်

ပေါ်လာပြီး သူတို့ရှေ့မှ မြင်ကွင်းက အနည်းငယ် တုန်ခါသွားသည်။

ဖူး....

ကျိုင်ဝေချန်၏ ပါးစပ်မှ သွေးများ အန်ထွက်သွားပြီး သူ့မျက်နှာက အလွန် ဖြူဖျော့ သွားသည်။ သူ့သိုင်းဝိညာဉ်နှင့် ရက်ရက်စက်စက် ဖြတ်တောက်ခြင်း ခံလိုက်ရသဖြင့် ခေါင်းတစ်ခုလုံး ပြင်းပြင်းထန်ထန် နာကျင်နေသည်။

အား........

ဟန်ဝမ်ထန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဟန်ဝမ်ထန်က သူ့ကိုယ်ပိုင်ဓါးစိတ်ဆန္ဒကို ဖောက်ခွဲ ထုတ်လိုက်သဖြင့် သူပတ်ပတ်လည် မီတာ ဒါဇင်ပေါင်းများစွာဝေးကွာသော အနေရာအထိ အထူနယ်ပယ် တစ်ခုပေါ်လာသည်။

ဟန်ဝမ်ထန်က ဓါး စိတ်ဆန္ဒကိုနားလည်နေသော အဆင့် (၆) ယွမ်ဒန်နယ်ပယ်တန်ခိုးရှင် တစ်ယောက် ဖြစ်သည်။

ဟန်ဝမ်ထန်က ခါးစိတ်ဆန္ဒကို အလွယ်တကူ မသုံးတတ်ပေ။ အများအားဖြင့် စွမ်းအားများကို စုဆောင်း နေတတ်သောကြောင့် ယခု တစ်ကြိမ် ဖောက်ခွဲ ထုတ်လိုက်သောအခါ ကြောက်စရာ ကောင်းသော တားမြစ် စွမ်းအားများက ရုတ်တရက် ထွက်ပေါ်လာသည်။

ဟန်ဝမ်ထန်၏ ကြောက်စရာ ကောင်းသော ခါးစိတ်ဆန္ဒ နယ်ပယ် အတွင်းတွင် ယွမ်ဒန် နယ်ပယ်အောက် တန်ခိုးရှင် ရှိနေပါက ချက်ချင်း သေဆုံး သွားလိမ့်မည်။

ဟန်ဝမ်ထန်က ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း မိုးကြိုးဗုံး ဖောက်ခွဲလိုက်သည်ကို သိနေသည်။ ထိုအရာက ကျိုင်ဝေချန်၏ သိုင်းဝိညာဉ်ကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သဖြင့် အနီးအနားတွင် တစ်ယောက်ယောက် ရှိနေရမည်။ အကယ်၍ ချင်ယန်သာ ရှိနေမည် ဆိုပါက ဟန်ဝမ်ထန်၏ ဓါး စိတ်ဆန္ဒက ချင်ယန်ကို တစ်ခါတည်း သတ်ဖြတ် သွားလိမ့်မည်။

ယွမ်ဒန် နယ်ပယ် အဆင့်အောက် တန်ခိုးရှင်က သူ့ ဓါးစိတ်ဆန္ဒ နယ်ပယ်ထဲမှ အသက်ရှင်လျက် ထွက်သွားရန် မဖြစ်နိုင်ပေ။

ထိုနေရာနှင့် မီတာတစ်ရာ အကွာတွင် ချင်ယန်၏ ယန္တရာသားရဲ ကျားနက်က လျှပ်စီးလက်သည့် အလား လျင်မြန်စွာ ဆုတ်ခွာနေသည်။ ယန္တရား သားရဲအပေါ်တွင် လူတစ်ယောက် ရှိနေသည်။

ကျွန်တော်တို့ ဇာတ်လိုက်ကျော်ကြီး ချင်ယန် မှလွဲ၍ အခြား မည်သူ ဖြစ်ရမည်နည်း......

အမှန်တကယ်ဆို ချင်ယန်၏ ခွန်အားနှင့် ယွမ်ဒန်နယ်ပယ် အဆင့် (၉) ရောက်နေသော ယန္တရားသားရဲ၏ ခွန်အားက ကျိုင်ဝေချန်၏ သိုင်းဝိညာဉ်ကို ဖျက်ဆီးနိုင်သည်။ သို့သော် ထိုကဲ့သို့ လုပ်လိုက်ပါက ယန္တရား သားရဲ၏ တည်ရှိမှုကို ဖော်ထုတ် ရလိမ့်မည်။ ယခုလက်ရှိတွင် ချင်ယန်က ယန္တာရား သားရဲ၏ တည်ရှိမှုကို ဖော်ထုတ်ရန် အစီအစဉ် မရှိသေးပေ။

“ခေါင်းသုံးလုံး ငရဲခွေး သိုင်းဝိညာဉ်... စိတ်မကောင်း စရာပဲ...”

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို ခေါင်းသုံးလုံး ငရဲခွေး၏ ခွန်အားက ယွမ်ဒန် နယ်ပယ်သို့ ရောက်နေသည်။

သို့သော် အဆင့် (၅) မိုးကြိုးဖုံး ငါးလုံးက အနီးကပ် ပေါက်ကွဲသွားသောအခါ ခေါင်းသုံးလုံး ငရဲခွေးလည်း ဒူးထောက် ကျသွားရသည်။

အကယ်၍ ခေါင်းသုံးလုံး ငရဲခွေးက အပြည့်အဝ ရှောင်ရှားခဲ့မည် ဆိုပါက မပျက်ဆီးနိုင်ပေ။ ချင်ယန်၏ ရည်ရွယ်ချင်က ၎င်း ကြီးကြီးမားမား ထိခိုက်သွားလျှင်ပင် လုံလောက်နေပြီ.....

သို့သော် ကျိုင်ဝေချန်၏ အမိန့်မှာ သူတို့အရှေ့ ဆယ်မီတာ အကွာမှ သွားပြီး တားဆီးထားရန်သာ ဖြစ်နေသည်။ ခေါင်းသုံးလုံး ငရဲခွေး၏ တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် တားမြစ်ထားသလို ဖြစ်နေခဲ့သည်။

မိုးကြိုးဖုံး ငါးလုံးက ခေါင်းသုံးလုံး ငရဲခွေး၏ တစ်မီတာ၊ နှစ်မီတာ အကွာတွင် ပေါက်ကွဲသွားခဲ့ခြင်း ဖြစ်သည်။

"ရပ်တော့….."

ချင်ယန်က ယန္တရား သားရဲကို ရုပ်ခိုင်းလိုက်ပြီး အောက်ဘက်သို့ ဆင်းကာ ယန္တာရား သားရဲ၏ ဝမ်းဗိုက်ထဲ ဝင်သွားသည်။

ယန္တာရား သားရဲ၏ မူလဒီဇိုင်းတွင် ထိုစွမ်းရည်မျိုး မပါဝင်ပေ။ ချင်ယန်က ပြန်လည် မွန်းမံထားခြင်း ဖြစ်သည်။

……

"စီနီယာအစ်ကို ဝေချန်…."

"စီနီယာအစ်ကို ဝေချန်… မြန်မြန် ထ….."

ဟန်ဝမ်ထန် အနားတွင် အခြားတပည့် နှစ်ယောက် ရှိနေသေးသည်။ သူတို့က ကျိုင်ဝေချန်ကို ဆေးလုံးများ ကမန်းကတန်း တိုက်ကျွေး နေကြသဖြင့် ယွမ်ချီများက ကျိုင်ဝေချန်၏ ခန္ဓာကိုယ်ထဲသို့ လျင်မြန်စွာ စီးဝင်နေသည်။ သို့သော် ကျိုင်ဝေချန်၏ သိုင်းဝိညာဉ်က သေဆုံးပြီး ပျက်စီးသွားသဖြင့် အကျိုး သက်ရောက်မှုက အကန့်အသတ်နှင့် ဖြစ်နေသည်။

ကျိုင်ဝေချန်က မေ့မြောပြီး ကိုမာ ဝင်သွားသည်။

သိုင်းဝိညာဉ် သေဆုံးသွားသောအခါ ၎င်း၏ ပိုင်ရှင်လည်း အားနည်းသွားသည်။

နိုးထလာသော သိုင်းဝိညာဉ် သေဆုံးသွားသောအခါ ၎င်း၏ ပိုင်ရှင်က ခေါင်းကိုက်နေလျှင်ပင် ပြန်လည် ပျောက်ကွယ် သွားနိုင်သည်။ သို့သော် ကျိုင်ဝေချန်က သန်မာပြီး သူ့သိုင်းဝိညာဉ် နိုးထခဲ့သည်မှာ အချိန် အတော်ကြာနေပြီ ဖြစ်သောကြောင့် သူတို့၏ ဆက်သွယ်မှု နက်ရှိုင်း လွန်းလှသည်။

ထိုကဲ့သို့ သိုင်းဝိညာဉ်မျိုး ပျက်ဆီး သွားပါက သက်ရောက်မှု ကြီးမားလွန်းလှသည်။

ဟန်ဝမ်ထန်၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုးနေသည်။ ကျိုင်ဝေချန်က သူ့ သဘောအကျဆုံး တပည့် ဖြစ်သည်။ ယခုအခါ သူ့တပည့်၏ သန်မာသော သိုင်းဝိညာဉ် ဖျက်ဆီး ခံလိုက်ရပြီ။ အဆင့် (၇) ဆေးလုံး မရှိပါက ကျိုင်ဝေချန်က သုံးလေးငါး နှစ်ခန့် ကြောက်လန့် နေလိမ့်မည်။ အကယ်၍ ဒီနှစ်များအတွင်း ပြန်လည် ကောင်းမွန်လာခြင်း မရှိပါက ဆယ်နှစ်အတွင်း

ယွမ်ဒန် နယ်ပယ်သို့ တက်လှမ်းရန် မဖြစ်နိုင်တော့ပေ။

ကျိုင်ဝေချန်က အရည်အချင်းရှိပြီး သိုင်းဝိဉာဉ် သန်မာသည်။ အကယ်၍ ယွမ်ဒန် နယ်ပယ်သို့ ရောက်ရှိ သွားပါက ဟန်ဝမ်ထန် အတွက် ကြီးကြီးမားမား အထောက်အပံ့ ဖြစ်လာလိမ့်မည်။

“အလောင်း ရှိ၊ မရှိ အခု လိုက်ရှာစမ်း.....”

ဟန်ဝမ်ထန်က ဒန်အိုးဖင်ကဲ့သို့ မည်းနက်နေသော မျက်နှာနှင့် အော်ဟစ် လိုက်သည်။

သူတို့က ချက်ချင်း လိုက်ရှာသော်လည်း မလွယ်ကူခဲ့ပေ။

ပေါက်ကွဲမှုကြောင့် မိုင်းတွင်း၏ နေရာ တော်တော်များများ ပြိုကျ ပျက်ဆီးနေသည်။ အကယ်၍ ဟန်ဝမ်ထန်၏ ခါးစိတ်ဆန္ဒက လူတစ်ယောက်ကို သတ်ခဲ့သည် ဆိုလျှင်ပင် ကျောက်တုံးများ နှစ်မြုပ် သွား နိုင်သည်။

အကယ်၍ ရွှံ့များ ဖြစ်နေမည် ဆိုပါက နတ်ဆိုးသားရဲများ၊ သိုင်းဝိညာဉ်များ ထုတ်လွှတ်ပြီး တွင်းများတူးခိုင်းရန် လွယ်ကူသေးသည်။

သို့သော် မိုင်းတွင်းထဲတွင် ကျောက်တုံး၊ ကျောက်ခဲများ ပြည့်နှက်နေသည်။ အဆင့် (၆) နတ်ဆိုးသားရဲပင် ထို ကျောက်တုံးများကို တူးဖော်ရန် အလွန် ခက်ခဲသည်။

"မင်းတို့ဆီမှာ ခြေရာခံဖို့ သင့်တော်တဲ့ နတ်ဆိုးသားရဲပဲ ဖြစ်ဖြစ်၊ သိုင်းဝိညာဉ်ပဲ ဖြစ်ဖြစ် မရှိတော့ဘူးလား...."

ဟန်ဝမ်ထန်က တင်းမာစွာ ပြောလိုက်သည်။ အနီးအနားတွင် ရှာဖွေခဲ့သော်လည်း မည်သည့် အလောင်းမှ ရှာမတွေ့ခဲ့ပေ။

လူတိုင်း နှုတ်ဆိတ် နေကြသည်။

သိုင်းဝိညာဉ်များက အစားထိုး နိုင်သည်။ အခြခံအားဖြင့် တန်ခိုးရှင်များ၏ သိုင်းဝိညာဉ်များက တိုက်ပွဲအတွက်သာ သင့်တော်ကြသည်။

တိုက်ခိုက်ရေး အမျိုးအစား သိုင်းဝိညာဉ်က ယခု နေရာတွင် မည်ကဲ့သို့ ခြေရာ ခံမည်နည်း.....

"အကြီးအကဲပင်... မင်းမှာ မရှိဘူးလား...."

ဟန်ဝမ်ထန်က မေးလိုက်သည်။

"မရှိဘူး..."

ပင်ယွီဟူက ခေါင်းခါ လိုက်သည်။ သူ့တွင် ထိုကဲ့သို့ သိုင်းဝိညာဉ် မရှိသလို ထိုကဲ့သို့ နတ်ဆိုးသားရဲကိုလည်း မထိန်းချုပ်ထားပေ။ အကယ်၍ ရှိလျှင်ပင် ချက်ချင်း ထုတ်မည် မဟုတ်ချေ။

လူတစ်ယောက် ဆုံးရှုံးသွားခြင်းက စိတ်မကောင်း စရာပင်။ အခြားလူများက ဟန်ဝမ်ထန် ပိုမို ဆုံးရှုံးသည်ကို မြင်ချင် နေကြသည်။

ဟန်ဝမ်ထန်က ဆုံးရှုံးလေလေ၊ သူတို့က ကြိုက်လေလေပင်.....

ဤနေရာတွင် ဟန်ဝမ်ထန် သေသွားပါက အကောင်းဆုံးပင်......

ယခုလက်ရှိတွင် ပင်ယွီဟူ၏ မျက်နှာ အမူအရာက ကောင်းမွန်ခြင်း မရှိသော်လည်း စိတ်ထဲတွင် တော်တော်လေး အူမြူးနေသည်။

ခေါင်းသုံးလုံး ငရဲခွေး သေသွားပြီ .... လင်းနို့ဘီလူး သိုင်းဝိညာဉ်လည်း ပြင်းပြင်းထန်ထန် ထိခိုက်သွားသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်၏ သိုင်းဝိညာဉ် ထိခိုက်သွားသည် ဆိုသော်လည်း

ချင်ယန်က ပစ္စည်းကောင်း တော်တော်များများ အသုံးပြုခဲ့ရသည်။

ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင်ကို သတ်ပစ်ခြင်း၊ အစီအရင်များ ဖွဲ့စည်းခြင်း၊ မိုးကြိုးဗုံး ပစ်ပေါက်ပြီး သိုင်းဝိညာဉ်များကို သတ်ပစ်ခြင်း စသည့် အချက်အလက်များကြောင့် ချင်ယန် ဘက်ကလည်း တော်တော်လေး အကုန်အကျ များပေလိမ့်မည်။

ချင်ယန်နှင့် ဟန်ဝမ်ထန်တို့ တစ်ယောက်ကို တစ်ယောက်ကိုက်ပြီး နှစ်ယောက်လုံး ရှုံးနိမ့်

သွားပါက သူက ပျော်ပျော်ကြီး ထိုင်ရယ်နေလိုက်မည်။ နောက်ဆုံးတွင် အကျိုးအမြတ်အားလုံးကို သူက ရိတ်သိမ်းမည်။

"အရှင်.... အပြင်ဘက်က လူတွေကို အထဲဝင်ခိုင်းလိုက်မယ်ဆို ဘယ်လိုလဲ....."

လူတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

"ပါးစပ် ပိတ်ထား...."

ဟန်ဝမ်ထန်က အေးစက်စွာ ပြောလိုက်သည်။

သူတို့အဖွဲ့တွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်လေးယောက်၊ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်အယောက် (၂၀) နှင့် ပစ္စည်းကောင်းများစွာ ပါလာသည်။

ဒါကိုပင် သူတို့က ချင်ယန်ကို မသတ်နိုင်သေးပေ။ အပြင်မှလူများကို ပြသပြီး လှောင်ရယ်ခွင့် ပေးရမည်လော......

သူတို့ဘက်က အများကြီး ကုန်ကျသွားသလို ချင်ယန်က ဘက်ကလည်း အများကြီး ကုန်ကျ

နေသည်။ ချင်ယန်နှင့် အခြားလူများကို သတ်ဖြတ်ရန် ပိုမို လွယ်ကူ လာတော့မည်။

ယခု အချိန်ကျမှ ပြင်ပလူများကို ခေါ်ပြီး အကျိုးအမြတ်များ ရိတ်သိမ်းခိုင်းရမည် ဆိုလျှင် မည်မျှ ဒေါသထွက်စရာ ကောင်းလိုက်သနည်း.....

နောက်တစ်ချက်မှာ အပြင်တွင် ကင်းစောင့်နေသော လူနှစ်ယောက်ကို ခေါ်လိုက်ပါက အခြား အင်အားစုများ ဝင်လာနိုင်သည်။

"အဘိုး.. တည်နေရာ အရင်ရှာ... ချင်ယန် အသက်ရှင်နေသေးလား ဆိုတာ အရင် စစ်ဆေးပါ...."

"တကယ်လို့ ချင်ယန် သေဆုံးသွားရိုး မှန်ရင် ကျောက်တုံးပုံထဲမှာ ငါတို့ ရှာတွေ့မှာပဲ...."

ဟန်ရှီဟောင်က ပြောလိုက်သည်။

ဟန်ဝမ်ထန်က ခေါင်းညိတ်လိုက်သည်။ သူ၏ ဓါးစိတ်ဆန္ဒကို အလွန် ယုံကြည်သည်။ ချင်ယန် သေဆုံးသွားခြင်းသာ ဖြစ်ရမည်။

မကြာခင် ဟန်ရှီထန် လက်ထဲတွင် အဆင့် (၆) ရတနာတစ်ခု ပေါ်လာသည်။

ထိုအဆင့် (၆) ရတနာနှင့် ဆိုလျှင် ချင်ယန်၏ တည်နေရာကို ကောင်းကောင်း ရှာနိုင်လိမ့်မည်။

ဟန်ရှီဟောင်က ချင်ယန်၏ ငွေ့အသက်ကို သိနေသဖြင့် မကြာခင် ချင်ယန်၏ အငွေ့အသက်ကို တုပပြီး ရတနာထဲ ထည့်သွင်းလိုက်သည်။

ငါးစက္ကန့် ကြာသွားသည်။

ရတနာက လုံး၀ မတုန့်ပြန်ပေ။

ဆယ်စက္ကန့် ကြာသွားသော်လည်း ရတနာက မတုံ့ပြန်သေးပေ။

ဟန်ဝမ်ထန်၏ မျက်လုံးများက တောက်ပလာသည်။

ဖြစ်နိုင်ချေ နှစ်ခုသာ ရှိတော့သည်။

တစ်ခုသည် ချင်ယန်က အစွမ်းထက်သော ရတနာ တစ်ခု အသုံးပြုပြီး သူ့အငွေ့အသက်ကို ဖုံးကွယ်ထားခြင်း ဖြစ်လိမ့်မည်။ နောက်တစ်ခုမှာ ချင်ယန်က သေသွားပြီ.....

## အခန်း(၂၇၇) - ရန်သူကို အထင်သေးမိခြင်း....

“အဘိုး... ချင်ယန် သေသွားပြီ... သူ သေသွားတာပဲ ဖြစ်ရမယ်...”

ဟန်ရှီဟောင်က စိတ် လှုပ်ရှားနေသော လေသံနှင့်.....

“ချင်ယန်က ရှောင်ကျူဝမ်တို့နဲ့ အတူတူ ဝင်လာခဲ့တယ်။ တကယ်လို့ အော်ရာ ဖုံးကွယ်တဲ့ ရတနာ အသုံးပြုရင်တောင် သူတစ်ယောက်ပဲ

သုံးလို့ရမှာ။ အဲ့ဒါကြောင့် သုံးမှာ မဟုတ်ဘူး။ ပြီးတော့ ဒီနေရာက မိုင်းတွင်း... အဆင့် (၆) အော်ရာ ဖုံးကွယ်တဲ့ ရတနာ အသုံးပြုရင်တောင် ဖြုန်းတီးမှု သက်သက်ပဲ....”

“မဆိုးဘူး....”

ရုပ်ဆိုးနေသော ဟန်ဝမ်ထန်၏ မျက်နှာ အမူအရာက ရုတ်တရက် ကြည်လင် ဝင်းပလာသည်။ ကျိုင်ဝေချန်၏ သိုင်းဝိညာဉ်က ဆုံးရှုံး သွားသော်လည်း ချင်ယန်ကို သတ်ဖြတ်နိုင်မည် ဆိုပါက ဆုံးရှုံးမှု မဟုတ်တော့ပေ.

"အဘိုး.... ရှောင်ကျူဝမ်နဲ့ တခြားလူတွေကို ရှာကြည့်လိုက်...."

ယခုတစ်ကြိမ်တွင် ဟန်ဝမ်ထန်က အသုံး မပြုတော့ဘဲ.. သူ့ဘေးနားမှ လူတစ်ယောက်က အဆင့် (၅ ) ခြေရာခံ ရတနာကို အသုံးပြုလိုက်သည်။

ထိုရတနာနှင့် ဟန်ဝမ်ထန် အသုံးပြုခဲ့သည့် ရတနာများက တစ်ကြိမ်သုံး မဟုတ်သော်လည်း တစ်ကြိမ် အသုံးပြုပြီးပါက အားပြန်ဖြည့်ရန် အချိန် အတော်လေး ယူရသည်။

မကြာခင် ရတနာက တုံ့ပြန်လာသည်။

“ရှောင်ကျူဝမ်နဲ့ တခြားလူတွေ အသက်ရှင်နေသေးတယ်။ ချင်ယန်က သေပြီ… ပြည့်စုံတယ်….”

ဟန်ရှီဟောင်က တစ်ချက် ပြုံးလိုက်ပြီး……

“ချင်ယန်ရဲ့ အလောင်းက ဒီကျောက်တုံးတွေအောက်မှာ ရှိရမယ်။ အဘိုး ငါ လူတချို့ ခေါ်သွားပြီး ရှောင်ကျူဝမ်နဲ့ တခြားလူတွေကို သွားဖမ်းလိုက်မယ်…. အဘိုးက ဒီမှာ ကျန်ခဲ့ပြီး ချင်ယန် အလောင်းကို ရှာလိုက်ပါလား….”

"အင်း.."

ဟန်ဝမ်ထန်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"အကြီးအကဲပင်၊ အကြီးအကဲ ရှန်၊ ရှီဟောင်နဲ့ လိုက်သွားပါလား...."

"ဂူသခင် (၃) ၊ ရှောင်ကျူဝမ်နဲ့ တခြားလူတွေကို ဖမ်းရတာက လွယ်ပါတယ်။ ကျောက်တုံးတွေက တူးဖော်ရမှာ အရမ်း များနေလို့ ဒီမှာပဲ နေလိုက်ပါ့မယ်..... အိမ်ဖော်လေး နည်းနည်းလောက်ကို လူ နည်းနည်းလောက် လွှတ်လိုက်လဲ ဘာမှ မဖြစ်ပါဘူး..."

ပင်ယွှီဟူက ကမန်းကတန်း ပြန်ပြောလိုက်သည်။

ပင်ယွှီဟူနှင့် အခြား အကြီးအကဲ တစ်ယောက်က လုံး၀ မသွားချင်ကြပေ။

ယခုနေရာမှ ထွက်သွားမည် ဆိုပါက မကြာခင် ချင်ယန်၏ အလောင်းကို ရှာတွေ့သွားပြီး သူတို့က အသားတုံးကြီး လွတ်သွားလိမ့်မည်။

"အရှင်.... ငါ သွားလိုက်မယ်..."

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်က ဟန်ဝမ်ထန်၏ သစ္စာရှိ နောက်လိုက် တစ်ယောက်ဖြစ်သည်။

ဟန်ဝမ်ထန်က သူ့အသက်ကို ကယ်တင်ဖူးသည့် ကျေးဇူးရှိသဖြင့် ဟန်ဝမ်ထန် အပေါ် သစ္စာ ရှိပါမည်ဟု ပြင်းပြင်းထန်ထန် ကျိန်ဆိုးထားသည့် လူ ဖြစ်သည်။

"ဝမ်ပိုင်... ဒါဆိုလည်း သတိထား..."

ဟန်ဝမ်ထန်က လေးနက်စွာ ပြောလိုက်သည်။

"စိတ်ချပါ.. အရှင်....."

တန်ဝမ်ပိုင်က သူ့အစွမ်းအစကို တော်တော်လေး ယုံကြည်သဖြင့် ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

သူ့ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ် အဆင့် (၃) ရှိပြီး သိုင်းဝိညာဉ်ကလည်း အားမနည်းပေ။

"မင်း.. မင်း... မင်း... မင်းတို့သုံးယောက် ရှောင်ကျူဝမ်တို့ကို အရှင်လတ်လတ် ဖမ်းဖို့ အတူတူ လိုက်သွား..."

ဟန်ဝမ်ထန်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်၊ ဟန်ရှီဟောင် အပြင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ထည့် ပေးလိုက်သည်။ ထိုလူ ရှစ်ယောက်နှင့် ဆိုလျှင်

ရှောင်ကျူဝမ်နှင့် အခြားလူများကို အနိုင်ယူရန် လွယ်ကူသင့်သည်။

"အဘိုး စိတ်မပူနဲ့... မကြာခင် ပြန်လာခဲ့မယ်..."

ဟန်ရှီဟောင်က ယုံကြည်မှု အပြည့် ရှိနေသည်။

ရှောင်ကျူဝမ်တို့ အဖွဲ့နှင့် ရှီလောင်ကျန်းကို ထည့်ပေါင်းလိုက်လျှင် သူတို့အဖွဲ့၏ တိုက်ခိုက်ရေး အစွမ်းက စာဖွဲ့စရာ မရှိပေ။

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်၊ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၆) ယောက်နှင့် ဆိုလျှင် ဟန်ရှီဟောင်က အောင်မြင်အောင် လုပ်ဆောင်နိုင်သင့်သည် မဟုတ်ပါလား……

"သွားမယ်…."

"မြန်မြန် ဖြေရှင်းကြမယ်ဟေ့….."

ဟန်ရှီဟောင်က လက်ကို ဝှေ့ယမ်းပြပြီး တက်ကြွစွာ ပြောလိုက်သည်။ သူ့ခေါင်းထဲတွင် ပြဿနာ ဖြစ်လာမည့် အတွေးမျိုး လုံးဝ မရှိပေ။

တန်ဝမ်ပိုင်တို့ အဖွဲ့က လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

လင်းနို့ဘီလူးက အတွင်းပိုင်း လမ်းကြောင်းကို ရှာဖွေထားပြီ ဖြစ်သဖြင့် ယခုလက်ရှိ ရှောင်ကျူဝမ်တို့၏ တည်နေရာကို အကြမ်းဖြင်း သိနေသည်။ ထိုနေရာသို့ ရောက်ရှိရန် အချိန်သိပ်ယူရမည် မဟုတ်ပေ။ သေချာပေါက် ရှာတွေ့လိမ့်မည်။

ငါးမိနစ် ကြာပြီးနောက်......

"လူတိုင်း သတိထားကြ...... ငါတို့တွေ ပစ်မှတ်နေရာကို ရောက်လာပြီ..... ရှောင်ကျူဝမ်တို့ အဖွဲ့နဲ့ အချိန်မရွေး တွေ့နိုင်တယ်..."

တန်ဝမ်ပိုင်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"သူတို့ကိုဖမ်း..... အချိန်တန်ရင် လူတိုင်း ပျော်လို့ရတယ်......"

ဟန်ရှီဟောင်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

လူတိုင်း၏ မျက်နှာပေါ်တွင် ရွံ့စရာကောင်းသော အပြုံးများ ပေါ်လာသည်။ သွေးနတ်ဘုရား ဂူကဲ့သို့

အင်အားစုမျိုးတွင် လူကောင်းများ မရှိပေ။ သူတို့ထဲမှ အချို့က အသက် တစ်ရာကျော်နေပြီ ဖြစ်သော်လည်း ကျင့်ကြံသူများ ဖြစ်သောကြောင့် ခန္ဓာကိုယ်က သန်မာနေဆဲ ဖြစ်သဖြင့် ရှောင်ကျူဝမ်တို့ ကဲ့သို့ မိန်းကလေး ငယ်ငယ်လေးများကို နှစ်သက်နေဆဲ ဖြစ်သည်။

ရှောင်ကျူဝမ်တို့ မိန်းကလေးအဖွဲ့က ရန်သူ ချင်ယန်၏ အိမ်ဖော်လေးများ ဖြစ်နေကြသဖြင့် အနိုင့်ကျင့်ရသည်မှာ ပို၍ ပျော်စရာ ကောင်းနေသည်။

"သတိ မပေါ့ကြနဲ့.. ဒီနေရာမှာလည်း ချင်ယန်က အစီအရင်တွေ ခင်းကျင်းထားနိုင်တယ်...."

တန်ဝမ်ပိုင် က သတိပေးလိုက်သည်။

သို့သော် လူတိုင်းက ခေါင်းထဲ မထည့်ကြပေ။

ထိုနည်းနှင့် ရှာဖွေလည်း ပြဿနာ လုံးဝ မဖြစ်နိုင်ပေ။ ချင်ယန်တို့အဖွဲ့ ဝင်ခဲ့သည့် အချိန်က သိပ်မကြာသေးပေ။ အစီအရင် နှစ်ခု ဖွဲ့စည်းနိုင်ခြင်းကပင် မဆိုးလှချေ။ သူတို့သည် ချင်ယန်က အစီအရင် ခင်းကျင်း နိုင်သည်ဟု

မထင်ကြဘဲ အစီအရင် အလံကို အသုံးပြုခဲ့သည်ဟု ထင်နေကြသည်။

ချမ်ဂျူး မြို့ဘက်ခြမ်းတွင် အစီအရင် ကျွမ်းကျင်သည့် တန်ခိုးရှင်များက အများကြီး မရှိသလို အစီအရင် အလံများကလည်း ဈေးကြီးလှသည်။ အဆင့် (၅) အစီအရင် အလံတစ်ခု၏ ဈေးနှုန်းသည် ရွှေတုံး သန်းပေါင်းများစွာ တန်သည်။ ထိုဈေးနှုန်းက သာမန် အဆင့် (၆) ဆေးလုံး တစ်လုံးကိုပင် ဝယ်ယူနိုင်သည်။

"ခေါင်းဆောင်တန်၊ ငါတို့ တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားတာပဲ.... ချင်ယန်ရဲ့ အစီအရင်ထဲ ပိတ်မိနေရင်တောင် ငါတို့ ခဏလောက်ပဲ အချိန်ဆွဲနိုင်မယ်..."

"ရှောင်ကျူဝမ် လက်ထဲမှာ ပစ္စည်းကောင်း အများကြီး ရှိနေရင်တောင် ဒီလိုမျိုး တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားလို့ ငါတို့ကို သတ်နိုင်မှာ မဟုတ်ဘူး.."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။ သူတို့က ချင်ယန်ကို

ကြောက်သော်လည်း ရှောင်ကျူဝမ်နှင့် အခြားလူများကိုမူ ခေါင်းထဲ မထည့်ပေ။

ထို့အပြင် အကောင်းဆုံး ပစ္စည်းများက ချင်ယန်လက်ထဲမှာသာ ရှိနိုင်သည်။

ယခုအခါ ချင်ယန်က သေသွားပြီ.....

“သတိထားတာ အမှား မရှိဘူး...”

တန်ဝမ်ပိုင်က လေးနက်စွာ ပြောလိုက်သည်။ သူက မည်သည့် မတော်တဆမှုမျိုးမှ မလိုချင်ပေ။

သို့သော်လည်း ကျန်သည့် တန်ခိုးရှင်များက ခေါင်းထဲ သိပ်မထည့်ကြပေ။

တန်ဝမ်ပိုနှင့် အခြားလူများ ဖွဲ့စည်းထားသည့် တိုက်ပွဲ အစီအရင်က ယွမ်ဒန် အဆင့် (၇) တိုက်ခိုက်ရေး အစွမ်းမျိုး ရှိသည်။ ဤမျှ အစွမ်းထက်သော ခုခံနိုင်စွမ်းနှင့် ဆိုလျှင် အဆင့် (၅) မိုးကြိုးဗုံး ဆယ်လုံး အနီးကပ် ပစ်ဖောက်လျှင်ပင် ခုံခံကာကွယ်မှုကို ချိုးဖျက်ရန် မဖြစ်နိုင်သေးပေ။

ယခင်ကလည်း ချင်ယန်က မိုးကြိုးပုံးများ အသုံးပြုခဲ့သေးသည်။ သူတို့ ရရှိထားသော သတင်းများအရ ချင်ယန် လက်ထဲတွင် မိုးကြိုးပုံးများ အများကြီး ရှိနေရန် မဖြစ်နိုင်ပေ။

"ခံစစ်စွမ်းအား.... ယွမ်ဒန် နယ်ပယ် အဆင့် (၇)"

ချင်ယန်က သုံးသပ်လိုက်သည်။

မိုင်းတွင်းထဲတွင် အနက်ရောင် မြူခိုးများကို ချင်ယန်က ဖန်တီးထားခြင်း ဖြစ်သဖြင့် သူ့အပေါ် သက်ရောက်မှု မရှိသလို ရှောင်ကျူဝမ်နှင့်

အခြားသူများ အပေါ်တွင်လည်း သက်ရောက်မှု မရှိပေ။

ယခုလက်ရှိ အချိန်တွင် ချင်ယန်က ယန္တရား သားရဲ၏ ဝမ်းဗိုက်ထဲတွင် ရှိနေပြီး တန်ဝမ်ပိုင်တို့ အဖွဲ့နှင့် ဆယ်မီတာကျော်သာ ဝေးကွာတော့သည်။

တန်ဝမ်ပိုင်နှင့် အခြားလူများက သတိပြုမိသင့်သော်လည်း ချင်ယန်၏ ထုတ်လုပ်ထားသော ယန္တရား သားရဲက အော်ရာ ဖုံးကွယ်နိုင်စွမ်း အလွန်ကောင်းမွန်သော ယွမ်ဒန်နယ်ပယ် အဆင့် (၉) ယန္တရား သားရဲ ဖြစ်နေသည်။ ၎င်း၏ ခွန်အားက

တန်ဝမ်ပိုင်၏ ခွန်အားထက် အများကြီး သာလွန်နေသည်။

(၁၅) မီတာ.....

(၁၄) မီတာ.....

(၁၃) မီတာ....

တန်ဝမ်ပိုင်တို့ အဖွဲ့က စကားပြော ရယ်မောရင်း ချဉ်းကပ်လာကြပြီး အန္တရာယ်ကို လုံးဝ သတိမထားမိသေးပေ။

“အခု....”

ချင်ယန်က အမှောင်ထဲတွင် ရှိနေပြီး သူနှင့် ဆယ်မီတာ အကွာ၌ သူထိန်းချုပ်ထားသော ယန္တရား သားရဲက ရုတ်တရက် လှုပ်ရှားသွားသည်။

ယန္တရား သားရဲက လက်သည်းကို ချက်ချင်း ကုတ်ချလိုက်ရာ အနက်ရောင် မြူခိုးထုကို ဖြတ်သန်းပြီး တိုက်ပွဲ အစီအရင်၏ အကာအကွယ်ကို ထိမှန်သွားသည်။

အစီအရင်၏ အကာအကွယ် အလွှာက ယွမ်ဒန် နယ်ပယ် အဆင့် (၇) ခုခံကာကွယ်ရေး အစွမ်း ရှိသော်လည်း ယန္တရား သားရဲ၏ တိုက်ခိုက်ရေး

အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့် (၉) တွင် ရှိနေသည်။

အဆင့် (၂) ဆင့် ကွာခြားမှုက တန်ဝမ်ပိုင် ဖွဲ့စည်းထားသော တိုက်ပွဲ အစီအရင်ကို တစ်စက္ကန့်အတွင်း ပြိုကျ သွားစေရန် လုံလောက်နေသည်။

ဖုန်း.......

ယန္တရား သားရဲ၏ ယွမ်ဒန် နယ်ပယ် အဆင့် (၉) တိုက်ခိုက်ရေးအစွမ်းက အစီအရင်ကို

ထိမှန်သွားသော်လည်း လက်ကျန် စွမ်းအားများက ဆက်လက် ပျံ့နှံ့နေသေးသည်။

တန်ဝမ်ပိုင်နှင့် အခြားလူများသည် တကွဲတပြားစီ လွင့်ထွက် သွားကြသည်။

ယန္တရား သားရဲ၏ အလွန် ထက်ရှသော ခြေသည်းများက တန်ဝမ်ပိုင်၏ ရင်ဘက်ထဲ ချက်ချင်း ထိုးဖောက် ဝင်ရောက်သွားကာ ဒန်တယ်က ချက်ချင်း ပျက်ဆီးသွားသည်။

တန်ဝမ်ပိုင်၏ မျက်လုံးများက ပြူးကျယ်နေသည်။ တစ်ဖက်လူက တိုက်ခိုက်မှု တစ်ခုတည်းနှင့် သူ့ကို သတ်ပစ်နိုင်ကြောင်း မသိခဲ့ပေ။

"ရန်သူ... ရန်သူ တိုက်....."

"ကယ်ကြပါအုံး...."

"အဘိုး.... ချင်ယန်ဆီမှာ ယွမ်ဒန်နယ်ပယ် အဆင့် (၉) ယန္တရား သားရဲ ရှိနေတယ်..."

ကျန်သည့် တန်ခိုးရှင်များက ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။ တိုက်ပွဲ အစီအရင်

ပျက်ဆီးပြီး အနက်ရောင် မြူခိုးများ မဖုံးလွှမ်းသေးသည့် အချိန်ခဏလေး အတွင်းတွင် တန်ဝမ်ပိုင် သေဆုံးသွားသည်ကို သူတို့ မြင်လိုက်ရသည်။

ကြီးမားသော ကျားနက်ကြီးကိုလည်း မြင်လိုက်ရသည်။

ဘုန်း….

ယန္တရား သားရဲက အမြီးကို ဝှေ့ယမ်း၍ ရိုက်ချလိုက်ရာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်

တစ်ယောက်ကို ထိမှန်ပြီး ရုတ်တရက် လွင့်ထွက်သွားသည်။

"ပြေးပြေး.. လွတ်အောင်ပြေး..."

လူတစ်ယောက်က လိပ်ခေါင်း ထွက်မတတ် ဖင်ကုန်း အော်ပြီးနောက် သူ့ခေါင်းထဲ မှတ်မိနေသော လာခဲ့သည့် လမ်းကြောင်းအတိုင်း အမှောင်ထဲသို့ လှည့်ပြေးသွားသည်။

ဖောက်....

ထွက်ပြေးနေသော ထိုတန်ခိုးရှင်၏ ရင်ဘက်ကို နောက်ကျောမှ လက်သည်း တစ်ချောင်း ဖောက်ထွက်လာသဖြင့် မျက်လုံးကြီး ပြူးပြီး ငုံ့ကြည့်လိုက်သည်။ ကျားလက်သည်း မဟုတ်ပေ။ ငွေရောင် ဝံပုလွေဘုရင်၏ လက်သည်းပင်.....

"အဘိုး.. ကယ်ပါအုံး...."

ဟန်ရှီဟောင်က ကြောက်လန့် တကြား အော်ဟစ်လိုက်သည်။

"လေကုန် ခံမနေနဲ့.... မင်းအဘိုး မကြားဘူး။ မင်းတို့လာခဲ့တဲ့ လမ်းမှာ အသံလုံ အစီအရင် တစ်ခု

ခင်းကျင်းထားတယ်။ နာခံမှုရှိရှိနဲ့ လက်နက်ချ.... ဒီလိုမှ မဟုတ်ရင် အခု သေရမယ်....."

ချင်ယန်၏ အသံက ထွက်ပေါ်လာသည်။

ဟန်ရှီဟောင်နှင့် အခြားလူများက မျက်နှာ ပျက်သွားကြသည်။

ချင်ယန် မသေသေးဘူး.......

ဝေါင်း.....

အွတ်အက်... အွတ်အက်....

ယခုအခါက ချင်ယန်က ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးနှင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) မိုးကြိုးဖွား နှစ်ကောင်ကို ထုတ်ပေးထားပြီး ၎င်းတို့က သူတို့၏ အော်ရာများကို ဖုံးကွယ်ထားခြင်း မရှိပေ။

ထိုအချိန်တွင် ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေ ဘုရင်တို့ကလည်း သူတို့၏ ကြောက်စရာကောင်းသော အော်ရာများကို ထုတ်လွှတ်ထားကြသည်။

"ယွမ်. ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် သုံးယောက်...."

သူတို့ထဲမှ တစ်ယောက်က အမုန်တကယ် သွေးပျက်နေပြီး တုန်ယင်နေသော အသံနှင့် ရေရွတ်လိုက်သည်။ မယုံကြည်နိုင် ဖြစ်နေကြသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်......

"မိတ်ဆက် ပေးပါရစေ။ ယွမ်ဒန်နယ်ပယ် အဆင့် (၉) ယန္တရား သားရဲ။ ယွမ်ဒန် နယ်ပယ် အဆင့် (၃) ငွေရောင် ဝံပုလွေဘုရင်၊ ယွမ်ဒန်နယ်ပယ် ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီး...။

ပြီးတော့ ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) မိုးကြိုးဖား နှစ်ကောင်လည်း ရှိသေးတယ်။ ငါ့မှာလည်း ပစ္စည်းကောင်းတွေ အများကြီး ရှိသေးတယ်။ မင်းတို့ အနိုင်ယူနိုင်မယ် ထင်ရင် စမ်းကြည့်လိုက်လေ...”

“မင်းတို့ဘက်က နာခံမှု ရှိရှိနဲ့ လက်နက်ချရင် မင်းတို့ကို အသက်ရှင်ရက် ဖမ်းမယ်။ ဒါဆိုရင် ငါလည်း ဒီနေရာက အသက်ရှင်ရက် ထွက်သွားနိုင်မယ်။ အချိန်တန်ရင် သွေးနတ်ဘုရား ဂူက အကျိုးအမြတ်တောင် ရအုံးမယ် မဟုတ်လား...”

"မင်းတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ကိုယ့်ဘာသာကိုယ် ပြန်ပိတ်လိုက်... စဉ်းစားချိန် ဆယ် စက္ကန့်ပေးမယ်..... ဒီလိုမှ မဟုတ်ရင် သေရမယ်...."

"ဒါနဲ့ စကားမစပ်၊ မင်းတို့ရဲ့ သိုလှောင် လက်စွပ်ထဲက ပစ္စည်းတွေ မဖျက်ဆီးနဲ့အုံး။ ဒါက ငါ့ရဲ့ တိုက်ပွဲ အကျိုးအမြတ်ပဲ။ တကယ်လို့ ငါရှာတွေ့ရင် ရက်စက်တယ်လို့ အပြစ်မတင်နဲ့"

ဟန်ရှီပေါင်နှင့် အခြားလူများ၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုး နေကြသည်။

တိုက်ခိုက်မည် ဆိုပါက သူတို့ဘက်မှ မနိုင်နိုင်ပေ။

သူတို့ဘက်မှ ခြောက်ယောက် အသက်ရှင်နေသေးသော်လည်း ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် တစ်ယောက်နှင့် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် တစ်ယောက် သေဆုံး သွားခဲ့ပြီ.....

ချင်ယန် ဘက်တွင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်ရှိပြီး တစ်ကောင်က ယွမ်ဒန် နယ်ပယ် အဆင့် (၉) ဖြစ်နေသေးသည်။ ကွာဟချက်ကြီးမားလွန်းလှသည်။

သူတို့တွင် အဆင့် (၆) တိုက်ခိုက်ရေး ရတနာများ ရှိလျှင်ပင် ယွမ်ဒန် နယ်ပယ် အဆင့် (၉) ကို ထိခိုက်အောင် လုပ်နိုင်ပါမည်လော.......

## အခန်း(၂၇၈) - အဘိုး ပစ္စည်းကောင်းလေး ပါလာတယ်....

"မင်းတို့မှာ ငါးစက္ကန့် ကျန်သေးတယ်..... သိုလှောင် လက်စွပ်ကို ဖွင့်ပြီး ကျင့်ကြံခြင်း အဆင့်ကို ပိတ်လိုက်....."

ချင်ယန်၏ သွေးအေး ရက်စက်သော အသံက ထွက်ပေါ်လာသည်။

ဟန်ရှီဟောင်နှင့် အခြားလူများက သေသေချာချာ နားထောင် ကြည့်သော်လည်း သူတို့ကို ကယ်တင်မည့် လူများ မပေါ်လာခဲ့ပေ။

ဆယ်စက္ကန့်က လျင်မြန်စွာ ကုန်ဆုံးသွားသည်။

ဟန်ရှီဟောင်နှင့် အခြားလူများက ခုခံ ကာကွယ်မှုကို လက်လျှော့လိုက်ပြီး လက်နက်များ ပစ်ချကာ ကျင့်ကြံခြင်း အဆင့်ကို ပိတ်လိုက်ကြသည်။

ထုံးစံအတိုင်း သူတို့၏ သိုလှောင် လက်စွပ်များက ပွင့်နေသည်။

အမှောင်ထဲကို လုံးဝ မမြင်နိုင်သော်လည်း ချင်ယန်၏ ခွန်အားက သူတို့ထက် ပိုမို သန်မာနေပြီး သူတို့သာ ခုခံမည် ဆိုပါက သေဆုံးဖို့သာ ရှိတော့သည်။

ချင်ယန်က အသက်ရှင်လျက် ဖမ်းထားမည် ဆိုပါက အသက်ရှင်နိုင်မည့် အခွင့်အရေး ရှိသေးသည်။

ရှီ……

ချင်ယန်က ယန္တရားသားရဲ၏ ဝမ်းပိုက်ထဲမှ မထွက်လာသော်လည်း သူ၏ ချီစွမ်းအင်က

ဟန်ရှီဟောင် ခန္ဓာကိုယ်ထဲ ဝင်သွားပြီး ကျင့်ကြံခြင်း အဆင့်ကို ထပ် ပိတ်လိုက်သည်။

ယခုအခါ ဟန်ရှီဟောင်နှင့် အခြားလူများ၏ သိုလှောင်လက်စွပ်က ချင်ယန် လက်ထဲ ရောက်နေသည်။

"ခြေရာခံ ရတနာ....."

ချင်ယန်က လက်ထဲတွင် အဆင့် (၆) ခြေရာခံ ရတနာ တစ်ခု ရှိနေသည်။

ဟန်ရှီဟောင်တို့ အဖွဲ့က သူတို့ကို ရှာဖွေရန် ထိုရတနာကို အသုံးပြုခဲ့ကြသည်။

ထိုရတနာကို ဟန်ရှီဟောင်၏ သိုလှောင် လက်စွပ်ထဲမှ ရရှိခဲ့သည်။

ထို့အပြင် အခြား ပစ္စည်းကောင်းများလည်း ပါသေးသည်။

ဟန်ရှီဟောင်နှင့် အခြားလူများကို ထို ပစ္စည်းကောင်းများကို ချင်ယန် လက်ထဲ မပေးချင်ဘဲ အမှန်တကယ် ဖျက်ဆီး ချင်ခဲ့ကြသည်။ သို့သော် သူတို့ ဖျက်ဆီးလိုက်ပါက သဲလွန်စများ

ကျိန်းသေပေါက် ကျန်ခဲ့လိမ့်မည်။ ထိုကဲ့သို့ ဖျက်ဆီးခဲ့ပါက သူတို့ကို သတ်ပစ်မည်ဟု ချင်ယန်က သတိပေးပြီးသား ဖြစ်သည်။

ဟန်ရှီဟောင်နှင့် အခြားလူများသည် ချင်ယန်က သူတို့ကို မသတ်ရဲဘူးဟု မထင်ကြပေ။

ယခုအခါ တန်ဝမ်ပိုင်က အလောင်းတစ်လောင်း ဖြစ်နေပြီ.....

"ယန္တရားသားရဲရဲ့ ဝမ်ဗိုက်ထဲ ဝင်နေတာ ကံကောင်းသွားတယ်... ဒီလိုမှ မဟုတ်ရင် ငါ့ကို သေချာပေါက် ခြေရာခံမိမှာ..."

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။ ယန္တရားသားရဲကို ယွမ်ဒန် အဆင့် (၉) သို့ မြှင့်တင်ခြင်းက ပညာရှိသော ရွေးချယ်မှုတစ်ခု ဖြစ်ခဲ့သည်။ အကယ်၍ ထိုကဲ့သို့ အဆင့် မမြှင့်တင်ထားပါက ယန္တရား သားရဲ၏ ဝမ်းဗိုက်ကို မွန်းမံထားလျှင်ပင် အဆင့် (၆) ခြေရာခံ ရတနာက သူ့တည်ရှိမှုကို အာရုံ ခံမိသွားလိမ့်မည်။

ထိုအခါ ဟန်ဝမ်ထန်နှင့် အခြားလူများက ယခုကဲ့သို့ လူစုခွဲလာတော့မည် မဟုတ်သလို

ဟန်ရှီဟောင်တို့ အဖွဲ့ကို အလွယ်တကူ ဖမ်းယူရန် မဖြစ်နိုင်တော့ချေ။

"ဟန်ရှီဟောင်... ငါ့ကို ကြည့်စမ်း..."

ချင်ယန်က ယန္တရား သားရဲ၏ ဝမ်းဗိုက်ထဲမှ ထွက်ပြီး ဟန်ရှီဟောင်ကို ချက်ချင်း စိတ်ညှို့လိုက်သည်။

ကျန်သည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များကို ချင်ယန်က စိတ်ညှို့ရန် ခက်ခဲသော်လည်း ယမ်ဟူ နယ်ပယ်သာ ရှိသေးသည့် ဟန်ရှီဟောင်ကို စိတ်ညှို့ရာတွင် ပြဿနာ ကြီးကြီးမားမား မရှိပေ။

မကြာခင် ချင်ယန်က ဟန်ရှီဟောင်ကို အောင်မြင်စွာ စိတ်ညှို့ လိုက်နိုင်သည်။

"ဟန်ရှီဟောင်၊ ဒီသိုလှောင် လက်စွပ်ထဲမှာ မိုးကြိုးဗုံးတွေ ထည့်ထားလိုက်...။ ပြီးတော့ မင်းအဘိုး သံသယ မဝင်အောင်လုပ်ပြီး အနားကပ် သွားလိုက်....."

"အနားရောက်ပြီ ဆိုတာနဲ့ မိုးကြိုးဗုံးတွေကို ချက်ချင်း ဖောက်ခွဲလိုက်..."

ချင်ယန်က မိုးကြိုးဗုံး အလုံး (၂၀) ထုတ်ပြီး ပေးလိုက်သည်။ ထို မိုးကြိုးဗုံး အားလုံးက အဆင့် (၅) ပြည့်စုံခြင်း အဆင့်များ ဖြစ်နေကြသည်။

“ဟုတ်.....”

ဟန်ရှီဟောင်က တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။

သို့သော် အခြား တန်ခိုးရှင်များက စိတ် မတည်ငြိမ်နိုင်တော့ဘဲ မျက်လုံး ပြူးနေကြသည်။

ယခုလက်ရှိ အချိန်တွင် ဟန်ဝမ်ထန်နှင့် အခြားလူများက တိုက်ပွဲ အစီအရင်

မဖွဲ့စည်းထားကြပေ။ ကြိုတင် ပြင်ဆင်မှု မရှိဘဲ မိုးကြိုးပုံးများ အနီးကပ် ပေါက်ကွဲသွားမည် ဆိုပါက ဟန်ဝမ်ထန်က သေဆုံးသွားရန် များနေသည်။

"ချင်ယန်၊ ဒီလိုလုပ်လို့ မရဘူး...."

"ချင်ယန်၊ မင်းက ဂူသခင် (၃) ကို သတ်လိုက်တာနဲ့ ဒီနေရာက အသက်ရှင်ရက် ထွက်သွားဖို့ မဖြစ်နိုင်တော့ဘူး..."

"ချင်ယန်၊ အပြင်မှာ တခြား ရန်သူတွေလည်း ရှိနေသေးတယ်..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက တစ်ယောက် တစ်ပေါက် ဝိုင်းပြော နေကြသည်။ သူတို့၏ ကျင့်ကြံခြင်းအဆင့်ကို ပိတ်ဆို့ ထားသော်လည်း စကားပြောရန် ပြဿနာ မရှိပေ။

"ပါးစပ် ပိတ်ထား...."

ချင်ယန်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များထံ ပြေးသွားပြီး လူတိုင်းစေ့ ပါးဖြတ်ရိုက်လိုက်ရာ သွားများ ကျွတ်ထွက်ကုန်သည်။

"ဟန်ရှီဟောင်၊ ပြန်သွားပြီးတော့ မင်းအဘိုးကို သတင်းကောင်း ပေးလိုက်...."

"ရှောင်ကျူ့ဝမ်နဲ့ အခြားလူတွေကို အရှင်လတ်လတ် ဖမ်းမိထားတယ်လို့ ပြောလိုက်...."

"ဒါပေမဲ့ လူ အများစုကတော့ အသတ်ခံလိုက်ရတယ်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဟုတ်...."

ဟန်ရှီဟောင်က ချက်ချင်း ထွက်သွားသည်။ ထုံးစံအတိုင်း ချင်ယန်က ဟန်ရှီဟောင်၏ ကျင်ကြံခြင်း အဆင့်ကို ပြန်ဖွင့် ပေးလိုက်သည်။

ဟန်ရှီဟောင်က ဝင်လာခဲ့သည့် အချိန်တွင် သတိ အလွန် သတိထား ခဲ့သော်လည်း ပြန်ထွက်သွားသည့်အခါ မိနစ် အနည်းငယ်သာ ကြာမြင့်ခဲ့သည်။

ဟန်ရှီဟောင်က အလွန် လျင်မြန်ပြီး တစ်မိနစ် အတွင်းမှာပင် ဟန်ဝမ်ထန်နှင့် အခြားလူများ အနားသို့ လျင်လျင်မြန်မြန် ချဉ်းကပ်သွားသည်။

"အဘိုး.. သတင်းကောင်း.. သတင်းကောင်း...."

"ရှောင်ကျူဝမ်နဲ့ အခြားလူတွေကို ဖမ်းမိထားပြီ... ဟား... ဟား..."

"ရှောင်ကျူဝမ်ဆီက တော်တော်လေး ကောင်းတဲ့ ပစ္စည်းတစ်ခု တွေ့ခဲ့တယ်။ ပစ္စည်း ကောင်းလေးမို့ အဘိုးကို လာပြတာ….."

ဟန်ရှီဟောင်က အနားကပ်သွားရင်း စိတ်လှုပ်ရှားစွာ အော်ဟစ်နေသည်။

ဟန်ဝမ်ထန်က ဟန်ရှီဟောင်၏ အသံကို ကြားပြီး ကျောက်တုံးများ ဖယ်ထုတ်နေခြင်းကို ဆက် မလုပ်တော့ပေ။ ဟန်ရှီဟောင် ပြောနေသည့် 'တော်တော်လေး ကောင်းတဲ့ ပစ္စည်း' ဟူသော စကားလုံးကို စိတ်ဝင်စား သွားသည်။

"ဂူသခင် (၃)၊ ပစ္စည်းကောင်းရရင် ငါတို့ကိုလည်း ဝေမျှ ပေးရမယ်..."

"ဟုတ်တယ်..."

ပင်ယွီဟူနှင့် အကြီးအကဲရှန်တို့လည်း အနား ကပ်လာကြသည်။

ဟန်ဝမ်ထန်တို့ အဖွဲ့က လုံးဝ သံသယ မဝင်ကြပေ။

ကြာချိန်က အလွန် တိုတောင်းလှသဖြင့် ဟန်ရှီပောင်က ချင်ယန် လက်ထဲတွင် စိတ်ညို့ ခံလိုက်ရသည်ဟု မည်သူက ထင်မည်နည်း....။

သို့သော် ယခု လက်ရှိတွင် ဟန်ရှီပောင်က စိတ်ညို့ခြင်း ခံထားရသည်။

"ရှီပောင်၊ ဒါ ဘာလဲ..."

ဟန်ဝမ်ထန်က စိတ်ဝင်တစား မေးလိုက်သည်။

ဟန်ရှီပောင်က ရှောင်ကျူဝမ်နှင့် အခြား မိန်းကလေးများကိုပင် စိတ်မဝင်စား

နိုင်လောက်အောင် ပြန် ပြေးလာခဲ့သဖြင့် သာမန် ပစ္စည်းတော့ မဖြစ်နိုင်ချေ။

"အဘိုး၊ ဒီမှာလေ...."

ဟန်ရှီဟောင်က ထိုကဲ့သို့ ပြောရင်း သိုလှောင်လက်စွပ်ထဲမှ မိုးကြိုးဗုံး အလုံး (၂၀) ကို ထုတ်ယူကာ မြေပြင်ပေါ်ကို ကြမ်းကြမ်းတမ်းတမ်း ပစ်ပေါက်လိုက်သည်။

"လခွမ်းပဲ.... ပြေး.."

ဟန်ဝမ်ထန်က အော်ဟစ်လိုက်သည်။ ထိုကဲ့သို့ အော်ပြောရင်း အလွန် လျင်မြန်စွာ ဆုတ်ကာ နတ်ဆိုးသားရဲ၏ နောက်တွင် ပြေးပုန်းလိုက်သည်။

ဝုန်း……..

နောက်ထပ် အခိုက်အတန့်တွင် ကမ္ဘာကြီး ပြိုကျသွားပြီဟု ထင်ရလောက်အောင် ကြောက်စရာ ကောင်းသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ မိုးကြိုးပုံး အလုံး (၂၀) လုံးက မြေပြင်နှင့် ထိမှန်ပြီး ပြင်းထန်စွာ ပေါက်ကွဲသွားသည်။

အဆင့် (၅) ပြည့်စုံခြင်း အဆင့် မိုးကြိုးဖုံး တစ်လုံး၏ ပေါက်ကွဲအားက တောင်ကုန်းလေး တစ်ခုကို ဖျက်ဆီးရန် ပြဿနာ မရှိပေ။ ယခုမူ မိုးကြိုးဖုံး အလုံး (၂၀) တပြိုင်နက်တည်း ပေါက်ကွဲသွားခြင်း ဖြစ်ပြီး နေရာကလည်း မိုင်းတွင်း အလုံးပိတ် နေရာ ဖြစ်နေသဖြင့် ပေါက်ကွဲမှု စွမ်းအားက အလွန် ပြင်းထန် လွန်းလှသည်။

အဖြစ်အပျက်က ရုတ်တရက် ဖြစ်ပွား သွားခဲ့ခြင်း ဖြစ်သဖြင့် တုံ့ပြန်မှု နှေးသည့် တန်ခိုးရှင်များက အပိုင်းပိုင်း ဖြစ်အောင် ပေါက်ကွဲ သွားကြသည်။

အကြီးအကဲရှန်က ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ဖြစ်သော်လည်း တုံ့ပြန်မှု အနည်းငယ် နှေးကွေးခဲ့သဖြင့် ယွမ်ချီ၏ ခုခံကာကွယ်မှု ချက်ချင်း ပြိုကျကာ သူ့ခန္ဓာကိုယ်က အပိုင်းပိုင်း ဖြစ်သွားပြီး မြင့်မားသော အပူချိန်ကြောင့် အသားတုံးများက မီးသွေးခဲများ ဖြစ်သွားသည်။

အပြင်ဘက်တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်သာ အစောင့်အဖြစ် ကျန်ခဲ့ပြီး ကျန်သည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၈) ယောက်က အထဲသို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။

ထိုအထဲတွင် ခြောက်ယောက်က ရှောင်ကျူဝမ်တို့ကို သွားဖမ်းသည့် အထဲတွင် လိုက်သွားပြီး ဒီနေရာတွင် (၁၂) ယောက် ကျန်ခဲ့သည်။ ထိုအထဲမှ (၉) ယောက်က ပေါက်ကွဲမှုနှင့် အလွန် နီးကပ်နေပြီး အနီးဆုံး ခြောက်ယောက်က အချိန်မီ တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပေ။ ထိုအထဲမှ နှစ်ယောက်က အပူလောင်ပြီး ချက်ချင်း သေဆုံး သွားခဲ့သည်။

"အား..."

"ကယ်ပါအုံး.. ကယ်ပါအုံး...."

ဝေါင်း....

နတ်ဆိုး သားရဲများ၏ အော်ဟစ်သံများ၊ လူများ၏ အော်ဟစ်သံများနှင့် ငရဲပြည်ကြီး တစ်ခုအလား ဆူညံပွက်လောရိုက်နေသည်။ နတ်ဆိုးသားရဲ၏ နောက်တွင် ပုန်းနေခဲ့သော တန်ခိုးရှင်များပင် မသေခဲ့သော်လည်း ဟန်ဝမ်ထန် အပါအဝင် လူတိုင်းက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားကြသည်။

မိုင်းတွင်းက အလွန် ကြီးမားသည်။ သို့သော် ဤမျှ ကြီးမားသော ပေါက်ကွဲမှုကို မခံနိုင်သဖြင့် တုန်ခါပြီး ပြိုကျလာသည်။

ဝုန်း.. ဒုန်း.....

မိုင်းတွင်းက လျင်မြန်စွာ ပြိုကျနေသည်။

ဟန်ဝမ်ထန်က လုံးဝကို မျက်စိပျက်၊ မျက်နှာပျက် ဖြစ်နေပြီး ကြောက်လန့်တကြား ထွက်ပြေး တော့သည်။ ပင်ယွီဟူလည်း အပြင်ဘက်သို့ ထွက်ပြေးသွားသည်။ ကျောက်တုံး

တော်တော်များများ ပြိုကျရင်း သူတို့နောက်မှ လိုက်ပါလာသည်။

အချိန်တိုလေး အတွင်းမှာပင် ဟန်ဝမ်ထန်တို့ နှစ်ယောက်က လွတ်မြောက်အောင် ထွက်ပြေး နိုင်ခဲ့သည်။ သို့သော် သူတို့နောက်မှ မိုင်းတွင်းက လုံးဝ ပြိုကျသွားခဲ့ပြီ။

ထိုအထဲတွင် အသက်ရှင်နေဆဲ ဖြစ်သော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များနှင့် နတ်ဆိုး သားရဲများက အရှင်လတ်လတ် မြေမြှုပ် ခံလိုက်ရသည်။

ပေါက်ကွဲသွားသဖြင့် အတွင်းပိုင်း အပူချိန်က အလွန် ကြောက်စရာ ကောင်းနေသည်။ အကယ်၍ မြေမြုပ်ခံလိုက်ရပါက ကျိန်းသေပေါက် သေဆုံးသွားလိမ့်မည်။

"ဘာတွေ ဖြစ်နေတာလဲ...."

လှိုဏ်ဂူ ဝင်ပေါက်တွင်.....

သွေးနတ်ဘုရားဂူမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်နှစ်ယောက်က တုန်လှုပ် နေကြသည်။ သူတို့နှစ်ယောက်က ကျယ်လောင်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။ မြေပြင်

တစ်ခုလုံးကလည်း လျှော် လှုပ်သကဲ့သို့ ပြင်ထန်စွာ တုန်ခါသွားသည်။

"ဘာတွေ ဖြစ်နေတာလဲ...."

"အသံကလည်း အကျယ်ကြီးပဲ...."

အပြင်ဘက်တွင် ရှိနေသော ထောင် မိသားစု၊ ရန်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များကလည်း တုန်လှုပ် နေကြသည်။ သူတို့ နေရာက လှိုဏ်ဂူ အပေါက်ဝနှင့် တစ်ကီလိုမီတာခန့် ဝေးသော်လည်း မြေပြင်

တုန်ခါမှုကို ခံစားလိုက်ရ သေးသဖြင့် တုန်ခါမှုအားက မသေးလှပေ။

ဖူး.....

ဟန်ဝမ်ထန်နှင့် ပင်ယွီဟူ တို့နှစ်ယောက်သည် အကွေ့အဝေး တစ်ခုရောက်အောင် ပြေးလာကြပြီး ရပ်တန့်လိုက်ကာ ပါးစပ်မှ သွေးများ အန်ထွက်လာကြသည်။

သူတို့နှစ်ယောက်က မယုံကြည်နိုင်သော မျက်လုံးများနှင့် တစ်ယောက် မျက်နှာ၊ တစ်ယောက် ကြည့်နေကြသည်။

သူတို့က တန်ခိုးရှင် အများကြီးနှင့်အတူ ချင်ယန်တို့ကို သတ်ဖြတ်ရန် လှိုဏ်ဂူထဲ ဝင်ခဲ့သော်လည်း ယခုအခါ သူတို့ နှစ်ယောက်သာ အသက်ရှင်လျက် ကျန်ရစ်ခဲ့တော့သည်။

ထို့အပြင် သူတို့ နှစ်ယောက်လုံးကလည်း ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားကြသည်။

ဆံပင်များ မီးကျွမ်းနေပြီး အဝတ်အစားများလည်း စုတ်ပြတ်နေကာ သူတောင်းစားက အဖေခေါ်ရမည့် ပုံစံမျိုး ဖြစ်နေသည်။

၅၁၃ ခုနှစ်ပေါက်ကလည်း သွေးများ စီးကျနေသေးပြီး အလွန် အင်မတန်ကို သနားစရာ ကောင်းနေသည်။

ပိုဆိုးသည်က သူတို့ ခန္ဓာကိုယ် အတွင်းပိုင်း အခြေအနေပင်......

သူတို့၏ ပြင်ပ ဒဏ်ရာများက အလွန် ပြင်းထန်သော်လည်း ပြန်လည် ပျောက်ကင်းရန် လွယ်ကူသည်။ သို့သော် အတွင်းဒဏ်ရာ များကမူ ကောင်းမွန်သော ဆေးလုံးများ မရှိပါက

တစ်နှစ်တည်းနှင့် သက်သာ ပျောက်ကင်းမည် မဟုတ်ချေ။

"ဂူသခင်(၃)၊ ငါတို့ ဘာလုပ်ကြမလဲ..."

ပင်ယွီဟူ၏ အသံက အမှန်တကယ်ပင် ပြာနေသည်။ ယခုကဲ့သို့ အခြေအနေနှင့် အပြင်ထွက်သွားမည် ဆိုပါက အပြင်ဘက်မှ တန်ခိုးရှင်များကို သူတို့နှစ်ယောက်ကို ပျော်ပျော်ရွှင်ရွှင် ဝိုင်း သတ်ကြလိမ့်မည်။

"သေတာကလွဲရင် တခြား ဘာတွေ ရွေးချယ် ချင်နေတာလဲ..."

ထိုစဉ် ချင်ယန်၏ အေးတိအေးစက် အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

နောက်ထပ် အခိုက်အတန့်တွင် ကျားနက်ကြီး တစ်ကောင်က လျင်မြန်စွာ ပြေးလာနေသည်။

ထိုကျားနက်ကြီး နောက်တွင် ယွမ်ဒန် နယ်ပယ် အဆင့် (၃) ငွေရောင် ဝံပုလွေဘုရင်လည်း ပါလာသည်။

ဟန်ဝမ်ထန်၏ မျက်လုံး သူငယ်အိမ်က တုန်ခါ သွားသည်။ ယခုလက်ရှိတွင် သူတို့၏ ခွန်အားက ယွမ်ဟိုင်နယ်ပယ် အထိ ကျဆင်းသွားသည်။

သို့သော် ကျားနက်ကြီးနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က ယွမ်ဒန် နယ်ပယ် ဖြစ်နေသည်။

"ယီးပဲ...."

ဟန်ဝမ်ထန်က စိတ်ထဲမှ ကြမ်းကြမ်းတမ်းတမ်း အော်ဆဲလိုက်သည်။ သို့လျှောင် လက်စွပ်ထဲမှ ရတနာကို ထုတ်ယူချင်သော်လည်း ယခုအချိန်တွင် သူတို့နှစ်ယောက်လုံး၏ ဝိညာဉ်စွမ်းအင် အတက် အကျက မမှန်တော့ပေ။

ဖြစ်ပျက်နေသည့် ပုံစံက အရှုံးသမား တစ်ယောက်တွင် အိမ်သော့ ရှိနေသော်လည်း

အမှုးလွန်ပြီး သော့ပေါက်မှန်အောင် မထိုးနိုင်သလို ဖြစ်နေသည်။

"ချင်ယန်၊ နေအုံး...."

ဟန်ဝမ်ထန်က အော်ဟစ်လိုက်သည်။ သို့သော် ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က လုံးဝ မရပ်တန့်ခဲ့ပေ။ သူတို့ လက်သည်းများနှင့် သက်ဆိုင်ရာ လူ့အသီးသီးကို ကုတ်ချလိုက်သည်။

ပင်ယွီဟူလည်း လေထဲ မြောက်တက်သွားသည်။

သူတို့ နှစ်ယောက်လုံးတွင် ကာကွယ်ရေး ရတနာများ ဝတ်ဆင် ထားသော်လည်း ယခုအခါ စွမ်းအင်များက ကုန်ဆုံးနေသည်။

“ချင်ယန်.. မင်း... မင်း....”

ဟန်ဝမ်ထန်က မယုံကြည်နိုင်ဘဲ မျက်လုံး ပြူးနေသည်။ သူ့ ရင်ဘက်ပေါ်တွင် နက်ရှိုင်းသော လက်သည်းရာကြီး ရှိနေပြီး သွေးများ အဆက်မပြတ် စီးကျနေသည်။ ဤမျှ ပြင်းထန်သော ဒဏ်ရာကြောင့် အသက်ရှင်ရန် မည်သို့မှ မဖြစ်နိုင်တော့ပေ။

ပင်ယွီဟူက လေထဲမှာပင် အသက်ပျောက်သွားသည်။

"သွေးနတ်ဘုရားဂူက မင်းကို သတ်....."

ဟန်ဝမ်ထန်က ထို စကားလုံးများကို ဖျစ်ညှစ်ပြီး ပြောသွားရင်း ချင်ယန်ကို ဒေါသတကြီး စိုက်ကြည့်သွားသည်။ ထို့နောက် နောက်ဆုံး တစ်ချက် အသက်ရှူပြီး သေဆုံးသွားသည်။

## အခန်း(၂၇၉) - မီးနဂါး အင်ပါယာနဲ့ ရှောင်မိသားစု တို့က သွေးတိုးစမ်းခြင်း

"အခြေအနေက ဘာကြီးလဲ...."

"ဘာဖြစ်လို့ ဒီလို လှုပ်သွား ရတာလဲ...."

လှိုဏ်ဂူအဝတွင် စောင့်ကြပ်နေသော တန်ခိုးရှင်နှစ်ယောက်က စဉ်းစား မရဖြစ်နေကြသည်။ သူတို့ဟန့်ဝမ်ထန်၏ နောက်ဆုံး အော်ဟစ်ကို မကြားလိုက်ကြပေ။

ချင်ယန်က ဟန်ဝမ်ထန်ကို သတ်ဖြတ်ရန် ထွက်ပေါ်လာသည့် အချိန်က သူ သန့်စင်ထားသော အသံလုံ အဆောင်ကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။

"အခုလေးတင် ပေါက်ကွဲ သွားတာက မိုင်းတွင်းထဲမှာရှိတဲ့ ဓါတ်ငွေ့ အကြွင်းအကျန်တွေ ပေါက်ကွဲသွားတာလား မသိဘူးနော်......"

"ဒီလို ဖြစ်နိုင်တယ်..."

တန်ခိုးရှင် နှစ်ယောက်က အသံပို့လွှတ်ပြီး ပြောဆို နေကြသလို ထောင်မိသားစုနှင့် အခြား အင်အားစုမှ တန်ခိုးရှင်များ ကလည်း

သူတို့အချင်းချင်း အသံပို့လွှတ်ပြီး ပြောဆို နေကြသည်။ သူတို့ကလည်း ထိုအတိုင်းသာ သုံးသပ် နေကြသည်။

ယခုလေးတင် ထွက်ပေါ်လာသော ပေါက်ကွဲမှုက ပြင်းထန် လွန်းလှသည်။ ဟန်ဝမ်ထန်၏ ခွန်အားနှင့် ဤမျှ ပြင်းထန်သော ပေါက်ကွဲမှုမျိုးကို အသုံးပြုရန် မလိုအပ်ပေ။

ချင်ယန် အတွက်ကမူ သူ့လက်ထဲတွင် ဤမျှ များပြားသော ဗုံးများ မရှိနိုင်ပေ။

ယခင်က ချင်ယန်သည် မည်ကဲ့သို့ ရလာမှန်း မသိသော မိုးကြိုးဗုံးများကို အသုံးပြုခဲ့သော်လည်း ဤမျှ များပြားသော ဗုံးများကို ရရှိရန် မဖြစ်နိုင်ပေ။

ထို့အပြင် ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲတွင်လည်း အသုံးပြု ခဲ့သေးသည်။

မိုင်းတွင်းထဲရှိ မီးလောင် ပေါက်ကွဲလွယ်သော ဓါတ်ငွေ့များ ပေါက်ကွဲ သွားခြင်းသာ ဖြစ်လိမ့်မည်။ တန်ခိုးရှင်များကို ထိုအဖြစ် အပျက်များကို မကြုံတွေ့ဖူးသော်လည်း ကြားဖူးနားဝ ရှိကြသည်။

အချိန်များက တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးလာနေသည်။

လှိုဏ်ဂူထဲတွင် ချင်ယန်က ယန္တရား သားရဲနှင့်ငွေရောင် ဝံပုလွေဘုရင်ကို တူးဖော် ခိုင်းနေသည်။

ပေါက်ကွဲမှုကြောင့် အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရသော တန်ခိုးရှင်များ၏ သိုလှောင်လက်စွပ်က အကောင်းတိုင်း ရှိနေ နိုင်သေးသည်။ ထိုအထဲတွင် ပစ္စည်းကောင်းများ ရှိသင့်သည်။

"အရှင် ဂူသခင် (၃)"

"အကြီးအကဲ ပင်...."

ဆယ်မိနစ်ကျော် စောင့်ပြီးနောက် ဟန်ဝမ်ထန်နှင့် အခြားလူများ မထွက်လာသေးသဖြင့် လှိုဏ်ဂူ အပေါက်ဝတွင် ရှိနေသော တန်ခိုးရှင် နှစ်ယောက်က မတည်ငြိမ် နိုင်တော့ပေ။

သူတို့ နှစ်ယောက်က အကြိမ်ကြိမ် အခါခါ အော်ခေါ် နေသော်လည်း ဟန်ဝမ်ထန်တို့ ဘက်မှ ပြန်လည် တုံ့ပြန်ခြင်း မရှိပေ။

သွေးနတ်ဘုရားဂူမှ တန်ခိုးရှင် နှစ်ယောက်၏ စိတ်ခံစားချက်ကလည်း မကောင်းတော့ပေ။

ဟန်ဝမ်ထန်တို့ အဖွဲ့က ချင်ယန်တို့ကို သတ်နိုင်သည်ဖြစ်စေ၊ မသတ်နိုင်သည် ဖြစ်စေ လူလွှတ်ပြီး တစ်ခုခုတော့ ပြောသင့်သည်။

ယခုမူ မည်သူမှ လာ မပြောသလို အော်ခေါ်နေသည်ကိုလည်း ပြန်လည် ဖြေကြားခြင်း မရှိပေ။

“တစ်ခုခုတော့ မှားနေပြီ…”

“သူတို့ အားလုံးကို ချင်ယန် သတ်လိုက်ပြီလား မသိဘူး…”

“ ဒီလို မဖြစ်နိုင်ပါဘူး…”

ထောင်မိသားစု၊ ရန်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက သူတို့အချင်းချင်း တိတ်တိတ်လေး ဆွေးနွေး နေကြသည်။ သို့သော် မည်သူကမှ အလျှင်လိုသည့် ပုံစံမျိုး မရှိကြပေ။

ဆယ်မိနစ်ကျော် ကြာသွားသည်။

"အထဲဝင်ပြီး အခြေအနေ သွားကြည့်ရအောင်.."

"သွားမယ်..."

နောက်ဆုံးတွင် သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်နှစ်ယောက်က သိချင်စိတ်ကို မထိန်းနိုင်ကြတော့ပေ။ သူတို့က ဒီအတိုင်းလည်း မထွက်သွားဝံ့ပေ။ ထွက်သွားပါက သေချာပေါက် အသတ် ခံရလိမ့်မည်။

ထို့ကြောင့် အခြေအနေ သိရှိရအောင် မိုင်းတွင်း ဝင်ရုံသာ ရှိတော့သည်။

(၃) မိနစ် ကြာပြီးနောက်......

ဖောက်... ဖောက်...

ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့ တိုက်ခိုက်လိုက်ရာ သွေးနတ်ဘုရားဂူမှ တန်ခိုးရှင် နှစ်ယောက်လုံး တပြိုင်နက်တည်း သေဆုံး သွားကြသည်။

သူတို့က ချင်ယန် ခင်းကျင်းထားသည့် အစီအရင် ထောင်ချောက်ထဲ ကျရောက်သွားပြီး အစီအရင်ကို မချိုးဖျက်နိုင်ခင် ချင်ယန် လက်နှင့် သေသွားကြသည်။

"သွေးနတ်ဘုရားဂူက တန်ခိုးရှင် အားလုံးတော့ သတ်ပြီးပြီ...."

ချင်ယန်သည် စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သော်လည်း မာန် မတက်သွားခဲ့ပေ။

သူက ပြန်လည် မွေ့ဖွား လာသောကြောင့် အတွေ့အကြုံ ကြွယ်ဝနေသူ၊ ယန္တရား သားရဲက ယွမ်ဒန်နယ်ပယ် အဆင့် (၉)၊ ငွေရောင် ဝံပုလွေ ဘုရင်က ယွမ်ဒန်နယ်ပယ် အဆင့် (၃) သာ ရှိသော်လည်း တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့် (၆) သို့ ရောက်နေပြီး ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီး၏ တိုက်ခိုက်ရေး အစွမ်းကလည်း ယွမ်ဒန် နယ်ပယ်

အဆင့် (၂)နှင့် မိုင်းတွင်းကဲ့သို့ နေရာမျိုးတွင် သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များကို သတ်ဖြတ်နိုင်ခြင်းက ပုံမှန်သာ ဖြစ်သည်။

"ငါ့ရဲ့ မိုးကြိုး ဗုံးလေးတွေတော့ နှမြောစရာ ပဲ..."

ချင်ယန်က ကြိတ်ပြီး သက်ပြင်း ချလိုက်သည်။ မိုးကြိုးဗုံးများက အလွန် အသုံးဝင် နေသေးသည်။

ချမ်ဂျူး အကယ်ဒမီကို ပြန်ရောက်ပါက ဝေ့ကျင့်ဝူကို လည်ပင်း ညှစ်နိုင်မည့် နည်းလမ်း ရှာရမည်။

"ဟန်ဝမ်ထန်ရဲ့ သိုလှောင် လက်စွပ်ထဲမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိနေတာ ကံကောင်းတယ်။ ဒီလိုမှ မဟုတ်ရင် ဒီတစ်ကြိမ် တော်တော်လေး အရှုံး ပေါ်သွားမှာ..."

ချင်ယန်က ရှောင်ကျူဝမ်တို့ အဖွဲ့ ရှိနေသည့် နေရာကို ပြန်လာခဲ့သည်။ သူမတို့က အခြေအနေကို တိတိကျကျ မသိရသဖြင့် အလွန် စိုးရိမ် နေကြသည်။

ချင်ယန်က ဘေးကင်းကင်းနှင့် ပြန် ရောက်လာသည်ကို မြင်လိုက်မှ ရှောင်ကျူဝမ်တို့

မိန်းကလေး သုံးယောက်သည် ရင်ထဲမှ အပူလုံးကြီး ကျသွားပြီး သက်ပြင်း ချနိုင်တော့သည်။

"မဟာသခင်ချင်... အခုလေးတင် ဖြစ်သွားတဲ့ ပေါက်ကွဲမှုက...."

ရှီလောင်ကျန်းက သံသယ စိတ်နှင့် မေးလိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်.....

"သွေနတ်ဘုရားဂူက အဖွဲ့ထဲမှ ပဋိပက္ခ ဖြစ်နေတဲ့ပုံပဲ.... ဘယ်လို အခြေအနေ ဖြစ်နေလဲတော့ ငါလည်း မသိဘူး..."

ရှီလောင်ကျန်းက ကြိတ်ပြီး မျက်လုံး ပြူးသွားသည်။

သူတို့ကို သတ်ရန် လိုက်လာသည့် သွေနတ်ဘုရား ဂူမှ တန်ခိုးရှင်များက သူတို့အချင်းချင်း ထပြီး ရန် ဖြစ်ကြမည်လော......

လုံး၀ မဖြစ်နိုင်ပေ။

ရှီလောင်ကျန်းက ချင်ယန်၏ စကားကို လုံးဝ မယုံပေ။

"သခင်လေး.. ငါတို့ ကူညီပေးနိုင်တာ ရှိလား...."

ရှောင်ကျူဝမ်က မေးလိုက်သည်။

လူတိုင်းက ချင်ယန်ကို လှမ်းကြည့် လိုက်ကြသည်။ သူတို့က လှိုဏ်ဂူထဲ ဝင်လာပြီးနောက် ဘာမှ မလုပ်ဘဲ စောင့်ရုံသာ စောင့်နေခဲ့ရသည်။

"အခု လောလောဆယ်တော့ ဘာမှ လုပ်စရာ မလိုသေးဘူး...."

"ကောင်းကောင်း လေ့ကျင့်ထား..."

ချင်ယန်က အမြန် ထိုင်ချပြီး စတင် ကျင့်ကြံလိုက်သည်။

သွေးနတ်ဘုရားဂူမှ တန်ခိုးရှင် နှစ်ဆယ်ကျော်က သွေးအပြစ် သင့်နေကြသည်။ အထူးသဖြင့် ဟန်ဝမ်ထန်ပင်။ သူ့တို့ကို သတ်ဖြတ် လိုက်သောကြောင့် ချင်ယန်က ကုသိုလ် စွမ်းအား တော်တော်လေး ရလိုက်သည်။

ကုသိုလ် စွမ်းအားကို ယခုအချိန်တွင် အသုံးပြုမည် ဆိုပါက ချင်ယန် အပြည့်အဝ အသုံးချနိုင်မည် မဟုတ်ပေ။

သို့သော်လည်း ချင်ယန်က ကုသိုလ် စွမ်းအား အသုံးပြုပြီး ကျင့်ကြံခြင်း အဆင့်ကို စုစည်းလိုက်မည် ဆိုပါက ယွမ်ဟိုင် နယ်ပယ်သို့ တက်လှမ်း နိုင်ရုံသာမက ခွန်အားလည်း အများကြီး တိုးတက် လာလိမ့်မည်။

“ယွမ်ဟိုင် နယ်ပယ်ကို တက်လှမ်းချင်ရင် စိတ်ဆန္ဒ ရှာဖွေရမယ်....”

ချင်ယန်၏ မျက်လုံးများက တလက်လက် တောက်ပနေသည်။

အခြား ကျင့်ကြံသူများက ယွမ်ဟိုင်နယ်ပယ် တက်လှမ်းနိုင်ရန် အချိန်များစွာ ပေးပြီး စိတ်ဆန္ဒကို နားလည်အောင် လုပ်ရသည်။ သို့သော် ချင်ယန်ကမူ လုံး၀ မလိုအပ်ပေ။ ယွမ်ဟိုင်နယ်ပယ် ရောက်ရှိသည်နှင့် သူ့ခွန်အားက တဟုန်ထိုး မြင့်တက် လာလိမ့်မည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ထောင်မိသားစု ၊ ရန်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက အလောတကြီး မလုပ်ကြသေးဘဲ တိတ်တိတ်လေး စောင့်နေကြဆဲပင်။

သွေ့နတ်ဘုရားဂူမှ တန်းခိုးရှင်များ အားလုံး လှိုဏ်ဂူထဲ ဝင်သွားသော်လည်း သူတို့ အားလုံး သေဆုံး သွားပြီဟု မည်သူမှ မထင်ကြသေးပေ။

ယခုလက်ရှိ လှုပ်ရှားမှု မရှိခြင်းသည် သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များက သူတို့

ဝင်လာမည့် အချိန်ကို စောင့်ဆိုင်း နေခြင်းသာ ဖြစ်လိမ့်မည်။

သေသည် ၊ ရှင်သည် မသိရသော်လည်း တစ်ညတာ ကုန်လွန် သွားခဲ့သည်။

နေလုံးကြီး မြင့်တက်လာသည်။

မိုင်းတွင်း ဝင်ပေါက်က တော်တော်လေး တည်ငြိမ်နေသည်။ ဖြာကျနေသော နေရောင်အောက်တွင် တိတ်ဆိတ်၍ ငြိမ်းချမ်း နေသည်။

တန်ခိုးရှင်တိုင်းက တစ်ညလုံး စောင့်ကြည့်နေသော်လည်း မလှုပ်ရှားကြ သေးပေ။ ချင်ယန်တို့အဖွဲ့ အထဲ ဝင်သွားကြသည်။ သွေးနတ်ဘုရားဂူမှ တန်ခိုးရှင် နှစ်ဆယ်ကျော်လည်း ဝင်သွားသည်။ သို့သော်လည်း ထူးဆန်းလောက်အောင် တိတ်ဆိတ်နေသည်။

"တောက်စ်.. အိပ်ပျော် နေကြတာလား..."

ကျိုဝူချန်က စိတ်ထဲမှ ကြိတ်ဆဲလိုက်သည်။ နေလုံးကြီးက သူတို့ ခေါင်းပေါ် ရောက်နေပြီ....

ဆောင်းရာသီ နေရောင် ဖြစ်သောကြောင့် သက်တောင့် သက်သာ ရှိသော်လည်း စောင့်ဆိုင်းရခြင်းက ငြီးငွေ့စရာ ကောင်းလွန်းလှသည်။

"ဒုတိယ ခေါင်းဆောင်၊ ထောင်မိသားစုနဲ့ ရန်မိသားစုက အရင်ဆုံး လှုပ်ရှားမှာ မဟုတ်လောက်ဘူး။ ပြီးတော့ ဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုကြီးက အရမ်း ပြင်းထန်တယ်။ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ ကြီးကြီးမားမား ထိခိုက်သွားတာ ဖြစ်နိုင်တယ်။ ချင်ယန်တို့လည်း မပေါ်လာဘူး ဆိုတော့ သွေးနတ်ဘုရား ဂူက

တန်ခိုးရှင်တွေရဲ့ အခြအနေက ပုံမှန် မဟုတ်တာ သေချာနေပြီ....”

“တကယ်လို့ ငါတို့ ဝင်သွားမယ်ဆိုရင် တစ်ခုခု ညှိုနှိုင်းပြီး လည်ပင်းညှစ်လို့ ရလောက်တယ်....”

ကျိုဝူချန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ရှောင်ဝမ်ချန်၏ မျက်လုံးများက တောက်ပနေသည်။ ကျိုဝူချန်၏ သုံးသပ်ချက်က တော်တော်လေး အကျိုးအကြောင်း ဆီလျှော်နေသည်။

သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များက သူတို့ ဒဏ်ရာကို ပြန်လည် ကုသနေခြင်း ဖြစ်နိုင်သည်။ အကယ်၍ သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ ဒဏ်ရာ ပြန် မသက်သာလာခင် သူတို့ ဝင်သွားပါက ကောင်းကောင်းလေး လည်ပင်းညှစ်၍ ရနိုင်သည်။

သူဖြတ်ကျော်ခဲ့သော အတွေ့အကြုံ မျိုးစုံကြောင့်လည်း ထိုဖြစ်နိုင်ခြေက ဖြစ်နိုင်ခြေများနေသည်။

"အစ်ကို ကျိုက ဘာပြောချင်တာလဲ.... လောင်းကြေး ထပ်ကြည့်မလို့လား..."

ကျိုဝူချန်က အသံပို့ လွှတ်လိုက်ပြီး......

"ငါတို့တွေ ဝင်ပေါက်ကို အရင်သွားကြမယ်.. အဲ့မှာ မီးခိုးမှိုင်း တိုက်တာတို့.. ဘာတို့ တစ်ခုခု လုပ်ကြည့်ကြမယ်...."

ရှောင်ဝမ်ချန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ အထဲ မဝင်ရသရွေ့ လက်ခံနိုင်သည်။

"ဒါဆိုလည်း စမ်းကြည့်ကြတာပေါ့...."

ရှောင်ဝမ်ချန်နှင့် ကျိုဝူချန်တို့ အဖွဲ့က ပုန်းနေသော နေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြသည်။

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက တောက်ပသော မျက်လုံးများနှင့် ချက်ချင်းလှမ်းကြည့် နေကြသည်။

ရှောင်မိသားစုတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၂) ယောက်ပါသည်။ အချို့က ရှောင်မိသားစုမှ ဖြစ်ပြီး အချို့က ငွေပေးပြီး ဖိတ်ခေါ်ထားခြင်း ဖြစ်သည်။

ကျိုဝူချန် အနားတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက် ရှိနေသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၉) ယောက် နှင့် ယွမ်ဟိုင် နယ်ပယ် နတ်ဆိုး သားရဲများ ပါသောကြောင့် သူတို့အင်အားကို လျှော့တွက်၍ မရပေ။

"ထောင်ချောက်တွေ အခု ပြင်တော့..."

ရှောင်ဝမ်ချန်နှင့် ကျိုဝူချန်တို့က တပြိုင်နက်တည်း အမိန့် ပေးလိုက်ကြသည်။

နာရီဝက်ခန့် ကြာပြီးနောက် သူတို့အဖွဲ့က မိုင်းတွင်း အပေါက်ဝတွင် အစွမ်းထက်သော ထောင်ချောက်များစွာ ခင်းကျင်း ထားကြသည်။ မိုင်းတွင်းထဲမှ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ထွက်ပြေး လာလျှင်ပင် ထောင်ချောက်ထဲ ရောက်သွားပါက ခက်ခဲသော ဘဝ တစ်ခု ဖြစ်သွားမှာ အသေအချာပင်။

"သွား... သစ်သား အစိုတွေ ခုတ်လာခဲ့...."

ရှောင်ဝမ်ချန်က အမိန့်ပေးလိုက်ပြီး မကြာခင် သစ်ပင်းကြီးများကို ခုတ်လာကြသည်။

လှိုဏ်ဂူအဝတွင် သစ်ကိုင်းများ၊ သစ်ရွက်များနှင့် သစ်ပင် ပင်စည်များကို စုပုံပြီး မီးရှို့လိုက်ကြသည်။ ထို့နောက် အပေါ်မှ ဆီထပ်ထည့် ပေးနေသည်။

"မီးခိုး မှိုင်းတိုက်..."

မီးခိုးများ အူထွက်လာသည်နှင့် နတ်ဆိုးသားရဲ တစ်ကောင်က အတောင်ပံများ တဖျတ်ဖျတ် ခတ်ပြီး ဂူအထဲသို့ မီးခိုးများ မှုတ်သွင်းနေသည်။ မီးခိုးများက လှိုဏ်ဂူအတွင်းသို့ အဆက်မပြတ် စီးဝင်သွားသည်။

အပေါက်ဝတွင် ထောင်ချောက်များ ခင်းကျင်းထားသောကြောင့် အထဲမှ တန်ခိုးရှင်များ ထွက်လာပြီး သူတို့အား ရုတ်တရက် သတ်ဖြတ်မည်ကို ကြောက်စရာ မလိုပေ။

ရှောင်ဝမ်ချန်နှင့် အခြားလူများ လုပ်စရာလိုသည်မှာ လှိုဏ်ဂူ အတွင်းသို့ မီးခိုးများ အဆက်မပြတ် မှုတ်သွင်းနေရန်သာ လိုအပ်သည်။

မိုင်းတွင်း၏ အတွင်းပိုင်းက အလွန် ရှုပ်ထွေးပြီး အလွန် နက်ရှိုင်းသော်လည်း ရှောင်ဝမ်ချန် တို့အဖွဲ့က မီးခိုးများ အဆက်မပြတ် မှုတ်သွင်း နေသရွေ့

တစ်ချိန်ချိန်တွင် မိုင်းတွင်းတစ်ခုလုံး မီးခိုးများ ပြည့်နှက် သွားလိမ့်မည်။

ကျင့်ကြံသူများက အသက် အောက်နိုင်သည် ဆိုသော်လည်း အချိန် ကန့်သတ်ချက် ရှိသည်။ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင် ထူပိန်းနေသော မီးခိုးထဲတွင် အချိန် အကြာကြီး မနေနိုင်ချေ။

ဆယ်မိနစ်ခန့် ကြာပြီးနောက်......

ချင်ယန်က ရုတ်တရက် မျက်လုံး ဖွင့်လိုက်ပြီး သူ့အကြည့်က ယခင်ကထက် ပိုမို စူးရှလာသည်။

ရှီလောင်ကျန်းနှင့် အခြားလူများက ချင်ယန်ထံမှ ထူးခြားမှု မခံစားမိသော်လည်း ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်သို့ ရောက်ရှိ သွားသည်။

"ချင်ယန်၊ အပြင်ဘက်ကနေ တစ်ယောက်ယောက်က မီးခိုးမှိုင်း တိုက်နေလို့ ရေခဲနံရံ ဖန်တီးပြီးတော့ ပိတ်ထားရတယ်..."

ရှောင်ကျူဝမ်က သတိထားပြီး ပြောလိုက်သည်။

လွန်ခဲ့သော ငါးမိနစ် ကတည်းက ရှောင်ကျူဝမ်နှင့် အခြားလူများက မီးခိုးအနံ့

ရနေခြင်း ဖြစ်သည်။ သို့သော် ထိုအချိန်တွင် ချင်ယန်က လေ့ကျင့်နေသေး သဖြင့် ရှောင်ကျူဝမ်နှင့် အခြားလူများက ချင်ယန်ကို အနှောက်အယှက် မဖြစ်ရအောင် ထိုင်စောင့် နေခဲ့ခြင်း ဖြစ်သည်။

## အခန်း(၂၈၀) - မီးနဂါး အင်ပါယာနဲ့ ရှောင်မိသားစု တို့ မိုင်းတွင်းထဲ ဝင်လာခြင်း...

ရေခဲနံ့ရံနှင့် မီးခိုးများကို တားဆီးမည် ဆိုပါက ယာယီသာ တားဆီး နိုင်လိမ့်မည်။

ရေရှည် တားဆီးမည် ဆိုပါက အချိန်ကြာသည်နှင့်အမျှ ချင်ယန်နှင့် အခြားသူများ အသက်ရှူကြပ်ပြီး သေဆုံး သွားလိမ့်မည်။

"စီနီယာ အစ်မ ရေခဲနံ့ရံကို ဖွင့်လိုက်..... အပြင် ခဏ သွားအုံးမယ်...."

ချင်ယန်က မတ်တပ်ထရပ်ပြီး ပြောလိုက်သည်။

ရှောင်ကျူ့ဝမ်က ချင်ယန်နောက်မှ လိုက်ပြီး ရေခဲနံ့ရံဘက်သို့ လိုက်သွားသည်။ သူမ၏လက်ကို ရေခဲနံ့ရံပေါ် တင်လိုက်ရာ မီတာဝက်ခန့် ကျယ်သော အပေါက်လေးတစ်ခု ချက်ချင်း ပေါ်လာပြီး မီးခိုးများ အဆက်မပြတ် စီးဝင်လာသည်။

"ချင်ယန်၊ သတိထားနော်....."

ရှောင်ကျူဝမ်၏ မျက်လုံးထဲတွင် စိုးရိမ်မှုများ ပြည့်နှက်နေသည်။

"စိတ်မပူနဲ့....."

ချင်ယန် ထွက်သွားသည်နှင့် ရှောင်ကျူဝမ်က ရေခဲနံရံကို အမြန် ပြန်ပိတ်လိုက်သည်။

သိပ်မကြာခင် ချင်ယန်က မိုင်းတွင်း အပေါက်ဝနှင့် မဝေးသော နေရာကိုသို့ ရောက်ရှိလာပြီး အစီအရင် အကာတစ်ခု ခင်းကျင်းလိုက်သည်။

ထို အစီအရင် အကာက အလွန် ပါးလွှာပြီး ခုခံကာကွယ်နိုင်စွမ်း ကောင်းမွန်းခြင်း မရှိသော်လည်း မီးခိုးများကို တားဆီးရန် ပြဿနာ မရှိပေ။

အစီအရင် ခင်းကျင်းပြီးနောက် ချင်ယန်က ယန္တရား သားရဲ၏ ဝမ်းဗိုက်ထဲ ဝင်သွားပြီး ယန္တရား သားရဲက ဘေးတစ်နေရာတွင် ပုန်းနေသည်။

"ဘာတွေ ဖြစ်နေတာလဲ....."

"ဘာဖြစ်လို့ မီးခိုးတွေက မဝင်တော့တာလဲ...."

မကြာခင် ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာမှ တန်ခိုးရှင်များ သတိထား မိသွားကြသည်။ ချင်ယန်က အစီအရင် အကာနှင့် တားဆီး ထားသောကြောင့် မီးခိုးများ ဆက်လက် ဝင်ရောက်နိုင်မှသာ ထူးဆန်း နေလိမ့်မည်။

ကျိုဝူချန်က လေးနက်သော အမူအရာနှင့်.....

“ဒီအချိန်မှာ မိုင်းတွင်းထဲ မီးခိုးတွေ ပြည့်နေဖို့ မဖြစ်နိုင်သေးဘူး။ ဒီတော့ ဖြစ်နိုင်ချေ တစ်ခုပဲ ရှိတယ်။ တစ်ယောက်ယောက်က မီးခိုးတွေ

မဝင်နိုင်အောင် တစ်ခုခု လုပ်ထားတာပဲ ဖြစ်ရမယ်.....”

ရှောင်ဝမ်ချန်က.....

“အနည်းဆုံး အထဲမှာ လူတွေရှိနေသေးတယ် ဆိုတဲ့ သက်သေပဲ။ မိုင်းတွင်းထဲမှာ တခြား လမ်းကြောင်း မရှိနိုင်ဘူး....”

မိုင်းတွင်းထဲတွင် တိတ်ဆိတ် နေသည်မှာ ကြာနေပြီ ဖြစ်သဖြင့် အထဲမှ လူများ အခြားလမ်းကြောင်း တစ်ခုခုမှ ထွက်ပြေးသွားမည်ကို သူတို့ စိုးရိမ် နေကြသည်။

ကျိုဝူချန်က ခေါင်းညိတ်လိုက်ပြီး....

"ဒုတိယ ခေါင်းဆောင်၊ အခုလက်ရှိ အခြေအနေကို မင်း ဘယ်လို ထင်လဲ....။ အခြေအနေကို စစ်ဆေးဖို့ အတူတူ ဝင်ကြမလား... ဒါမှမဟုတ် တခြားလူတွေကို အရင်ဝင်ခွင့်ပေးပြီး စစ်ဆေးခိုင်းမလား။.....”

ရှောင်ဝမ်ချန်က ခတ္တမျှ စဉ်းစားလိုက်ပြီး.....

"အရင်ဆုံးတော့ ချင်ယန် အသက်ရှင် နေသေးလား ဆိုတာ ခြေရာခံ ရတနာ အသုံးပြုပြီး စစ်ဆေးရမယ်....”

"ဒုတိယ ခေါင်းဆောင်.. ငါ့ဆီမှာ ဒီလို ရတနာတွေ မရှိတော့ဘူး...."

ကျိုဝူချန်က မချိပြုံး ပြုံးပြီး ပြောလိုက်သည်။

ခြေရာခံ ရတနာက အလွန် တန်ဖိုးကြီးသည်။ ယခင် မီးနဂါး အင်ပါယာက ချင်ယန်နောက်သို့ အမဲလိုက်စဉ် အချိန်က ထိုကဲ့သို့ ရတနာများကို အသုံးပြု ခဲ့ရလိမ့်မည်။

မီးနဂါး အင်ပါယာက ကြယ် (၅) ပွင့် အင်အားစု ဖြစ်လာသည်မှာ မကြာသေးသဖြင့် အခြေခံ အုတ်မြစ်က ထိုမျှ မကောင်းသေးပေ။

"ရှောင်မိသားစုမှာ နည်းနည်းလေး ရှိသေးတယ်...."

ရှောင်ဝမ်ချန်က လေးနက်စွာ ပြောလိုက်သည်။ ယခင် သူတို့ မိသားစုထံ ပြန်သွားသည့် အချိန်က ပစ္စည်းကောင်းများ ထည့်ပေးလိုက်သည်။

"ဒုတိယ ခေါင်းဆောင်၊ ရှောင်ကျူဝမ်နဲ့ တခြားလူတွေ အသက်ရှင်နေသေးလား ဆိုတာ စစ်ဆေးကြည့်ပါ...... ရှောင်ကျူယင်နဲ့ ရှန်းယုလင်းတို့က တော်တော်လေး ခွန်းအားနဲ့တော့ စစ်ဆေးရတာ လွယ်တယ်..."

"အင်း..."

မကြာခင် ရှောင်ဝမ်ချန်က အဆင့် (၅) ရတနာကို အသုံးပြုပြီး ရှန်းယုလင်းကို ရှာဖွေလိုက်သည်။ ရတနာ တုံ့ပြန်လာရန် အချိန်က သိပ်မကြာလိုက်ပေ။

ရှန်းယုလင်း အသက်ရှင် နေသေးသည်။

ထိုရလဒ်က ရှောင်ဝမ်ချန်၏ မျှော်လင့်ချက် အတွင်းသာ ရှိနေသေးသည်။

သွေးနတ်ဘုရားဂူက ချင်ယန်ကို သတ်ခဲ့လျှင်ပင် ရှောင်ကျူဝမ်တို့ မိန်းကလေး အဖွဲ့ကို မသတ်ဘဲ အသက်ရှင်လျက် ဖမ်းနိုင်ခြေ များနေသည်။

"ဒုတိယ ခေါင်းဆောင်... ချင်ယန်ကို နောက်တစ်ကြိမ် စစ်ဆေး ကြည့်ပါအုံး...."

"ရှန်းယုလင်း၊ ဒီနေရာမှာ ရှိနေသေးတော့ ချင်ယန်လည်း ဒီနေရာမှာ အသက်ရှင်နေလိမ့်မယ်..."

"တကယ်လို့ သူသေပြီး လှူပ်ရှားမှု မရှိရင် ရှန်းယုလင်းတို့ မိန်းကလေး အဖွဲ့က သွေးနတ်ဘုရားဂူ လက်ထဲ ရောက်နေပြီ...."

ကျိဝူချန်က ပြောလိုက်သည်။

ရှောင်ဝမ်ချန်က လေးနက်သော လေသံနှင့်.....

"အစ်ကိုကျိ၊ ငါတို့ ရှောင်မိသားစုက ဒီလို ရတာမျိုး သုံးနေရတာဆိုတော့..... အချိန်တန်လို့ ရတနာတွေ ခွဲဝေတဲ့ အချိန်ကျရင် ငါတို့ကို များများ ခွဲပေးရမယ်..."

"ဒါပေါ့...."

ကျိုဝူချန်က လျင်မြန်စွာ ပြန်ပြောလိုက်သည်။

ကျိုဝူချိန်က ရတနာ အနည်းငယ်သာ ရလျှင်ပင် ချင်ယန်ကို သတ်နိုင်သရွေ့ အလွန်ပျော်ရွှင်မိလိမ့်မည်။

ရှောင်မိသားစုတွင်လည်း ထိုကဲ့သို့ ရတနာများ အလွန် နည်းပါးလှသည်။

မကြာခင် ရတနာကို အသုံးပြုလိုက်သည်။ သို့သော် ဆယ်စက္ကန့် ကြာသည့် တိုင်အောင် တုံ့ပြန်မှု မရခဲ့ပေ။

"ချင်ယန် သေဖို့ များသွားပြီ...."

ရှောင်ဝမ်ချန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး ကျိုဝူချန်က ပို၍ပင် စိတ်လှုပ်ရှား နေသည်။ ချင်ယန်က သေသွားပြီ... သူတို့ မီးနဂါး အင်ပါယာက အေးအေးချမ်းချမ်းနှင့် ဖွံ့ဖြိုး တိုးတက်အောင် လုပ်နိုင်တော့မည်။

"ဒုတိယ ခေါင်းဆောင်.... ဟန်ရှီဟောင်ကို ထပ်ရှာ ကြည့်ရအောင်......"

"ဟန်ရှီဟောင်ရဲ့ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူ နယ်ပယ် ရှိတယ်။ အခု သွေးနတ်ဘုရားဂူက တစ်ခုခု ဖြစ်နေတယ်ဆိုရင် ဟန်ရှီဟောင်က မတော်တဆ ဖြစ်သွားဖို့ များတယ်...."

ကျိုဝူချန်က အကြံပြု လိုက်သည်။

ရှောင်ဝမ်ချန်က တွန့်ဆုတ်နေသော အမူအရာနှင့် အဆင့် (၅) ရတနာ နောက်တစ်ခုကို ထုတ်ယူလိုက်သည်။ ရှောင်မိသားစု၏ ပိုင်ဆိုင်မှုက

တော်တော်လေး အင်အား ကောင်းလျှင်ပင် ဤမျှ အသုံးပြုလိုက်ခြင်းက အသည်းကွဲစရာ ကောင်းနေသည်။

"အမ်....."

ဆယ်စက္ကန့်ကျော် ကြာသွားပြီးနောက် ရတနာက မတုံ့ပြန်သေးပေ။

ရှောင်ဝမ်ချန်နှင့် ကျိုဝူချန်တို့က စိတ်လှုပ်ရှားနေသော အမူအရာများနှင့် တစ်ယောက်မျက်နှာ၊ တစ်ယောက် ကြည့်လိုက်ကြသည်။

ရတနာက တုံ့ပြန်မှု မရှိပေ။

အကယ်၍ ဟန်ရှီဟောင်သာ တိုက်ပွဲထဲတွင် မရှိခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း ရတနာ အသုံးပြုထားလျှင်ပင် တည်နေရာကို ရှာဖွေနိုင်သင့်သည်။

တိုက်ပွဲ အစီအရင် ဆက်လက် ဖွဲ့စည်းထားမည်ဆိုပါက စွမ်းအင် ကုန်ဆုံး နေလိမ့်မည်။

ဟန်ရှီဟောင်က သွေးနတ်ဘုရားဂူက တန်ခိုးရှင်များနှင့် ပူးပေါင်းပြီး တိုက်ပွဲ အစီအရင် ဖွဲ့စည်း နိုင်မည်လော.......

ထိုဖြစ်နိုင်ခြေက နည်းပါး လွန်းနေသည်။

အော်ရာ ဖုံးကွယ်သည့် ရတနာလော.....

ထိုဖြစ်နိုင်ခြေလည်း နည်းပါးသည်ဟု ကျိဝူချန်က ခံစားနေရသည်။

"ဒုတိယ ခေါင်းဆောင်... သွေးနတ်ဘုရားဂူက တန်ခိုးရှင် (၂၀) ကျော် ရှိတယ်။ ငါတို့ ဒီလို ရှာမယ်ဆိုတာ သူတို့ သိမှာမဟုတ်ဘူး.... ဒါကြောင့် အော်ရာ ဖုံးကွယ်တဲ့ ရတနာကိုလည်း အချိန်ကိုက် အသုံးပြုနိုင်မှာ မဟုတ်ဘူး....။ ဟန်ရှီဟောင် သေသွားပြီလို့ ခန့်မှန်းမိတယ်...."

ကျိုဝူချန်က ပါးစပ်မှ ထုတ်ပြောလိုက်သည်။

ရှောင်ဝမ်ချန်၏ မျက်လုံးများက တလက်လက် တောက်ပလာပြီး

"နတ်ဆိုးသားရဲ... အရင်ဆုံး လွှတ်ကြည့် ရအောင်...."

"အနံ့ခံကောင်းတဲ့ အမျိုးအစားပဲ...."

ကျိုဝူချန်က ခေါင်းညိတ်လိုက်သည်။

မကြာခင် ကျိုဝူချန်က အမိန့် ပေးလိုက်သဖြင့် မီးနဂါး အင်ပါယာမှ ကာကွယ်သူ တစ်ယောက်က

နတ်ဆိုးသားရဲ အိတ်ထဲမှ ယွမ်ဟူနယ်ပယ် နတ်ဆိုးသားရဲ တစ်ကောင်ကို ထုတ်ပြီး လွှတ်ပေးလိုက်သည်။

ဖောက်....

ထို နတ်ဆိုးသားရဲက ချင်ယန် ရှိနေသည့် ဘက်သို့ ရောက်လာသည်။ ချင်ယန် ထိန်းချုပ်ထားသည့် ယန္တရား သားရဲက ရုတ်တရက် လှုပ်ရှားပြီး ယွမ်ဟူနယ်ပယ် နတ်ဆိုးသားရဲကို ချက်ချင်း သတ်ပစ်လိုက်သည်။

"အရှင် မင်းကြီး.... နတ်ဆိုးသားရဲ သေသွားပြီ......"

နတ်ဆိုးသားရဲကို ထိန်းချုပ်ထားသော တန်ခိုးရှင်က ပြောလိုက်သည်။

"နောက်တစ်ကောင်....."

ကျိဝူချန်က လေးနက်စွာ ပြောလိုက်သည်။

မကြာခင် နတ်ဆိုးသားရဲ နောက်တစ်ကောင်က မိုင်းတွင်းထဲ ဝင်သွားသည်။ ယွမ်ဟိုင်နယ်ပယ်

အဆင့် (၅) ရှိသော ထို နတ်ဆိုးသားရဲလည်း သနားစရာ ကောင်းအောင် သေဆုံး သွားနိုင်သည်။

သို့သော် နတ်ဆိုးသားရဲ သေဆုံးခြင်းက လူသေဆုံးခြင်းထက် စာလျှင် ပိုကောင်းသေးသည်။

"အပြင်ဘက်မှာ ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက မိတ်ဆွေတွေ မဟုတ်လား...."

မကြာခင် ချင်ယန်က ထို နတ်ဆိုးသားရဲကို တွေ့သွားသော်လည်း ချက်ချင်း မသတ်သေးပေ။

ပင်ယွီဟူ၏ အသံကို တုပထားသော ချင်ယန်၏ အသံက မိုင်းတွင်း အပြင်ဘက်သို့ ပျံ့နှံ့လာသည်။

မိုင်းတွင်း ဝင်ပေါက်တွင် ကျိုဝူချန်နှင့် ရှောင်ဝမ်ချန်တို့၏ မျက်လုံးများက တလက်လက် တောက်ပနေသည်။

"မင်းတို့ လွှတ်လိုက်တဲ့ နတ်ဆိုးသားရဲကို ပြန်သိမ်းလိုက်.... ဒီလိုမှ မဟုတ်ရင် ငါတို့ သွေးနတ်ဘုရားဂူကို ရိုင်းစိုင်းတယ်လို့ အပြစ် မတင်နဲ့.... ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲက

ဒီနေရာမှာ သနားစရာ ကောင်းအောင် သေသွားလိမ့်မယ်....”

“ငါတို့ သွေးနတ်ဘုရားဂူမှာ ပြဿနာ နည်းနည်းလေး ရှိနေတယ်...။ ဒါကို အခွင့်အရေး ယူနိုင်မယ်လို့ မင်းတို့ တွေးနေရင် အတွေး လွန်နေပြီ.....”

“ငါတို့ သွေးနတ်ဘုရားဂူနဲ့ ရန်သူ ဖြစ်သွားရင် အကျိုးဆက်က အရမ်း ပြင်းထန် သွားမယ်နော်.....”

ကျိုဝူချန်၏ မျက်လုံးက တလက်လက် တောက်ပနေပြီး အသံပို့လွှတ်ကာ....

“ဒုတိယ ခေါင်းဆောင်..... သွေးနတ်ဘုရားဂူရဲ့ ပြဿနာက သေချာပေါက် မသေးနိုင်ဘူး.... ချင်ယန်တို့ အဖွဲ့ကို ဖမ်းဆီးပြီးရင် ချက်ချင်း ပြန်ထွက်သွား ရမှာ။ ခု မထွက်သွားသေးဘူး။ သူတို့ထဲက ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်နဲ့ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်တွေ သေဆုံး သွားလိမ့်မယ်.... သေဆုံးသွားတာကလည်း တစ်ယောက်၊ နှစ်ယောက် မကလောက်ဘူး....”

“အပြင်ထွက်ရမှာ ကြောက်နေတာ....”

ရှောင်ဝမ်ချန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး.....

"ပြဿနာ မရှိနိုင်ဘူး... အထဲ ဝင်ရအောင်...."

"အာရုံ မပျံ့စေနဲ့... အဆင့် (၆) ရတနာတွေကို အချိန်မရွေး အသုံးပြုနိုင်အောင် အသင့်ပြင်ထား....."

မကြာခင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် (၁၈) ယောက်လုံးက လှိုဏ်ဂူ အပေါက်ဝသို့ ရောက်လာကြသည်။ သူတို့ရှေ့တွင် နတ်ဆိုးသားရဲ အများအပြားက ဦးဆောင်နေသည်။

"ရှောင်ဝမ်ချန်၊ ကျိဂူချန်၊ မင်းတို့ကောင်တွေရဲတင်း လှချည်လား..."

"ငါတို့ သွေးနတ်ဘုရားဂူနဲ့ ရန်သူ ဖြစ်ချင်တာသေချာလား....."

ပင်ယွီဟူ၏ ဒေါသ ထွက်နေသော အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာသည်။

"အကြီးအကဲပင်... စိတ်အေးအေး ထားပါ.... ငါတို့က ချင်ယန်ကို ကိုင်တွယ်ဖို့ ဒီရောက်နေတာပါ....."

"ဟုတ်တယ်....."

ရှောင်ဝမ်ချန်နှင့် ကျိုဝူချန်တို့ နှစ်ယောက်က ပြန်ပြောလိုက်ကြသည်။

"ဒီဘက်မှာ သွေးချိန့်တွေ ထွက်နေတယ်.... အဲ့ဘက်ကို သွားရအောင်..."

မိနစ် အနည်းငယ် ကြာပြီးနောက် ရှောင်ဝမ်ချန်တို့ အဖွဲ့သည် ဟန်ဝမ်ထန်နှင့် အခြားလူများ သေဆုံးသွားသည့် နေရာသို့ ရောက်လာကြသည်။ ချင်ယန်က နေရာ တစ်ခုလုံးကို ရှင်းလင်း ထားသည်။ သို့သော်လည်း

ထိုနေရာတွင် လူတော်တော်များများ သေဆုံးခဲ့သဖြင့် သွေးနံ့က မပျောက်သေးပေ။

"ဒုတိယ ခေါင်းဆောင်.... ဒီနေရာမှာ အနည်းဆုံး လူဆယ်ယောက်လောက် သေခဲ့တယ်..."

"ဆယ်ယောက်ကျော်မယ်..."

ရှောင်ဝမ်ချန်တို့၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားနေသော အမူအရာများ ပေါ်လာသည်။

ချင်ယန်တို့အဖွဲ့ကို လူအားလုံး ပေါင်းလိုက်ပါက ငါးယောက်သာ ရှိသည်။ ရှန်းယုလင်းက

အသက်ရှင်နေသေး သဖြင့် ရှောင်ကျူဝမ်တို့ကလည်း အသက်ရှင်နေရန် အလားအလာ များနေသည်။ ထို့ကြောင့် ဒီနေရာတွင် သေဆုံးသွားသော လူအများစုက သွေးနတ်ဘုရားဂူမှ တန်ခိုးရှင်များ ဖြစ်နိုင်သည်။

"မိုးကြိုးဖုံး အငွေ့အသက်ပဲ....."

"ချင်ယန်ဆီမှာ မိုးကြိုးဖုံးတွေ အများကြီး ရှိနေတာလား...... မိုးကြိုးဖုံးနဲ့ ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲပြီး သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို အတူတူ ဆွဲခေါ်သွားတာ ဖြစ်လိမ့်မယ်...."

ကျိုဝူချန်က ပြောလိုက်သည်။

ရှောင်ဝမ်ချန်က ရတနာတစ်ခု အမြန် ဆွဲထုတ်ပြီး ချင်ယန်ကို ရှာဖွေ လိုက်သည်။ ရတနာက မတုံ့ပြန်ပေ။ ဒီနေရာတွင်လည်း အတူတူပင်....

"ချင်ယန် သေသွားတာ အမှန်ပဲ...."

"ဟန်ဝမ်ထန်တို့ အားလုံး သေသွားမှာပဲ ကြောက်မိတယ်...."

ရှောင်ဝမ်ချန်က ပြောလိုက်သည်။

"ဒုတိယ ခေါင်းဆောင်..... ဒီနေရာက ကျောက်တုံးတွေကို တူးထုတ်ထားတဲ့ လက္ခဏာတွေ ရှိနေတယ်...... ပေါက်ကွဲမှုမှာ တစ်ယောက်ယောက် မြေမြုပ်သွားတယ် ထင်တယ်။ ကျောက်တုံးတွေ တူးဖော်ပြီး သိုလှောင် လက်စွပ်ကို ထုတ်ယူသွားတယ်...."

"ပင်ယွီဟူ...."

ရှောင်ဝမ်ချန်က ကျိဝူချန်ကို လှမ်းကြည့်လိုက်သည်။

ကျိုဝူချန် မျက်နှာပေါ်တွင် အပြုံးများ ပြည့်နေပြီး....

"ဒုတိယ ခေါင်းဆောင်... ငါတို့ရဲ့ အင်အားနဲ့ ဆိုရင် သွေးနတ်ဘုရားဂူကို ကြောက်စရာ မလိုတော့ဘူး....."

"အင်း...."

ရှောင်ဝမ်ချန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

ကျိုဝူချန်က ရုတ်တရက် အသံမြှင့်ပြီး.....

“အကြီးအကဲပင် ၊ငါတို့ ဒီနေရာ လာတယ် ဆိုတာက ချင်ယန်တို့ကို ကိုင်တွယ်ဖို့ပဲ။ ချင်ယန်တို့ကို ငါတို့လက်ထဲ အပ်ပေးဖို့ မျှော်လင့်ပါတယ်။ ဒီလိုဆိုရင် ငါတို့အဖွဲ့က ချက်ချင်း နောက်ပြန် ဆုတ်သွားမယ်။ ငါတို့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေနဲ့ ရန်သူဖြစ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး.....”

## အခန်း(၂၈၁) - အလစ်ချောင်း တိုက်ခိုက်ခြင်း...

“ရှောင်ဝမ်ချန်၊ ကျိဝူချန်၊ မင်းတို့ကောင်တွေ ချက်ချင်း ထွက်သွား..... ဒါဆိုရင် သွေးနတ်ဘုရားဂူ လိုက်သတ်မယ့် လူသတ်စာရင်းထဲမှာ မင်းတို့ မပါတော့ဘူး...”

“ဒီလိုမှ မဟုတ်ရင် ရတနာတော့ ရသွားလိမ့်မယ်.... ဒါပေမဲ့ မင်းတို့ အသက်တွေ ဆုံးရှုံး ရလိမ့်မယ်...”

ချင်ယန်က ပြောလိုက်သည်။ သို့သော် ပင်ယွီဟူ၏ အသံကို တုပထားဆဲ ဖြစ်သဖြင့် ရှောင်ဝမ်ချန်တို့က သံသယ မရှိကြပေ။

ရှောင်ဝမ်ချန်က အသံမြှင့်လိုက်ပြီး.....

"အကြီးအကဲပန်၊ ဒီနေရာမှာ ဂူသခင် မရှိဘူးလား.... ဂူသခင်နဲ့ စကား ပြောချင်တယ်..."

"ဂူသခင်နဲ့ စကားပြောချင်တယ် ဟုတ်လား.... မင်းကိုယ်မင်း ဘာကောင် ထင်နေလဲ....."

ချင်ယန်က စကား ထပ်မပြောတော့ပေ။ ဟန်ဝမ်ထန်နှင့် အခြားလူများက သေနေပြီ ဖြစ်သဖြင့် မည်ကဲ့သို့ ပြန်ပြော ကြမည်နည်း.....

ရှောင်ဝမ်ချန်က မျက်နှာက မှိုရထား သကဲ့သို့ ပြုံးရွှင်နေသည်။

ကျိဝူချန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး......

“အကြီးအကဲ ပင်.... ဒီလို ကိစ္စမျိုးကို မင်းတစ်ယောက်တည်း မဆုံးဖြတ် နိုင်ဘူး ထင်တယ်။ ဒီလိုလုပ်လေ...... တခြား ယွမ်ဒန် နယ်ပယ် အကြီးအကဲ တွေကိုလည်း

ပြောခိုင်းလိုက်ပါလား... သေသေချာချာ ဆွေးနွေးကြမယ်လေ...."

ထုံးစံအတိုင်း မည်သူမှ ပြန်မပြောကြပေ။

ရှောင်ဝမ်ချန်နှင့် ကျိုဝူချန်တို့က တစ်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်လှုပ်ရှား နေကြသည်။ မိုင်းတွင်းထဲ ဝင်သွားသော ယွမ်ဒန် နယ်ပယ်တန်ခိုးရှင် လေးယောက်တွင် ပင်ယွိဟူ တစ်ယောက်တည်းသာ အသက်ရှင်လျက် ကျန်ရစ်ခဲ့ခြင်း ဖြစ်နိုင်သည်။

အကယ်၍ ပင်ယွီဟူကို အနိုင်ယူလိုက်မည်ဆိုပါက အလွန် ကောင်းသွားလိမ့်မည်။

"အကြီးအကဲပင်... ကြည့်ရတာ မင်းဘက်မှာ လူတော်တော်များများ သေသွားတဲ့ ပုံပဲ...."

"ငါတို့က အကြီးအကဲပင်ကို မတိုက်ခိုက်ချင်ပါဘူး.....။ ဒီလို လုပ်ပါလား ချင်ယန်ကိုသတ်ပြီး ရလာတဲ့ ရတနာတွေကို တစ်နေရာမှာ ချထားလိုက်... ငါတို့က အဲ့ ရတနာတွေကို ယူပြီး ပြန်ထွက်သွားမယ်.... ဘယ်လိုလဲ...."

ရှောင်ဝမ်ချန်က လေးနက်သော လေသံနှင့်.....

“ချင်ယန်က ငါတို့ ရှောင်မိသားစုက တန်ခိုရှင်တွေ အများကြီးကို သတ်ခဲ့တယ်။ မီးနဂါး အင်ပါယာက တန်ခိုးရှင်တွေကိုလည်း သတ်ခဲ့တယ်။ ဒါကြောင့် ချင်ယန်ရဲ့ ရတနာ အားလုံးက ငါတို့ပဲ ပိုင်သင့်တယ်.... ဒါကို အကြီးအကဲပင် နားလည် ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်....”

ကျိုဝူချန်နှင့် ရှောင်ဝမ်ချန်တို့၏ စိတ်ထဲတွင် လူသတ်ချင်သော ရည်ရွယ်ချက်များ ရှိနေသည်။ သူတို့က အကျိုးအမြတ် အမြောက်အများ ရရှိအောင် ပင်ယွီဟူကို သတ်ဖြတ် ချင်နေကြသည်။

ထိုကိစ္စ မတိုင်ခင် ရတနာအချို့ကို အရင်ဆုံး ရထားပါက အကောင်းဆုံး ဖြစ်သည်။

“မင်း ငါ့ကို ငတုံးလို့ ထင်နေတာလား.... ဒီမိုင်းတွင်းက အကြီးကြီးပဲ..... ဒီလူ ပုန်းနေရင် မင်းတို့ ရှာတွေ့မယ် ထင်နေတာလား....”

“ရယ်စရာ ကောင်းလိုက်တာ....”

“ငါတို့ သွေးနတ်ဘုရားဂူက တခြား တန်ခိုးရှင်တွေ မကြာခင် ရောက်လာတော့မယ်.... ဟွန့်...”

အေးစက်သော အသံတစ်ခုက ထွက်ပေါ်လာသည်။

နောက်ပိုင်းတွင် ကျိဂူချန်နှင့် ရှောင်ဝမ်ချန်တို့က ထပ်ပြောခဲ့ ကြသော်လည်း ပင်ယွီဟူက လုံးဝ မတုံ့ပြန်တော့ပေ။

"ဒုတိယ ခေါင်းဆောင်..... ရှင်းယုလင်းနဲ့ တခြားလူတွေကို အရင် ဖမ်းလိုက်ကြရအောင်..."

ကျိဂူချန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ရှောင်ဝမ်ချန်၏ မျက်လုံးက တောက်ပလာသည်။ သူတို့ ရှောင်မိသားစုက တန်ခိုးရှင် အရေအတွက် ပိုများပြီး ခြေရာခံ ရတနာကလည်း သူတို့လက်ထဲတွင် ရှိနေသဖြင့် ရှန်းယုလင်းနှင့် အခြားသူများကို ရှာဖွေရန် ပိုမို လွယ်ကူသည်.။

ထို အခြေအနေတွင် ကျိုဝူချန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်လော...........

“အစ်ကိုကျို၊ ဒီနေရာက တော်တော်လေး ရှုပ်ထွေးလို့ ခြေရာခံ ရတနာ အရမ်း အသုံးမဝင်ဘူး..... လူခွဲပြီး လှုပ်ရှားရအောင်......”

"ငါတို့ အတူတူ လှုပ်ရှားရင် နေးကွေးတယ်..... ပင်ယွီဟူကို ဝိုင်းမိဖို့လည်း ခက်ခဲလိမ့်မယ်....."

"တကယ်လို့ အချိန် အရမ်း ကြာသွားရင် ထောင်မိသားစုနဲ့ ရန်မိသားစုက တန်ခိုးရှင်တွေလည်း ဝင်လာအုံးမှာ... အဲ့အချိန်ကျရင် ငါတို့ ရမယ့် အကျိုးအမြတ်က နည်းနည်းလေးပဲ ကျန်လိမ့်မယ်...."

ကျိုဝူချန်က ကြိတ်ပြီး မျက်မှောင် ကြုတ်သွားသည်။ ယခု တစ်ကြိမ်တွင် ရှောင်မိသားစုက အကျိုးအမြတ် ပို လိုချင်နေသည်။

ထို့ပြင် ရှောင်ဝမ်ချန် ပြောသည့်စကားက ယုတ္တိမရှိပေ။ မိုင်းတွင်းထဲတွင် လမ်းခွဲ အများကြီး ရှိနေသဖြင့် လူခွဲပြီး သွားလျှင်ပင် ပင်ယွီဟူကို ရှာတွေ့နိုင်ခြေ နည်းပါးလွန်းသည်။

ခြေရာခံ ရတနာ အသုံးပြုလျှင်လည်း ပင်ယွီဟူကို ရှာတွေ့နိုင်ခြေ နည်းပါးသည်။

ပင်ယွီဟူ ကိုယ်တိုင်က ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် ဖြစ်နေပြီး အော်ရာ ဖုံးကွယ်သည့် ရတနာလည်း အသုံးပြုထားနိုင်သည်။

“ရတယ်လေ.....”

ကျိုဝူချန်က ခေါင်းညိတ် လိုက်သည်။

သူ့ဘက်တွင် လူနည်းသော်လည်း ကံတရား အပေါ် မူတည် နေသေးသည်။ ကံကောင်းပါက ပစ်မှတ်ကို အရင်ဆုံး ရှာတွေ့နိုင်သည်။

“အစ်ကိုကျို၊ တကယ်လို့ ငါတို့ထဲက တစ်ယောက်က အောင်မြင်ရင် အဲ့လူက ရတနာ ပိုရမယ်.. သဘောတူလား....”

ရှောင်ဝမ်ချန်က ပြောလိုက်သည်။

“ပြဿနာ မရှိဘူး....”

မကြာခင် ကျိုဝူချန်တို့ အဖွဲ့က လမ်းခွဲပြီး ထွက်ခွာသွားသည်။ ကျိုဝူချန်တို့ အဖွဲ့တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခုနှစ်ယောက် ရှိနေသည်။

"စပြီး အမဲလိုက်တော့မယ်..."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်သည်။

ချင်ယန်က ယန္တရား သားရဲ၏ ဝမ်းဗိုက်ထဲမှ နေ၍ ကျိုဝူချန်တို့ အဖွဲ့နားသို့ အရင်ဆုံး ချဉ်းကပ် သွားသည်။

ကျိုဝူချန်တို့ အဖွဲ့က တိုက်ပွဲ အစီအရင် မဖွဲ့စည်းထားပေ။

ကျိုဝူချန် အဖွဲ့ထဲရှိ တန်ခိုးရှင်များက လူသစ်ခေါ်ယူထားခြင်း ဖြစ်နေသဖြင့် လုံးဝ မရင်းနှီးသေးပေ။ ထို့ကြောင့် တိုက်ပွဲ အစီအရင် ဖွဲ့စည်းရန်လည်း အဓိပ္ပါယ် မရှိပေ။

တိုက်ပွဲ အစီအရင် တစ်ခု ဖွဲ့စည်းရန် အချိန်ကြာမြင့်စွာ ပူးပေါင်း လေ့ကျင့်ထားရန် လိုအပ်သည်။

“ထွက်လာစမ်း…”

အမှောင်ထဲတွင် ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်၊ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးနှင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) မိုးကြိုး ဖားနှစ်ကောင်ကို ခေါ်ထုတ်လိုက်သည်။

ကျိုဝူချန်တို့ အဖွဲ့က ငွေရောင် ဝံပုလွေဘုရင်တို့ အဖွဲ့ကို လုံး၀ မမြင်ရသော်လည်း စိတ်ထဲ ထစ်သွားသည်။

“ အားလုံး သတိထားကြ..... တစ်ခုခု မှားနေပြီ.....”

ကျိုဝူချန်က ချက်ချင်း သတိပေးလိုက်ပြီး အဆင့် (၆) ကာကွယ်ရေး ရတနာကို တိတ်တိတ်လေး အသုံးပြု လိုက်သည်။ ထိုရတနာကို အသုံးပြုပြီးနောက် အနည်းငယ် စိတ်အေးသွားသည်။ ပင်ယွီဟူက အလစ်ချောင်းပြီး ဝင်ရောက် တိုက်ခိုက်လျှင်ပင် ထိုရတနာကြောင့် ချက်ချင်း မသေနိုင်ချေ။

"သတ်....."

ချင်ယန်က ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့ အဖွဲ့ကို အမိန့်ပေးလိုက်သည်။

ချက်ချင်း ဆိုသလို ယန္တရား သားရဲက ကျိုဝူချန်ထံ မိုးကြိုး ပစ်လွှတ်လိုက်သည့် အလား လျှင်မြန်စွာ ခုန်အုပ်လိုက်သည်။

ကျိုဝူချန်က လေသံ တိုးတိုးလေး ကြားလိုက်သဖြင့် ချက်ချင်း ရှောင်တမ်းလိုက်သည်။ သို့သော် မည်ကဲ့သို့ ရှောင်တိမ်း နိုင်မည်နည်း.....

ကျိုဝူချန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်သာ ရှိသည်။

ချင်ယန်၊ တန်ထန် အင်ပါယာမှ ထွက်ပြေးလာစဉ် အချိန်ကမှ ကျိုဝူချန်သည် ယွမ်ဟိုင်

နယ်ပယ်သို့ တက်လှမ်းခဲ့သူ ဖြစ်သည်။ ထိုအချိန်ကျမှ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ယွမ်ဟိုင် နယ်ပယ် အဆင့် (၁) ကျိဝူချန်နှင့် ယွမ်ဒန် နယ်ပယ် အဆင့် (၉) ယန္တရား သားရဲ ကြားမှ ကွားခြားချက်က ကွာခြား လွန်းနေသည်။

ထိုအရာက အမြန်နှုန်း တစ်ခုတည်း မဟုတ်ပေ။

ကျိဝူချန်က လက်ထဲမှ ဓါးကို မြောက်လိုက်ရုံသာ ရှိသေးပြီး ယန္တရားသားရဲ၏ လက်သည်းက သူ့ရင်ဘက်ကို ထိမှန်သွားသည်။ ကျိဝူချန်က အဆင့်

(၆) ကာကွယ်ရေး ရတနာ အသုံးပြုထားသော်လည်း ယွမ်ဒန် နယ်ပယ် အဆင့် (၉) ၏ တိုက်ခိုက်မှုကို မည်ကဲ့သို့ ခံနိုင်မည်နည်း.......

လက်သည်း တစ်ချက်နှင့်ပင် ကျိုဝူချန်၏ ခုခံမှုက ပျက်ဆီးသွားခဲ့သည်။ ထို့နောက် ယန္တရား သားရဲ၏ ချွန်ထက်သော လက်သည်းက ကျိုဝူချန်၏ ခေါင်းထဲ တစ်ခါတည်း ဖောက်ဝင်သွားသည်။

ကျိုဝူချန်က အော်ပင် မအော်နိုင်ဘဲ တစ်ခါတည်း အသတ်ခံလိုက်ရသည်။

ငွေရောင် ဝံပုလွေဘုရင်၊ ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးတို့ကလည်း သူတို့၏ ပစ်မှတ်ကို ချက်ချင်း သတ်ပစ်လိုက်ကြသည်။

မိုးကြိုးဖွား နှစ်ကောင်၏ မိုးကြိုး တိုက်ခိုက်မှုက အခြား တန်ခိုးရှင် လေးယောက်ကို ဖုံးလွှမ်း သွားသည်။ သူတို့၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ကိုပင် မကျော်ချေ။

အစွမ်းထက်သော လျှပ်စီးခါတ်များက သူတို့ ခန္ဓာကိုယ်ထဲ တိုးဝင်သွားသည်။ သူတို့ ချက်ချင်း မသတ်နိုင်သော်လည်း သူတို့၏ ခန္ဓာကိုယ်ကို

နှစ်စက္ကန့်၊ သုံးစက္ကန့်ခန့် မလှုပ်ရှားနိုင်အောင် အကြောသေရန် လုံလောက်နေသည်။

ဖောက်.. ဖောက်...

ဖောက်... ဖောက်....

ချင်ယန်က ယန္တာရား သားရဲနှင့် ငွေရောင်ဝံပုလွေ ဘုရင်တို့ကို လုံးဝ မလိုအပ်ပေ။ အကြောသေ၍ ယာယီ တောင့်တင်းနေသည့် တန်ခိုးရှင် လေးယောက်ကို ဆေဘာ ခုတ်ချက် လေးချက်နှင့် ခေါင်းဖြတ် သတ်လိုက်သည်။

ဇာတ်လမ်းက ရှည်သော်လည်း တိုက်ပွဲ အစမှ အဆုံးအထိ တစ်စက္ကန့်၊ နှစ်စက္ကန့်သာ ကြာမြင့်ခဲ့သည်။

ဤမျှ အချိန်တိုလေး အတွင်းတွင် ကျိဝူချန်နှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်လုံး သေဆုံး သွားကြသည်။

ကျိဝူချန်တွင် အဆင့် (၆) ကာကွယ်ရေး ရတနာ ရှိသော်လည်း ခုံခံနိုင်ခဲ့သည့် အချိန်က တိုတောင်းလွန်းလှသည်။

အလစ်ချောင်း တိုက်ခိုက်မှုက ပြည့်စုံလွန်းသဖြင့် ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။

ထို့အပြင် အသံလုံ အစီအရင် ခင်းကျင်းထားသောကြောင့် ရှောင်ဝမ်ချန်တို့ ဘက်မှ လုံးဝ မကြားနိုင်ပေ။

အလောင်းများကို နတ်ဆိုး သားရဲများအား ကျွေးပြီးနောက် ချင်ယန်က ယန္တရား သားရဲ၏ ဝမ်ဗိုက်ထဲ ဝင်ပြီး ရှောင်ဝမ်ချန်တို့ ဘက်သို့ အမြန် ထွက်ခွာသွားသည်။

ရှောင်ဝမ်ချမ်နှင့် အခြားလူများက ရှောင်ကျူဝမ်တို့ အဖွဲ့ ရှိနေသည့် နေရာသို့ သွားနေပြီး ရှောင်ကျူဝမ်တို့ အဖွဲ့နှင့် သိပ် မဝေးတော့ပေ။

"ဒုတိယ ခေါင်းဆောင်.... ချင်ယန် သေသွားတာ စိတ်ပျက်စရာပဲ.... ဒီလိုမှ မဟုတ်ရင် ရှောင်ကျူဝမ်တို့ကို ဖမ်းပြီး ချင်ယန်ရှေ့မှာ ကောင်းကောင်း ကစားပြရမှာ... ဒါမှ ဒီကောင် ယူကျုံးမရတဲ့စိတ်နဲ့ အကြိမ်ကြိမ် သေမှာ......"

"ချင်ယန် သေသွားလည်း ငါတို့ လုပ်လို့ ရပါသေးတယ်...."

ရှောင်ဝမ်ချန်နှင့် သူ့အဖွဲ့မှ တန်ခိုးရှင်များက ဆွေးနွေး နေကြသည်။ သူတို့က မကြားဝံ့မနာသာ စကားများ ပြောဆို နေကြသော်လည်း အသံပို့လွှတ်ပြီး ပြောဆိုနေကြခြင်း မရှိပေ။

"စိတ်မပူနဲ့... ရှောင်ကျူဝမ်တို့ကို မသတ်ခင် လူတိုင်း ကောင်းကောင်း ပျော်နိုင်တယ်....."

ရှောင်ဝမ်ချန်က လေးနက်စွာ ပြောလိုက်သည်။ သူကိုယ်တိုင်လည်း ထိုစိတ်ကူးမျိုး ရှိနေသည်။

ချင်ယန်က ရှောင်မိသားစုမှ တန်ခိုးရှင်များကို သတ်ထားသဖြင့် ရှောင်ဝမ်ချန်က အရိုးထဲမှ မုန်းတီးနေသည်။

ချင်ယန် သေဆုံးသွားပြီ ဖြစ်သဖြင့် ရှောင်ကျူဝမ်နှင့် အခြားသူများကိုသာ လက်စားချေရတော့မည်။

"အကြီးအကဲက ဒီလို ပြောပြီ ဆိုမှတော့ အဲ့အချိန်ကျရင် အကြီးအကဲ ဦးဦးဖျားဖျား သုံးဆောင်ပါ......"

"ပြီးမှ လူတိုင်းက အတူတူ ဝိုင်းပျော်ကြမယ်...."

ရှောင်မိသားစုမှ တန်ခိုးရှင်က ပါးစပ်မှ စီးကျနေသော သွားရည်ကို သုတ်ရင်း ပြောလိုက်သည်။

ချင်ယန်က သူတို့နှင့် မီတာ သုံးဆယ်ပင် မဝေးတော့သည်ကို သူတို့ မသိကြပေ။

"တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားတယ်.... သတိလည်း တော်တော်လေး ထားနေတယ်...."

"တိုက်ပွဲ အစီအရင်က အသုံးမကျတာ စိတ်ပျက်စရာပဲ...."

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များ ဝင်လာကြခြင်း မရှိသေးသလို ကျိုဝူချန်တို့ အဖွဲ့ကလည်း သေဆုံး သွားခဲ့ပြီ။

ရှောင်ဝမ်ချန်တို့ (၁၂) ယောက်က တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားသော်လည်း ခုခံရန် လုံးဝ မဖြစ်နိုင်ပေ။

"ထွက်လာစမ်း...."

ချင်ယန်က အတွေးတစ်ချက်နှင့် ငွေရောင် ဝံပုလွေဘုရင်တို့ အဖွဲ့ကို ခေါ်ထုတ်လိုက်သည်။ နတ်ဆိုးသားရဲများက ပေါ်လာသည်နှင့်

ရှောင်ဝမ်ချန်တို့ အဖွဲ့ထံ ပြေးဝင်သွားပြီး အတူတူ တိုက်ခိုက် လိုက်ကြသည်။

ဘုန်း......

ပြင်းထန်သော တိုက်ခိုက်မှုက အစီအရင်ပေါ် ကျရောက်သွားသည်။

အစီအရင် ချက်ချင်း ပြိုကျသွားသည်။

ယန္တရား သားရဲ၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့် (၉) ...

ငွေရောင် ဝံပုလွေဘုရင်၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန် နယ်ပယ် အဆင့် (၅)......

ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီး၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန် နယ်ပယ် အဆင့် (၂)....

ရှောင်မိသားစုမှ တန်ခိုးရှင်ထဲတွင် ယွမ်ဒန် နယ်ပယ် တစ်ယောက်မှ မပါပေ။ ထိုကြောင့် သူတို့ ဖွဲ့စည်းထားသော အစီအရင်၏ ခုခံနိုင်စွမ်းက ဓမ္မကလေးငယ် အဆင့် ရောက်နေရန် မည်သို့မျှ မဖြစ်နိုင်ပေ။

ထို့ကြောင့် တိုက်ပွဲ အစီအရင်က မြေကြီးလက်ခတ်မလွဲ ပြိုကျ သွားခဲ့သည်။

"သေစမ်း...."

တိုက်ပွဲ အစီအရင် ပြိုကျသွားသည့် အခိုက်အတန့်၌ ယန္တရားသားရဲ၏ ပါးစပ်မှ ဆေဘာ အလင်းတစ်ခုကို ရုတ်တရက် ပစ်လွှတ် လိုက်သည်။ ထိုဆေဘာအလင်းက ရှောင်ဝမ်ချန်ထံ တည့်တည့် တိုးဝင်သွားသည်။

ဆေဘာအလင်းက မသန်မာပေ။

သို့သော် ထို ဆေဘာ အလင်းထဲတွင် ချင်ယန်၏ အစွမ်းထက်သော ဆေဘာ စိတ်ဆန္ဒတစ်ခု ပါဝင်နေသည်။

## အခန်း(၂၈၂) - မိုင်းတွင်း ပြိုကျခြင်း....

ဆေဘာ စိတ်ဆန္ဒ၊ ဓါး စိတ်ဆန္ဒ၊ ပစ်ခတ်ခြင်း စိတ်ဆန္ဒ ထိုစိတ်ဆန္ဒ အားလုံးက တွေးခေါ်ခြင်း အယူအဆ တစ်ခုသာ ဖြစ်သည်။

ဘာကို ဆိုလိုသနည်း......

နားမလည်သည့် လူများကို ရှင်းပြပါက နွား ပလာတာ ကျွေးနေသကဲ့သို့ ဖြစ်နေပြီး နားလည်အောင် မည်သို့မျှ မရှင်းပြနိုင်ပေ။

နားလည် သဘောပေါက်ကြသည့် လူများကမူ သူတို့၏ ပင်ကိုယ် အမြင်များ ရှိကြသည်။ တူညီသော ဓါး စိတ်ဆန္ဒ တစ်ခုကို လူတစ်ထောင်က လေ့လာလျှင်ပင် ဓါးစိတ်ဆန္ဒ၏ မတူညီသော နားလည်မှု တစ်ထောင်သာ ဖြစ်လာနိုင်သည်။

ယွမ်ဟူနယ်ပယ်၊ ယွမ်ဟိုင် နယ်ပယ်ရှိ ဆေဘာ တာအိုနှင့် ဓါးတာအို ကျွမ်းကျင်သူများက သိုင်းကွက် အမျိုးမျိုး၊ ဟန်ပန် အမူအရာ အမျိုးမျိုး အသုံးပြု တတ်ကြသည်။ သို့သော် ဆေဘာ စိတ်ဆန္ဒ၊ ဓါးဆန္ဒ နားလည်ထားသော တန်ခိုးရှင် ရှေ့တွင်မူ

သူတို့၏ လှုပ်ရှားမှုများက စက္ကူကျားများသာ ဖြစ်နေတတ်ကြသည်။

ဆေဘာ စိတ်ဆန္ဒကို နားမလည်ပါက သာမန်လေပြင်းတိုက်ပြီး မိုးများ သဲသဲမဲမဲ ရွာနေသလိုသာ ဖြစ်လိမ့်မည်။

ဆေဘာ စိတ်ဆန္ဒကို နားလည်ထားပါက လက်ထဲတွင် ဆေဘာ တစ်ချောင်း ကိုင်ထားရုံဖြင့် လေပြင်းများ တိုက်ခတ်ပြီး မိုးကြိုး မုန်းတိုင်းများ သက်ဆင်း လာလိမ့်မည်။

ထိုမိုးထဲတွင် ကြောက်စရာ ကောင်းသော ဆောဘာများ ပါနေသည်မှာ သံသယ ရှိစရာ မလိုပေ။

“ပြတ်စမ်း…”

ရှောင်ဝမ်ချန်က စိတ်ထဲမှ ကြုံးဝါးပြီး သူ့လက်ထဲမှ ဓါးနှင့် ချင်ယန်၏ ဆောဘာအလင်းကို လှမ်းခုတ်လိုက်သည်။

ရှောင်ဝမ်ချင်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်နေပြီး ဆောဘာအလင်း၏ အရှိန်က အလွန် မြန်ဆန်ခြင်း မရှိသဖြင့် လှမ်းခုတ်ရန် အချိန်ရနေသည်။

ဒေါင်……

ဆေဘာ အလင်းကို ခုတ်မိသွားသောအခါ တကယ့် ဆေဘာအစစ်ကို ခုတ်မိလိုက် သကဲ့သို့ စူးရှသော အသံတစ်ခု ထွက်ပေါ်လာသည်။

ချင်ယန်၏ ဆေဘာအလင်းက သန်မာလွန်းသဖြင့် ရှောင်ဝမ်ချန်၏ လက်များပင် တုန်ခါသွားသည်။

သို့သော် ရှောင်ဝမ်ချန်က ဆေဘာအလင်းကို ပိတ်ဆို့ နိုင်လိုက်သဖြင့် ကံကောင်းသည်ဟု ခံစားလိုက်ရသည်။

သူ့ခန္ဓာကိုယ်ပေါ်တွင် ခုခံနိုင်စွမ်း အားကောင်းသော ရတနာ တစ်ခုနှင့် သိုလှောင် လက်စွပ်ထဲတွင် အစွမ်းထက်သော ရတနာ တစ်ခု ရှိနေသေးသဖြင့် အခွင့်အရေး ရှိနေသေးသည်။

"မဟုတ်ဘူး... မဟုတ်ဘူး...."

နောက်ထပ် အခိုက်အတန့်တွင် ရှောင်ဝမ်ချန်၏ စိတ်ပျက် အားငယ်သော အော်ဟစ်သံကြီး ထွက်ပေါ်လာသည်။

ထို အခိုက်အတန့်တွင် အလွန်အကျူး စိတ်ပျက် အားငယ်သွားသလို နောက်ထပ်

အခိုက်အတန့်တွင် အသက်ရှင်ရသည်ကိုပင် အလွန်နာကျင်နေသည်ဟု ခံစား လာရသည်။

ရှောင်ဝမ်ချန်က လက်ကို မြှောက်ပြီး သူ့လည်ပင်းကို ဓါးနှင့် ပြန်လှီးလိုက်သည်။

“ဒုတိယ ခေါင်းဆောင်....”

သူ့ဘေးမှ တန်ခိုးရှင်က မယုံကြည်နိုင်သော မျက်လုံးများနှင့် သူ့ကို စိုက်ကြည့် နေကြသည်။

ရှောင်ဝမ်ချန်က ကိုယ့်ကိုယ်ကိုယ် သတ်သေနေသည်။

ယခုလက်ရှိတွင် ရှောင်ဝမ်ချန် ကိုယ်ပေါ်၌ အဆင့် (၆) ကာကွယ်ရေး ရတနာ တစ်ခု ရှိနေသည်။

"ငါ.. ငါ....."

လည်ပင်းတွင် ပြတ်ရှရာ များသွားသည့် အချိန်တွင် ရှောင်ဝမ်ချန်က အသိစိတ် ပြန်ဝင်လာသည်။ သူ့ မျက်လုံးထဲတွင် တုန်လှုပ်မှုများ ပြည့်နှက်နေသည်။

'ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေ ရမှာလဲ..."

'ဒီစိတ်ပျက် အားငယ်တဲ့ ခံစားချက်က ဘယ်က ထွက်လာတာလဲ...'

ရှောင်ဝမ်ချန်က တစ်ခုခုကို ရုတ်တရက် တွေးမိသွားသည်။

ဆေဘာ စိတ်ဆန္ဒ........

ဆေဘာ အလင်းထဲတွင် ဆေဘာ စိတ်ဆန္ဒ ပါဝင်နေသည်။

ဆေဘာ စိတ်ဆန္ဒကို အဆင့် (၆) ကာကွယ်ရေး ရတနာအချို့က ခံနိုင်သော်လည်း ရတနာအချို့က မခံနိုင်ပေ။

"ချင်ယန်ရဲ့ ဆေဘာ အဓိပ္ပါယ်ပဲ...."

"ဆေဘာ အလင်းက အခုလေးပဲ ပေါ်လာတာ....... ချင်ယန်က ယွမ်ဟိုင် နယ်ပယ်...."

ရှောင်ဝမ်ချန်က မယုံကြည်နိုင်သော စိတ်နှင့် မျက်လုံးပြူးပြီး လဲကျသွားသည်။ သေခါနီး တိုင်အောင် မျက်လုံး မပိတ်နိုင်သေးပေ။

ရှောင်ဝမ်ချန်က သူ့လည်ပင်းကို ကိုယ်တိုင် ပြန်လှီးဖြတ်ခဲ့သည်။ ရှောင်ဝမ်ချန်က ချက်ချင်း မသေသေးသော်လည်း အသက်ငင် နေပြီ……

ယန္တရား သားရဲထဲတွင် ချင်ယန်က တည်ငြိမ်စွာ လှမ်းကြည့်နေသည်။

သူက ယခုလေးတင် အသုံးပြုခဲ့သော ဆေဘာ စိတ်ဆန္ဒကို ရည်ရွယ်ချက် ရှိရှိ အသုံးပြုခဲ့ခြင်း ဖြစ်သည်။

စိတ်ပျက် အားငယ်ခြင်း ဆေဘာ စိတ်ဆန္ဒ……

ဆေဘာ စိတ်ဆန္ဒတွင် အမျိုးအစား အများကြီး ရှိသည်။ ကျင့်ကြံသူ အများစုက ဆေဘာစိတ်ဆန္ဒ တစ်ခုသာ နားလည်ကြသော်လည်း ချင်ယန်က ဆေဘာ စိတ်ဆန္ဒ အများကြီးကို နားလည်နေသည်။

စိတ်ပျက် အားငယ်ခြင်း ဆေဘာ စိတ်ဆန္ဒက စိတ်ပျက် အားငယ်မှုကို လှုံ့ဆော်ပေးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သော ခံစားချက်များ ပေးစွမ်းနိုင်သည်။

ရှောင်ဝမ်ချန်က ချင်ယန်၏ ဆေဘာ အလင်းကိုသာ ပိတ်ဆို့ တားဆီးခဲ့ပြီး ချင်ယန်၏ ဆေဘာ စိတ်ဆန္ဒကို လုံးဝ မတားဆီးခဲ့မိပေ။ သူ့ ခန္ဓာကိုယ်ပေါ်တွင် အဆင့် (၆) ကာကွယ်ရေး ရတနာ ရှိသော်လည်း ချင်ယန်၏ အစွမ်းထက်သော ဆေဘာ စိတ်ဆန္ဒကို မခုခံနိုင်ပေ။

တိုက်ပွဲ အစီအရင် ရုတ်တရတ် ပြိုကျသွားသည်။

ချင်ယန်က ရှောင်ဝမ်ချမန်ကို သတ်လိုက်သည့် အခိုက်အတန့်တွင် ယန္တရား သားရဲ၊ ငွေရောင် ဝံပုလွေဘုရင်၊ အခြား နတ်ဆိုးသားရဲများ၏

ကြောက်စရာ ကောင်းသော တိုက်ခိုက်မှုများကြောင့် ရှောင်မိသားစုမှ တန်ခိုးရှင်များလည်း သေဆုံး သွားကြသည်။

"မဟာသခင်ချင်၊ ကျေးဇူးပြုပြီး ငါတို့ကို အသက်ချမ်းသာ ပေးပါ..."

"မဟာသခင်ချင်... ငါတို့ကို ရှောင်မိသားစုက ဖိတ်ကြား ထားတာပါ... နောက်ပိုင်း မဟာသခင်ချင် အပေါ် သစ္စာ ရှိပါ့မယ်..."

အသက်ရှင် နေသော တန်ခိုးရှင်များထဲမှ နှစ်ယောက်က ကြောက်လန့်တကြား အော်ဟစ်

လိုက်ကြသည်။ တစ်ယောက်ဆိုလျှင် ခုခံကာကွယ်မှုကိုပင် စွန့်လွှတ်ပြီး မြေပြင်ပေါ်တွင် တစ်ခါတည်း ဒူးထောက် ချလိုက်သည်။

"မဟာသခင်ချင်.. ကျေးဇူး ပြုပြီး အသက်ချမ်းသာ ပေးပါ...."

ကျန်သည့် တန်ခိုးရှင် နှစ်ယောက်ကလည်း အသည်းအသန် အော်ဟစ် လိုက်ကြသည်။

ရှောင်ဝမ်ချန်က ရုတ်တရုတ် သေဆုံးသွားပြီး အခြား တန်ခိုးရှင် တော်တော်များများ လည်း ရုတ်တရုတ် သေဆုံးသွားကြသည်။ တိုက်ပွဲ

အစီအရင်ကလည်း ပျက်ဆီးသွားပြီ ဖြစ်သဖြင့် ဆက်လက် မတိုက်ခိုက် နိုင်တော့ပေ။

"သေစမ်း....."

ရှောင်မိသားစုမှ တန်ခိုးရှင် တစ်ယောက်က အဆင့် (၆) ရတနာကို ထုတ်ယူပြီး ယန္တရား သားရဲကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။ ချင်ယန်ကို သတ်ဖြတ်နိုင်ပါက ယန္တရား သားရဲနှင့် နတ်ဆိုးသားရဲ လေးကောင်က ရပ်တန့် သွားလိမ့်မည်။

အဆင့် (၆) တိုက်ခိုက်ရေး ရတနာက ယန္တရားသားရဲကို ထိခိုက်အောင် ဖျက်ဆီး နိုင်ပါမည်လော.......

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင်၏ တိုက်ခိုက်မှုက ယန္တရား သားရဲကို ချက်ချင်း သတ်ပစ်နိုင်လျှင်ပင် ချင်ယန်ကို ချက်ချင်း သတ်ပစ်ရန် မဖြစ်နိုင်ပေ။

ဖောက်.. ဖောက်......

ချင်ယန်က အမိန့် ထပ်မပေးသေးသဖြင့် ယန္တရားသားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က ဆက်လက်တိုက်ခိုက် နေကြသည်။

စက္ကန့် အနည်းငယ် ကြာပြီးနောက် တိုက်ပွဲပြီးဆုံးသွားသည်။ လက်နက် ချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ လူတိုင်း သွေးအိုင်ထဲ လဲနေကျသည်။

ရှောင်မိသားစုဝင် မဟုတ်သည့် တန်ခိုးရှင် အနည်းငယ် ရှိသည်ကို ချင်ယန် သိသည်။

သို့သော်လည်း သူတို့က တန်ကြေးတစ်ခု ယူပြီး ဒီနေရာကို လိုက်လာခဲ့ကြခြင်း ဖြစ်သည်။

"လာ...."

ချင်ယန်က အလောင်း အားလုံးကို သိမ်းဆည်းပြီးနောက် ယန္တရား သားရဲနှင် ငွေရောင်ဝံပုလွေဘုရင်တို့ကို ထိန်းချုပ်ကာ အမြန်ဆုံး ထွက်ခွာသွားသည်။

ချင်ယန် ထွက်သွားပြီး သုံးစက္ကန့် မပြည့်ခင် ချင်ယန်တို့ ရှိခဲ့သည့် နေရာက လျင်မြန်စွာ ပြိုကျလာသည်။

ရှောင်မိသားစုမှ တန်ခိုးရှင်များ၏ အလောင်းတွင် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနိုင်သော အစွမ်းများ ရှိသည်။

မလွတ်မြောက်နိုင်မှန်း သိသည်နှင့် မိုင်းတွင်း၏ ဒေါက်တိုင်များကို တမင်တကာ တိုက်ခိုက်ခဲ့သည့် တန်ခိုးရှင်များလည်း ရှိသေးသည်။

"တောက်စ်...... ဘောပဲ......."

မိုင်းတွင်းက လျင်မြန်စွာ ပြိုကျနေသဖြင့် ချင်ယန်၏ မျက်လုံးများက ကြောက်စရာ ကောင်းလောက်အောင် ပြူးထွက်သွားသည်။

“လာစမ်း....”

ချင်ယန်က ခရမ်းရောင် မျက်လုံး မျောက်ဝံလူကြမ်းကြီးနှင့် မိုးကြိုး ဖားနှစ်ကောင်ကို ပြန်သိမ်းလိုက်သည်။ ထို့နောက် ယန္တရား သားရဲ ၊ ငွေရောင် ဝံပုလွေ ဘုရင်တို့နှင့်အတူ ရှောင်ကျူဝမ်တို့ ရှိနေသည့် နေရာသို့ လျင်မြန်စွာ ပြေးထွက်သွားသည်.။

ကံကောင်းသည်မှာ ချင်ယန်၏ ယခုလက်ရှိ တည်နေရာနှင့် ရှောင်ကျူဝမ်တို့၏ တည်နေရာက အလွန် နီးကပ်နေခြင်းပင်။

မကြာခင် ချင်ယန်က ရောက်သွားပြီး ကျားနက်ကြီးက ရေခဲနံရံကို တစ်ခါတည်း ဖြိုခွဲလိုက်သည်။

"မြန်မြန် လုပ်...."

ချင်ယန်က အော်ဟစ်လိုက်သည်။

ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့က ချင်ယန် ရှိနေသည့် ကျားနက်ထံသို့ အမြန်ပြေးသွားပြီး ကျားနက်ကြီး၏ ကျောပေါ် ခုန်တက်သွားသည်။

ကျားနက်ကြီး၏ နောက်ကျောက လေးမီတာခန့် ရှိသဖြင့် သူတို့လေးယောက်သာ ဆံ့သည်။

ရှီလောင်ကျန်းက ငွေရောင် ဝံပုလွေဘုရင်၏ ကျောပေါ်သို့ ချက်ချင်း ရောက်ရှိသွားသည်။

ရှီလောင်ကျန်းက ငွေရောင် ဝံပုလွေဘုရင်ကို အနည်းငယ် ကြောက်နေသော်လည်း မိုင်းတွင်း ပြိုကျလာသည်ကို မြင်လိုက်သဖြင့် စဉ်းစားချိန် မရလိုက်ပေ။

"ပြေး....."

ချင်ယန်က အမိန့် ပေးလိုက်သည်။

ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က မိုင်းတွင်း အပေါက်ဝသို့ ဒုန်းစိုင်းပြီး ပြေးသွားကြသည်။ မိုင်းတွင်း တစ်ခုလုံး တုန်ခါနေပြီး အချိန်မရွေး ပြိုကျ လာနိုင်သည်။

ချင်ယန်က ယွမ်ဟိုင်နယ်ပယ် ရောက်နေပြီး ယန္တရားသားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က ယွမ်ဒန် နယ်ပယ် ရှိနေလျှင်ပင် မီတာ ရာပေါင်းများစွာ နက်သော နေရာတွင်

မရေမတွက်နိုင်သော ကျောက်တုံးများနှင့် ပိနေပါက ကျိန်းသေပေါက် သေသွားလိမ့်မည်။

မိုင်းတွင်းထဲ ရှိ လမ်းကြောင်းနှင့် ပက်သက်၍ ချင်ယန်က ရှင်းရှင်းလင်းလင်း သိနေသည်။ ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့က အတိုဆုံး လမ်းကြောင်းမှ ပြေးနေကြသည်။

မိုင်းတွင်းထဲတွင် ကျောက်တုံးများက အဆက်မပြတ် ပြိုကျလာနေသည်။

ကံကောင်းသည်မှာ ကျောက်တုံးထဲ မနစ်မြုပ်သရွေ့ ကျောက်တုံးများက သူတို့ကို

ထိမှန်လျှင်ပင် ချင်ယန်တို့ အဖွဲ့ကို ထိခိုက်သွားရန် ခက်ခဲလှသည်။

ကျားနက်ကြီး၏ နောက်ဆုံးတွင် ချင်ယန်က ထိုင်နေပြီး ချင်ယန်ရှေ့တွင် ရှန်းယုလင်းက ထိုင်နေသည်။ သူမ၏ လက်မောင်းများက လှပပြီး သူမ၏ နောက်ကျော ပျော့ပြောင်းသော်လည်း ယခုလက်ရှိ အချိန်တွင် ချင်ယန်က အတွေ့အထိ ခံစားချင်စိတ် လုံးဝ မရှိပေ။

"လခွမ်းပဲ...... ထပ်ပြီး ထိန်းထားလို့ မရတော့ဘူး....."

ချင်ယန်က ခေါင်းတခါခါ လည်တခါခါ ဖြစ်နေသည်။ အကယ်၍ မိုင်းတွင်းထဲ ဆက်နေနေမည် ဆိုပါက အချိန်ကြာလာသည်နှင့် အမှောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များ ဝင်လာကြလိမ့်မည်။

ထိုအခါ ရန်သူများကို အမှည့်ခြွေ ခြွေနိုင်သည်။

ယခုမူ ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များကို ထိပ်တိုက် ရင်ဆိုင်ရတော့မည် ပုံစံမျိုး ဖြစ်နေသည်။

ချင်ယန်က ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များကို မကြောက်သော်လည်း ယန္တရားသားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်၏ တည်ရှိမှု ပေါက်ကြားသွားပါက အလွန် ပြဿနာများလာလိမ့်မည်။

ချမ်ဂျူး အကယ်ဒမီကလည်း မတားနိုင်တော့ပေ။

ထောင်ကွမ်ယွီနှင့် ရန်ခွန်တို့က အချိန်တန်၍ နန်းတော်မှူး ရာထူး မဖြစ်နိုင်လျှင်ပင် သူ့ကို ကိုင်တွယ်ရန် အကောင်းဆုံး ကြိုးစားကြလိမ့်မည်။

လက်ထောက် နန်းတော်မှူး အနေဖြင့် နှစ်ပေါင်းများစွာ လုပ်ကိုင်လာသော ထောက်ကွမ်းယှဉ်နှင့် ရန်ခွန်တို့တွင် ဝုက်ဖဲ မည်မျှ ရှိပြီး အဆက်အသွယ် မည်မျှပင် ရှိနေလိမ့်မည်နည်း……

သို့သော် ယန္တရား သားရဲက ယွမ်ဒန်နယ်ပယ် အဆင့် (၉) ဖြစ်နေလျှင်ပင် ယခုလက်ရှိတွင် ထောင်ကွမ်းယှဉ်နှင့် ရန်ခွန်တို့ကို ကောင်းကောင်း ယှဉ်နိုင်မည် မဟုတ်သေးကြောင်း ချင်ယန်က သိနေသည်။

ပြင်ပ ခွန်အားက ပြင်ပ ခွန်အားသာ ဖြစ်သည်။

ချင်ယန်ကို သတ်လိုက်သည်နှင့် ယန္တရား သားရဲနှင့် နတ်ဆိုးသားရဲ လေးကောင်က ချက်ချင်း ရပ်တန့် သွားလိမ့်မည်။

"ဘာတွေ ဖြစ်နေတာလဲ..."

"မိုင်းတွင်း ပြိုကျတာလား..."

အပြင်ဘက်တွင် ရှိနေသော ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များ တုန်လှုပ် သွားကြသည်။

မြေပြင် တုန်ခါမှုကို ခံစားနေရပြီး တုန်ခါမှုက ပိုမို ပြင်းထန်လာနေသည်။

.....

"နည်းပြ ရှီ၊ ဘာက ပြောသင့်တယ်.. ဘာက မပြောသင့်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိမယ် ထင်တယ်....."

မိနစ်ဝက် အတွင်းမှာပင် ချင်ယန်တို့အဖွဲ့က မိုင်းတွင်း အပေါက်ဝသို့ ရောက်လာကြသည်။

ချင်ယန်က ယန္တရားသားရဲနှင့် ငွေရောင် ဝံပုလွေဘုရင်တို့ကို ပြန်သိမ်းရင်း ရှီလောင်ကျန်းထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

“နားလည်ပါတယ်....”

ရှီလောင်ကျန်းက ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

ငါးစက္ကန့် ကြာပြီးနောက် ချင်ယန်တို့ အဖွဲ့က အရှေ့ဘက်သို့ ပြေးထွက် လာကြသည်။

ချင်ယန်တို့ အပြင်ဘက် ရောက်ပြီး မိနစ် အနည်းငယ် အတွင်းမှာပင် ဂူအပေါက်က ပြိုကျသွားသည်။

မိုင်းတွင်းတစ်ခုလုံး ပြိုကျပြီး ဖုန်များ တထောင်းထောင်း ထသွားသည်။

"ချင်ယန်....."

ထောင်မိသားစုမှ တန်ခိုးရှင်များနှင့် ရန်မိသားစုမှ တန်ခိုးရှင်များ၏ မျက်လုံးထဲတွင် အံ့အောသင့် နေသော အမူအရာများ ပေါ်လာသည်။ ဖုန်မထခင် ချင်ယန်တို့အဖွဲ့ကို တွေ့လိုက်ကြသည်။

ချင်ယန် အသက်ရှင် နေသေးသည်။

## အခန်း(၂၈၃) - ပေါ်တင် ဆဲသွားခြင်း...

"ချင်ယန်က ဘာဖြစ်လို့ အသက်ရှင်ပြီး ထွက်လာတာလဲ....."

"မိုင်းတွင်း ပြိုကျသွားပြီ..... သွေးနတ်ဘုရားဂူ၊ ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက တန်ခိုးရှင်တွေ အထဲမှာ သေသွားပြီ ထင်တယ်..."

"အခြေအနေက ယီး... အခြေအနေကြီးလား...."

......

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်က သူတို့အချင်းချင်း ကြိတ် ဆွေးနွေး နေကြပြီး အနည်းငယ် ကြောက်လန့် နေကြသည်။

အကယ်၍ သူတို့သာ အထဲဝင်သွားခဲ့မည်ဆို ပါက ယခုလက်ရှိ အချိန်တွင် အရှင်လတ်လတ် မြေမြုပ် ခံနေရမည် မဟုတ်ပါလော......

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက ကိုယ့်အတွေးနှင့်ကိုယ် ကြောက်လန့် နေကြသဖြင့် ချက်ချင်း မထွက်လာ ကြသေးပေ။

လေများတိုက်၍ ဖုန်မှုန့်များ ကင်းစင်သွားသည်။

ချင်ယန်က ထွက်မပြေးသေးဘဲ ထိုနေရာမှာပင် ဝှံ့ဝှံ့ကြွားကြွား မတ်တပ် ရပ်နေသည်။

“ထောင်မိသားစုနဲ့ ရန်မိသားစုက လူတွေ ဘယ်မှာလဲ....”

“မင်းတို့ ရှိနေပါတယ်..... ဘာဖြစ်လို့ မထွက်လာသေးတာလဲ....”

ချင်ယန်က တစ်ချက်ပြုံးပြီး အသံမြှင့်ကာ အော်ဟစ်လိုက်သည်။

ရှီလောင်ကျန်းက စိတ်ထဲ ကြောက်လန့်သွားသည်။

'ချင်ယန်က အသက်ရှင်ရတာ ငြီးငွေ့နေပြီလား....'

"ထွက်လာ ခဲ့စမ်းပါ.... မင်းတို့ထဲက တချို့က ဒီရောက်နေတယ် ဆိုတာ ငါ သိတယ်။ ဒီနေရာရဲ့ ရှုခင်းက နည်းနည်း ရုပ်ဆိုးတယ် ဆိုပေမဲ့ မင်းတို့သေရင် အထီး မကျန်ပါဘူး...."

ချင်ယန်က ပြုံးနေရင်း အော်ပြောနေသည်။

ယခုလက်ရှိ အချိန်တွင် ချင်ယန်က ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များကို မရင်ဆိုင် ချင်သေးသော်လည်း ဟန်ကိုယ်ဖိ လုပ်၍ ဖြဲခြောက်နေသည်။

စက္ကန့် အနည်းငယ် ကြာသွားသည့် တိုင်အောင် မည်သူမျှ မပေါ်လာကြပေ။

အခြေအနေက အနည်းငယ် ထူးဆန်းနေသဖြင့် ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက မည်ကဲ့သို့ ဆက်လုပ်ရမှန်း မသိကြပေ။

ထောင်မိသားစုနှင့် ရန်မိသားစုတို့က ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် နှစ်ယောက်နှင့် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များ ခြံရံပြီး ရောက်လာကြခြင်း ဖြစ်သည်။ သို့သော် မိုင်းတွင်းထဲ ဝင်သွားသည့် အဖွဲ့က ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များကို ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက် ဦးဆောင်သွားသော သွေးနတ်ဘုရားဂူမှ အဖွဲ့ ဖြစ်နေသည်။

သို့တိုင်အောင် ဟန်ဝမ်ထန်နှင့် အခြားလူများက အသက်ရှင်လျက် ပြန်ထွက်လာခြင်း မရှိခဲ့ပေ။

"မင်းတို့ကောင်းတွေ ဒီအထိ လာပြီးမှ သတ္တိမရှိတော့ဘူးလား...."

"လာစမ်း... ယောက်ျား ဆိုရင် သွေးကြောင်မနေနဲ့....."

ရုတ်တရုတ် ဆိုသလို ချင်ယန်က ကြမ်းကြမ်းတမ်းတမ်း အော်ဆဲပြီး စိန်ခေါ် လိုက်သည်။

ရှီလောင်ကျန်းသည် လူပေါင်းမှားပြီဟု ခံစား နေရသည်။

အကယ်၍ ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များ အမှန်တကယ် ထွက်ပေါ်လာခဲ့မည်ဆိုပါက ချင်ယန်ဘက်တွင် ယန္တရား သားရဲနှင့် ငွေရောင် ဝံပုလွေဘုရင် ရှိနေလျှင်ပင်......

"ခေါင်းဆောင်.. သွားရအောင်....."

"ဒီခွေးသား လူပါး ဝလွန်းတယ်..."

ထောင်မိသားစုက တန်ခိုးရှင် တစ်ယောက်က ရန်စန်းထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ရန်စန်းက မျက်လုံးမှေးပြီး စဉ်းစားနေသည်။

အကွာအဝေးက မီတာ တစ်ရာကျော်သာ ရှိသဖြင့် ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ချင်ယန်၏ အဝတ်အစားက ယခင်အတိုင်း ရှိနေပြီး သွေးကွက်များ လုံးဝ မရှိပေ။

ချင်ယန်တို့ အဖွဲ့ထဲမှ မည်သူမှ မထိခိုက်ထားပေ။

ထိုအခြေအနေ အလွန် ထူးဆန်းနေသည်။

"မလှုပ်နဲ့...."

"ချင်ယန် လက်ထဲမှာ ကြောက်စရာ ကောင်းတဲ့ ရတနာ တစ်ခု ရှိနိုင်တယ်။ အဲ့ ရတနာက

အသုံးပြုချိန် ကန့်သတ်ချက် ရှိလိမ့်မယ်။ ချင်ယန်က ငါတို့ ထွက်လာအောင် တမင်သက်သက် စိတ်ဆွနေတာပဲ ဖြစ်လိမ့်မယ်....”

ရန်စန်းက အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

ထောင်ကွမ်ယွီက ယွမ်ဒန် နယ်ပယ် မျှော့မျိုးစေ့ ပေးလိုက်လျှင်ပင် ယခုလက်ရှိ အချိန်၌ ရန်စန်းတွင် လှုပ်ရှားရန် ယုံကြည်ချက် မရှိသေးပေ။

“ရန်မိသားစုရဲ့ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်က ချင်ယန်လက်ထဲမှာ သေသွားတယ်.... ရန်မိသားစုကို အရင် လှုပ်ရှားခိုင်းလိုက်.....”

အရင်ဆုံး လှုပ်ရှားသွားသည့် သွေးနတ်ဘုရားဂူ၊ ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာမှ လူများက သနားစရာကောင်းအောင် အဆုံးသတ် သွားသည်။ ရန်စန်းက ထိုကဲ့သို့ မတော်မတဆမှုမျိုး မဖြစ်ချင်ပေ။

ရန်စန်းက ထိုကဲ့သို့ တွေးပြီး ရန်မိသားစုမှ တန်ခိုးရှင်များကို အရင်ဆုံး လှုပ်ရှား စေချင်နေသည်။

ရန်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ထပ်မံ သေဆုံးသွားမည် ဆိုပါက အချိန်တန်လျှင်

နန်းတော်မှူး ရာထူး ပြိုင်ဆိုင်မှုအတွက် မျှော်လင့်ချက် နည်းပါး သွားလိမ့်မည်။

"ယီးပဲ... ဒါလား ယောက်ျား..."

"မင်းတို့ ဘောင်းဘီထဲ ပြန်ငုံ့ကြည့်အုံး.... မင်းတို့ ပဲမြစ်လေး ရှိသေးလားလို့...."

ချင်ယန်က စိတ်ကြိုက် အော်ဆဲနေသဖြင့် ရန်စန်းနှင့် အခြားလူများက အလွန် ဒေါသ ထွက်နေကြသည်။ သို့သော်လည်း ချင်ယန်က အော်ဆဲ လေလေ၊ တစ်ခုခု မှားနေပြီဟု ခံစားနေရသဖြင့် မထွက်ရဲကြပေ။

"ဒီလောက် ကောင်းတဲ့ အခွင့်အရေးကို လက်လွှတ် ခံမှာလား..... မင်းတို့ ပြန်သွားရင် အပြစ်ပေး ခံရမှာ မကြောက်ဘူးလား...."

"ငါ့ဆီမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိတယ်။ ငါ့ကို အရှင်လတ်လတ် ဖမ်းနိုင်ရင် ငါ့ဆီက စည်းတံဆိပ် အမွေနဲ့.. ဆေးတာအို အမွေလည်း ရနိုင်တယ်နော်.....။ လာစမ်းပါ.... အခွင့်အရေး ကောင်းတုန်း လာစမ်းပါ....."

ချင်ယန်က ဈေးသည် တစ်ယောက်ကဲ့သို့ တစာစာ အော်ခေါ်နေသည်။

သို့သော် မည်သူမှ မလာကြပေ။

ထောင်မိသားစုနှင့် ရန်မိသားစုမှ တစ်ယောက်ယောက်က ဒေါသ ထွက်ပြီး ထွက်သွားချင်လျှင်ပင် ကျန်သည့်လူများက ပြန်ဆွဲထားကြသည်။

"တကယ်လို့ မင်းတို့ ပေါ်မလာရင် ငါ ထွက်သွားတော့မယ်နော်...."

"မိုးရွာတုန်း ရေခံ.... အခွင့်အရေး ကောင်းက နှစ်ခါ ပြန်မလာဘူး... ဒီစကားတောင် မသိကြဘူးလား...."

ချင်ယန်က ထွက်သွားရန် ဟန်တပြင်ပြင် လုပ်နေသော်လည်း တန်ခိုးရှင်များက ထွက် မလာသေးပေ။

"လမ်းလျှောက်ပြီး ဒီက ထွက်သွားရအောင်..."

"ဒီကောင်တွေက မေ့မေ့နဲ့ စို့နေတဲ့ကောင်တွေ ထွက်လာရဲမှာ မဟုတ်ဘူး..."

"တိမ်ငန်း ထုတ်လိုက်တော့"

ချင်ယန်က ရှီလောင်ကျန်းထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။ ထို့နောက် တိမ်ငန်းပေါ်တက်ပြီး

ကောင်းကင်ပေါ် ပျံတက်သွားရန် အချိန် သိပ်မကြာလိုက်ပေ။

"လူတိုင်းပဲ... မင်းတို့ကောင်တွေ မထွက်လာရင် ငါ တကယ် သွားပြီးနော်...."

"ဒါက မင်းတို့အတွက် နောက်ဆုံး အခွင့်အရေးပဲ...."

တိမ်ငန်းက ကောင်းကင်ပေါ် ရောက်သွားသော်လည်း ချင်ယန်၏ အသံက ထွက်ပေါ် နေသေးသည်။ သူ့ အမူအရာက တစ်စက်မှ ထောင့်မကျိုးပေ။

"တကယ်ပဲ ဘယ်သူမှ မလာဘူးလား..."

"သွားမယ်..."

ချင်ယန်က စိတ်ထဲမှ သက်ပြင်းချလိုက်သည်။

ရှီလောင်ကျန်းက တိမ်ငန်းကို အမြန်ဆုံး ပျံသန်းရန် အမိန့်ပေးလိုက်သဖြင့် တိမ်ငန်းက လျင်မြန်စွာ ပျံသန်းသွားသည်။

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက ချက်ချင်း မလိုက်လာသေးပေ။

"ထွက်လာစမ်း..."

တိမ်ငန်းက တိမ်တိုက်ထဲ ဝင်သွားသည်နှင့် ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို ချက်ချင်း ခေါ်ထုတ်လိုက်သည်။ ငွေရောင် ဝံပုလွေဘုရင်က ယွမ်ဒန်နယ်ပယ် ဖြစ်နေသဖြင့် တိမ်ငန်းထက် ပိုမို လျင်မြန်စွာ ပျံသန်းနိုင်သည်။

"နည်းပြရှီ၊ ဒီဘက်ခြမ်းမှာ ထောင်မိသားစုနဲ့ ရန်မိသားစုက တန်ခိုးရှင်တွေပဲ ရှိတော့တယ်။ သူတို့က မင်းကို သတ်မှာမဟုတ်ဘူး...... ဒီလိုမှ မဟုတ်ရင် သူတို့ရဲ့ လုပ်ရပ်ကို တစ်ဖက်လူက ချနင်း သွားလိမ့်မယ်...."

"ကြွက် မွန်းစတား ကိစ္စလည်း ဖြေရှင်းပြီးပြီ... နောက်ဆက်တွဲ ကိစ္စတွေကို ကျေးဇူးပြုပြီး ကိုင်တွယ်ပေးပါ...."

"တကယ်လို့ ကျန်တဲ့ လူတွေက မပြန်သေးရင်လည်း ခေါ်သွား ပေးပါအုံး...."

"ဒီသိုလှောင် လက်စွပ်ထဲမှာ အဆင့် (၅) ကာကွယ်ရေး ရတနာ နှစ်ခုနဲ့ အဆင့် (၅) ကာကွယ်ရေး အဆောင်တစ်ခု ရှိတယ်။ မင်းသုံးလို့ ရတယ်...."

ချင်ယန်က အသံပို့ လွှတ်ပြီးနောက် ရှီလောင်ကျန်းထံ သိုလှောင် လက်စွပ် ပေးလိုက်သည်။ ထို့နောက် သူနှင့် ရှောင်ကျူဝမ်တို့ မိန်းကလေး သုံးယောက်က ငွေရောင် ဝံပုလွေ ဘုရင်ပေါ် လျင်မြန်စွာ တက်သွားကြသည်။

“မဟာသခင်ချင်... ကျေးဇူး အများကြီး တင်ပါတယ်....”

ရှီလောင်ကျန်းက ကျေးဇူး တင်စကား ပြောလိုက်သည်။ ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက သူ့ကို သတ်ချင်နေလျှင်ပင်

ချင်ယန် ပေးထားသည့် ရတနာများက လုံလောက်နေသည်။

"သွားကြစို့...."

ချင်ယန် ထိန်းချုပ်ထားသော ငွေရောင်ဝံပုလွေဘုရင်က အလွန် လျင်မြန်စွာ ပျံသန်းသွားသည်။ အချိန်တိုလေး အတွင်းတွင် ရှီလောင်ကျန်း၏ မြင်ကွင်းထဲမှ ချင်ယန်တို့ အဖွဲ့က ပျောက်ကွယ် သွားသည်။

"လိုက်....."

ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက လှုပ်ရှား လာကြသည်။ မိုးပျံ သားရဲ နှစ်ကောင် ပေါ်လာပြီး ကောင်းကင်ပေါ် လျှင်မြန်စွာ ပျံတက် သွားကြသည်။

အကယ်၍ ချင်ယန် လက်ထဲတွင် ကြီးကျယ်သော ရတနာ တစ်ခု ရှိနေလည်း ဤမျှ အချိန်ကြာပြီးနောက် သက်ရောက်မှု ပျောက်ကွယ် သွားနိုင်သည်။ ချင်ယန်တို့ကို လိုက်ဖမ်းရန် အခွင့်အရေး ရှိနေသေးသည်။

အချို့ နေရာများတွင် တိမ်ထူပြီး အချို့ နေရာများတွင် တိမ်များ ကင်းစင်နေသည်။

လွန်ခဲ့သော နှစ်မိနစ်ကျော်က ပျံသန်းသွားသည့် တိမ်ငန်းပေါ်ကို ထောင်မိသားစုနှင့် ရန်မိသားစုမှ တန်ခိုးရှင်များက မျက်လုံးပြူးပြီး ကြည့်နေကြသည်။ သူတို့နှင့် ကီလိုမီတာ အနည်းငယ်သာ ကွာဝေးသဖြင့် ရှင်းရှင်းလင်းလင်း မြင်နေရပြီး တိမ်ငန်းပေါ်တွင် ရှီလောင်ကျန်း တစ်ယောက်တည်းသာ ရှိတော့သည်။

"တောက်စ်..... ငါတို့ လှည့်စားခံရပြီ...... လိုက်.."

ရန်စန်း၏ မျက်နှာ အမူအရာက ရုပ်ဆိုးသွားသည်။ သူ စီးနေသော မိုးပျံသားရဲ၏ အရှိန်က ချက်ချင်း မြင့်တက်သွားပြီး တိမ်ငန်းကို လိုက်မီသွားသည်။

"နည်းပြရှီ.. ချင်ယန်တို့ ဘယ်မှာလဲ....."

ရန်စန်းအဖွဲ့ထဲမှ တစ်ယောက်က ဒေါသတကြီး အော်မေးလိုက်သည်။

"သွားပြီ.."

"မဟာသခင်ချင်က ငါ့ကို ဒီမှာကျန်ခဲ့ပြီး နောက်ဆက်တွဲ ကိစ္စတွေကို ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့လို့ ငါက အေးအေး ဆေးဆေး သွားနေတာပါ..."

ရှီလောင်ကျန်း၏ စကားကြောင့် ရန်စန်းက ဒေါသထွက်ပြီး သွေးပင် အန်ချင်သွားသည်။ ယခုအချိန်အထိ လှည့်စားခံရမှန်း မသိသေးပါက အသက်ကြီး၍ လူကြီး ဖြစ်နေခြင်းသာ ဖြစ်တော့မည်။

"ဟွန့်....."

ရန်စန်းက အေးစက်စွာ နှာခေါင်း တစ်ချက်ရှုံ့ပြီးနောက် သူတို့၏ နတ်ဆိုးသားရဲက ချက်ချင်းပျံထွက်သွားကြသည်။

ရှီလောင်ကျန်းက ချင်ယန်နှင့် ဘာမှ မဆိုင်ပေ။ ရှီလောင်ကျန်းကို သတ်ခြင်းက အသုံးမဝင်သလို ထောင်ကွမ်ယွီအတွက် ပြဿနာ တက်ရုံသာ အဖက်တင်လိမ့်မည်။

"ခေါင်းဆောင်.. သူတို့ ထွက်ပြေးတာ အဝေး မရောက်နိုင်သေးဘူး..."

သူတို့အဖွဲ့ထဲမှ တန်းခိုရှင် တစ်ယောက်က အဆင့် (၅) ခြေရာခံ ရတနာကို ထုတ်ယူပြီး ရှန်းယုလင်းကို ချက်ချင်း ခြေရာခံလိုက်သည်။

မကြာခင် ခြေရာခံမှု အောင်မြင်သွားသည်။

“လိုက်.....”

“အမြန်ဆုံး ပျံ.....”

ရန်စန်းက အေးစက်စွာ အော်ဟစ်လိုက်သည်။ သူတို့ ခေါ်လာသော မိုးပျံသားရဲ ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရှိနေသည်။ ချင်ယန် အဖွဲ့က

လွတ်မြောက်ချင်သည် ဆိုပါက မယုံနိုင်လောက်အောင် မြန်ဆန်စွာ ထွက်ပြေးမှ ဖြစ်လိမ့်မည်.

"ရန်စန်း..... ဒီလမ်းကြောင်းက မမှားပါဘူးနော်....."

မီတာ ရာပေါင်းများစွာ ပျံသန်း လာပြီးနောက် ရန်မိသာစုက ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်က လှမ်းအော်လိုက်သည်။

ရန်စန်းက အေးစက်စွာ နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။ ရန်မိသားစုမှ တန်ခိုးရှင်များ ခြေရာခံ

ရတနာများ အသုံးပြုခြင်း မရှိဘဲ သူတို့နောက်မှ ကပ်လိုက်လာကြသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာပြီး နာရီဝက်ကျော် ကြာသွားသည်။

"ခေါင်းဆောင်.... တည်နေရာ မပြတော့ဘူး....."

ရန်စန်းဘေးမှ တန်ခိုးရှင်က ပြောလိုက်သည်။

ရန်စန်း၏ မျက်နှာ အမူအရာက ဒယ်အိုးဖင်ကဲ့သို့ မည်းနက်နေသည်။

ဒီကိစ္စတွင် ဖြစ်နိုင်ခြေ နှစ်ခုသာ ရှိသည်။ ပထမ တစ်ခုက သူတို့ကြားမှ အကွာအဝေး အလွန် ဝေးသွားခြင်း ဖြစ်နိုင်သည်။

ဒုတိယ တစ်ခုမှာ ချင်ယန်က အော်ရာ ဖုံးကွယ်သည့် ရတနာ အသုံးပြုပြီး ရှန်းယုလင်း၏ အော်ရာကို ဖုံးကွယ်လိုက်ခြင်း ဖြစ်နိုင်သည်။

"ရှောင်ကျူယင်ရဲ့ တည်နေရာကို ရှာ...."

ရန်စန်းက ပြောလိုက်သည်။ နောက်ထပ် တန်ခိုးရှင် တစ်ယောက်က ရတနာတစ်ခု ချက်ချင်း ထုတ်ယူလိုက်သည်။

"ခေါင်းဆောင်... တည်နေရာ ရှာလို့ မရဘူး..."

ရန်စန်းက ဒယ်အိုး ဖင်ကဲ့သို့ မည်းနက်နေသော မျက်နှာ အမူအရာနှင့် အဆင့် (၆) ခြေရာခံ ရတနာကို ထုတ်ယူလိုက်သည်။

ရှန်းယုလင်း၏ တည်နေရာကို နောက်တစ်ကြိမ် ထပ်ရှာလိုက်သည်။ ဤတစ်ကြိမ်တွင် ခြေရာခံမှု အောင်မြင်ခဲ့သည်။

ဆက်ပြီး လိုက်နေကြသည်။

နှစ်နာရီ ကြာသွားသည့် တိုင်အောင် ရန်စန်းတို့အဖွဲ့က လိုက်မမှီသေးပေ။

တည်နေရာ ရှာဖွေမှုကလည်း နောက်တစ်ကြိမ်ပျောက်ကွယ် သွားပြန်သည်။

"ဘောပဲ....................."

ရန်စန်းက စိတ်မထိန်း နိုင်တော့ဘဲ အော်ဆဲလိုက်သည်။

ယခုကိစ္စတွင် ချင်ယန်တို့အဖွဲ့၏ အမြန်နှုန်းက သူတို့၏ အမြန်နှုန်းထက် ပိုမြန်နေခြင်းသာ ဖြစ်နိုင်တော့သည်။

ထို့ကြောင့် ချင်ယန်တို့ နောက်သို့ လိုက်နေခြင်းက အသုံး မဝင်တော့ပေ။ သူတို့အဖွဲ့က ချမ်ဂျူးမြို့သို့ ပြန်ရောက်သည့် အချိန်တွင် ချင်ယန်တို့ အဖွဲ့က ချမ်ဂျူး အကယ်ဒမီသို့ပင် ရောက်ရှိ နေနိုင်သည်။

ထိုနေရာတွင် ဆိုပါက ချင်ယန်က သူတို့ရှေ့ ရှိနေလျှင်ပင် မသတ်နိုင်တော့ချေ။

## အခန်း(၂၈၄) - ဂုဏ်ပြုပါတယ်.. အိမ်ရှေ့မင်းသား..

ချမ်ဂျူးမြို့ရှိ အဆင့်မြင့် စားသောက်ဆိုင်.....

ကျိုရောင်ဖန်က စားသောက်ပွဲ တစ်ခု ကျင်းပနေပြီး သခင်လေး တော်တော်များများ တက်ရောက်နေသည်။ တန်ပင်ဂျီကလည်း ကျိုရောင်ဖန်နှင့် အတူတူ ရှိနေပြီး မျက်နှာပေါ်တွင် အပြုံးများ ပြည့်လျှံနေသည်။

"အရှင်မင်းသား ရောင်ဖန်... မင်းတို့ မီးနဂါး အင်ပါယာက လှုပ်ရှားနေတယ်လို့ ကြားတယ်။ ဒီတစ်ကြိမ်တော့ ချင်ယန် သေပြီပေါ့....."

သခင်လေး တစ်ယောက်က မေးလိုက်သည်။

ကျိရောင်ဖန်က စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး....

"ဘယ်လိုထင်လဲ...."

"မဟာသခင်ချင်က ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြ။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု

အဖွဲ့နဲ့ စည်းသခင် လမ်းညွှန်မှု အဖွဲ့တို့မှာ ကြီးမြတ်သော မဟာသခင်....... သူ့ကို ငါတို့ မီးနဂါး အင်ပါယာက ဘာဖြစ်လို့ သတ်ရမှာလဲ.....။ ဒါပေမဲ့ မဟာသခင်ချင်က ဒီတစ်ကြိမ် စစ်ဆင်ရေးကနေ အသက်ရှင်ရက် ပြန်နိုင်ပါ့မလား မသိဘူး..... ငါ့စိတ်ထဲမှာ အဆိုး မြင်နေမိတယ်...”

“မဟာသခင်ချင်က အရမ်း ငယ်သေးတော့ စစ်ဆင်းရေးထဲမှာ အန္တရာယ်တွေ တွေ့နိုင်တယ်...”

“ပြီးတော့ အဲ့ဘက်မှာ သွေးနတ်ဘုရား ဂူလည်း လှုပ်ရှားနေတယ်...”

လူတိုင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

ချင်ယန်၏ မိတ်ဆွေများက ထိုပွဲကို မလာကြသလို ထိုပွဲကို လာကြသည့် လူများကလည်း ချင်ယန်၏ မိတ်ဆွေများ မဟုတ်ကြပေ။

ချင်ယန်က ငယ်ရွယ်ရွယ်နှင့် ရွှေတံဆိပ် နည်းပြ ဖြစ်လာပြီး နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသဖြင့် သခင်လေး တော်တော်များများ၏ မျက်လုံးထဲတွင် မျက်မုန်းကျိုးနေကြသည်။ ချင်ယန်၏ တည်ရှိမှုက

သခင်လေးများကို မေ့မှိန် သွားစေသည်။ ထို့ကြောင့် ဒီကိုရောက်နေသည့် သခင်လေးတိုင်းက ချင်ယန်ကို ချက်ချင်း သေစေချင်ကြခြင်းပင်။

“အကိုကျိ..... ငါ တွေးကြည့်တာက ဒီတစ်ကြိမ်မှာ ချင်ယန် အသက်ရှင်လာရင် ဘယ်လို ဖြစ်လာမလဲ....”

နောက်တစ်ယောက်က မေးလိုက်သည်။

ကျိရောင်ဖန်က ပြုံးနေသော မျက်နှာနှင့် တန်ပင်ဂျီကို ဖက်လိုက်ပြီး.....

"ပင်ဂျီနှင့် ချင်ယန်တို့က မိတ်ဆွေဟောင်းတွေပဲ...... မနက်ခင်း အစောပိုင်းက ဗေဒင်တွက်ကြည့်လိုက်တော့ ချင်ယန်က အသက်ရှင်ရက် ပြန်မလာတော့ဘူးလို့ ပြောတယ်..... အသက်ရှင်ရက် ပြန်လာနိုင်ခြေ သုညတဲ့...။ ဒါပေါ့ ဒါက လမ်းဘေး ဗေဒင် ဆရာတစ်ယောက်ရဲ့ စကားလေ..... ချင်ယန်က အသက်ရှင်ရက် ပြန်လာဖို့ မျှော်လင့်ပါတယ်....။ သူက ငါတို့ ချမ်ဂျူးကျွန်းဆွယ်က ပါရမီရှင် တစ်ယောက်ပဲ......"

"ဗေဒင် ဆရာတွေက တခါတလေ မှန်တတ်တယ်....."

"မဟာသခင်ချင် သေသွားရင် ငါ့ရဲ့ ကြင်နာမှုကို ပြသဖို့ အခေါင်း ပို့ပေးလိုက်မယ်....."

"ဟားဟား....."

လူတိုင်းက ရယ်မောရင်း စကား ပြောနေကြသည်။

ကျိုရောင်ဖန်နှင့် တန်ပင်ဂျီတို့၏ မျက်နှာပေါ်တွင် အပြုံးများ ပြည့်နှက်နေသည်။ ချင်ယန်က သူတို့

နှလုံးသားထဲမှ ဆူးတစ်ချောင်း ဖြစ်နေသည်။ ယခုအခါ ထိုအဆူးက ထာဝရ ပျောက်ကွယ်သွားတော့မည်။

ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာတို့တွင် တန်ခိုးရှင် မည်မျှ များများ ပါသွားလဲ ဆိုသည်ကို ကျိရောင်ဖန် သိနေသည်။

ထို့အပြင် ထောင်မိသားစုနှင့် ရန်မိသားစုတို့ လှုပ်ရှားကြသည့် အကြောင်းကိုလည်း ကျိရောင်ဖန် သိနေသည်။

သွေးနတ်ဘုရား ဂူလည်း ရှိနေသေးသည်။

ကျိုဝူချန်က သွေးနတ်ဘုရား ဂူမှ တန်ခိုးရှင်များနှင့် တိတ်တိတ်လေး ဆက်သွယ်ခဲ့သဖြင့် ယခု တစ်ကြိမ်တွင် သွေးနတ်ဘုရားဂူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက် စေလွှတ်ထားကြောင့် ကျိုရောင်ဖန် သိနေသည်။

“ချင်ယန်.. ချင်ယန်..... မင်းကို သတ်ဖို့ တန်ခိုးရှင် အများကြီး လွှတ်ထားတယ်... တကယ်လို့ မင်းသာ အသက်ရှင်ရက် ပြန်လာရင်

ဒီအိမ်ရှေ့ မင်းသားက မင်းရှေ့မှာ ဒူးထောက်ပြီး မင်းကို အဘိုးလို့ ခေါ်လိုက်မယ်.....”

ကျိုရောင်ဖန်က စိတ်ထဲမှ လှောင်ပြောင်လိုက်သည်။

“ငါ့လက်ထဲမှာ ချင်ယန် မသေသွားတာ စိတ်ပျက်စရာပဲ....”

“သူ့ရဲ့ ပင်ကိုယ် ပါရမီကို မြို့ချနိုင်ရင် ကောင်းမှာပဲ....”

တန်ပင်ဂျီက စိတ်ထဲမှ ကြိတ် တွေးနေသည်။

ထိုအချိန်တွင် ကျိရောင်ဖန်၏ လက်အောက်ငယ်သား တစ်ယောက်က ဖင်ထဲ လက်ညှိုးထိုးထည့် ခံထားရသော မျက်နှာ အမူအရာနှင့် အခန်းထဲသို့ အလောတကြီး ဝင်လာပြီး.....

"အရှင်မင်းသား.. ပြန်လာပြီ... ပြန်လာပြီ...."

ထိုလူက ကျိရောင်ဖန် အနား ရောက်သွားသောအခါ စကား ဆက်ပြောရန် အနည်းငယ် တွန့်ဆုတ်သွားသည်။

"ဘာ ပြန်လာတာလဲ...."

ကျိုရောင်ဖန်က တင်းမာစွာ ပြောလိုက်သည်။ ယခုအခါ သခင်လေး တော်တော်များများ ရှိနေသဖြင့် သူ့လက်အောက် ငယ်သား၏ အပြုအမူကို မကျေမနပ် ဖြစ်နေသည်။

ကျိုရောင်ဖန်၏ လက်အောက် ငယ်သားက ခါးသီးနေသော မျက်နှာ အမူအရာနှင့်....

"အရှင် မင်းသား... ချင်ယန် ပြန်ရောက်လာပြီ..... ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့လည်း ပြန်ပါလာကြတယ်...."

"ဘာ….."

ကျိုရောင်ဖန် တော်တော်လေး မျက်နှာ ပျက်သွားသည်။

'ချင်ယန်က ဘယ်လိုလုပ်ပြီး ပြန်လာနိုင်တာလဲ…."

"မင်း သေချာလား…."

"သေချာပါတယ်… အရှင် မင်းသား….။ အခုလောက်ဆို ချင်ယန်က ချမ်ဂျူး အကယ်ဒမီထဲ ဝင်သွားလောက်ပြီ…. ဒါကို ချမ်ဂျူး အကယ်ဒမီ

အပေါက်ဝမှာ လူတော်တော် များများ တွေ့လိုက်ကြတယ်....”

ကျီရောင်ဖန်၏ မျက်နှာ အမူအရာက သုန်မှုန်လာသည်။

တန်ပင်ဂျီလည်း အတူတူပင်.....

ကျန်နေသည့် လူများလည်း မျက်နှာ အမူအရာ သိပ်မကောင်းလှပေ။

“အစ်ကိုကျီ၊ လမ်းဘေး ဗေဒင်ဆရာက မမှန်ဘူး ထင်တယ်....”

"အရှင်မင်းသား... ငါ့မှာ လုပ်စရာရှိတဲ့ ကိစ္စတွေ ရှိနေသေးတာ အခုမှ သတိရတယ်... အရှင် သွားနှင့်တော့မယ်..."

သခင်လေးများက စကားပြောပြီးသည်နှင့် ထ ထွက်သွားကြသည်။ ယခု တစ်ချိန်တွင် ချင်ယန် သေလိမ့်မည်ဟု ထင်ခဲ့ပြီး အသက်ရှင် ပြန်လာလိမ့်မည်ဟု လုံးဝ မထင်ထားခဲ့ကြပေ။

'ဒီပွဲမှာ ဆက်ပျော်ဖို့လား....'

'မီးနဂါး အင်ပါယာက တန်ခိုးရှင်တွေ အခုအချိန်အထိ အသက်ရှင် သေးလို့လား....'

ထို့အပြင် ချင်ယန်နှင့် အခြားလူများက အသက်ရှင်လျက် ပြန်ရောက် လာကြသည်။ ချင်ယန်တွင် အောင်ကျူ မိသားစုကဲ့သို့ အင်အားကြီးမားသော မဟာမိတ်လည်း ရှိနေသေးသည်။

"အရှင်မင်းသား ရောင်ဖန်.. မင်းရဲ့ပွဲမှာ လူနည်းနည်းပဲ ရှိတော့တယ်ဆိုတော့ အဓိပ္ပါယ် မရှိတော့ဘူး.... နောက်တစ်ကြိမ်မှ ပြန်ဆုံကြမယ်....."

"နှုတ်ဆက်ပါတယ်..."

တစ်ယောက်က ဦးဆောင်ပြီး ထွက်သွားပြီးနောက် ကျန်သည့် လူများလည်း တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာ သွားကြသည်။

မကြာခင် တန်ပင်ဂျီနှင့် ကျိရောင်ဖန်တို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ဖုန်း......

ခွမ်......

ကျိရောင်ဖန်က ဘေးနားမှ ဝိုင်းပုလင်းကို ကိုင်ပြီး ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်သည်။ ထို ဝိုင်ပုလင်းက ဈေးမပေါပေ။ ယခုအချိန်တွင် ကျိရောင်ဖန်က မည်ကဲ့သို့ စိတ်ထိန်း နိုင်မည်နည်း.....

"အိမ်ရှေ့ မင်းသား..... ချင်ယန်က အဲ့နေရာကို မသွားဘဲ.... လမ်းတစ်ဝက်က လှည့်ပြန် လာတာလဲ ဖြစ်နိုင်တယ်...."

"အဲ့လို ဆိုရင် အလုပ်မပြီးသေးတဲ့ အဓိပ္ပါယ်ပဲ.... အချိန်တန်ရင် ချမ်ဂျူး အကယ်ဒမီက နှင်ထုတ်

ခံရမှာပဲ.... ငါတို့မှာ သူ့ကို ကိုင်တွယ်ဖို့ အခွင့်အရေး ရှိသေးတယ်.....”

တန်ပင်ဂျီက အံကြိတ်ပြီး သွားကြားထဲမှ လေသံနှင့် ပြောလိုက်သည်။

“သွားမယ်....”

ကျိရောင်ဖန်က အေးစက်စွာ ပြောလိုက်သည်။

“ဘယ်သွားမှာလဲ.....”

“ချင်ယန်ကို သွားရှာမယ်... ဒီကောင် တာဝန် မပြီးသေးတာပဲ ဖြစ်ရမယ်.....”

ကျိုရောင်ဖန်က  အေးစက်စွာ ပြောလိုက်သည်။

ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာက တန်ခိုးရှင် အများကြီး လွှတ်ထားသည်။ သွေးနတ်ဘုရားဂူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်ပင် လွှတ်ထားသေးသည်။

ထို အခြေအနေမျိုးတွင် ချင်ယန်က လမ်းတဝက်မှ မပြန်ဘဲ အသက်ရှင်လျက် လွတ်မြောက် လာလိမ့်မည်ဟု ကျိုရောင်ဖန်က မည်သို့မှ  မယုံပေ။

အခြားတစ်ဖက်တွင်မူ စစ်ဆင်ရေး နေရာကလည်း နဂါးရေကန်၊ ကျားအသိုက် ကဲ့သို့ နေရာမျိုး ဖြစ်သည်။

.........

"ပြန်ရောက်လာတယ် ဟုတ်လား..."

ထောင်ကွမ်ယွီက သတင်း ရလိုက်သည်နှင့် တော်တော်လေး မျက်မှောင် ကြုတ်သွားသည်။

သူက ရန်စန်းနှင့် အခြားလူများကို စေလွှတ်ထားခဲ့သည်။ ယခုတစ်ကြိမ် လှုပ်ရှားမှုက

သေးငယ်သော လှုပ်ရှားမှု မဟုတ်သဖြင့် ထောင်ကွမ်ယွီက ဒီတစ်ကြိမ် ရလဒ်ကို တော်တော်လေး အာရုံစိုက် နေသည်။

"ရန်စန်းနဲ့ တခြားလူတွေ ဘယ်ရောက်နေလဲ.... ပြန်မရောက်သေးဘူးလား..."

"ပြန် မရောက်သေးပါဘူး အကြီးအကဲ..."

ထောင်ကွမ်ယွီ၏ မျက်လုံးက တလက်လက် တောက်ပလာပြီး ...

"ဒါဆို သေချာပြီ… ချင်ယန်က အဲ့ကို မရောက်ဘဲ.. လမ်းတစ်ဝက်ကနေ ပြန်လှည့်လာခဲ့တာပဲ ဖြစ်လိမ့်မယ်…."

"အဆင်သင့် လုပ်ထား… ဒီသတင်းကို အတည်ပြုပြီးတာနဲ့ လူထုအမြင်ကို ချက်ချင်း သွေးထိုးမယ်…."

"ဟုတ်ကဲ့ပါ…. ခေါင်းဆောင်…."

ရန်မိသားစုတွင် ရန်ခွန်ကလည်း ထိုသတင်းကို ရသွားပြီး သူ့မျက်နှာ အမူအရာကလည်း ထောင်ကွမ်ယွီနှင့် တူနေသည်။

သူ လွှတ်လိုက်သည့် တန်ခိုးရှင်များ ပြန်မရောက်လာသေးသဖြင့် ချင်ယန်က လမ်းတစ်ဝက်မှ ပြန်လှည့် လာခြင်းသာ ဖြစ်လိမ့်မည်။

"ချင်ယန်....."

"ရပ်လိုက်စမ်း....."

ကျိုးရောင်ဖန်နှင့် အခြားလူများ ရှာမတွေ့ခင် ချင်ယန်က ပြဿနာ ရှာခံနေရသည်။ အမှန်ပင်.... မိုးကြိုးဗုံး အင်ပါယာမှ မင်းသား (၈) လဲ့ချီရွှမ်နှင့် အခြား ပြဿနာ မီးမွေးမည့် ကျောင်းသား နှစ်ယောက်ပင်.....

ချင်ယန်က သူတို့ကို ကန်ချပြီး ကတည်းက ချမ်ဂျူးမြို့သို့ ချက်ချင်း ပြန်လာခဲ့ကြသည်။ ယခု ချင်ယန် ရောက်လာသောအခါ ချက်ချင်း ပေါ်လာကြခြင်းပင်။

ချင်ယန်တို့ ပြန်မလာပါက သူတို့၏ ဒေါသကို ဖောက်ခွဲရန် ခက်နေသေးသည်။

ယခုအခါ ချင်ယန်တို့ အဖွဲ့ ပြန်ရောက်လာပြီ ဖြစ်သဖြင့် လှဲ့ချီရှမ်နှင့် အခြားလူများက စိတ်မထိန်း နိုင်ကြတော့ပေ။ ချင်ယန်က သူတို့ကို

တိမ်ငန်းပေါ်မှ ကန်ချခဲ့သဖြင့် ဒေါသ အထွက်ကြီး ထွက်နေကြသည်။

"မင်းသား (၈) ပါလား.. ဘာကိစ္စ ရှိလို့လဲ....."

ချင်ယန်က ခြေလှမ်းကို ရပ်ပြီး လှည့်ကြည့်ကာ ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

လဲ့ချီရှမ်တို့အဖွဲ့က မီးဝင်းဝင်း တောက်နေသော မျက်လုံးများနှင့် ချင်ယန်ကို စိုက်ကြည့် နေကြသည်။ သူတို့က တိမ်ငန်းပေါ်မှာ ကန်ချခံရပြီး မသေခဲ့သော်လည်း အတွင်းဒဏ်ရာ အချို့ ရရှိခဲ့ကြသည်။

"လူတိုင်းပဲ.. မင်းတို့ စဉ်းစားကြည့်ကွာ.... ဒီတစ်ကြိမ် စစ်ဆင်ရေးကို ချင်ယန်က ဦးဆောင်တယ်...... ဒါပေမဲ့ လမ်းတစ်ဝက်မှာ ငါတို့ကို တိမ်ငန်းပေါ်က ကန်ချခဲ့တယ်....."

"ချင်ယန်.... ဒီကိစ္စအတွက် ဖြေရှင်းချက် ပေးရမယ်...."

"ယွီးပဲ.. ငါတို့ကို အနိုင်ကျင့်ခဲ့တာ မှတ်မိလား...."

လှဲ့ချီရွှမ်တို့ သုံးယောက်က ဒေါသတကြီး ပြောဆို နေကြသည်။

သူတို့နားတွင် ကိုစပ်စု၊ မစပ်စုများ စုဝေးလာကြသည်။ ကျိုရောင်ဖန်နှင့် တန်ပင်ဂျီတို့လည်း အမြန် ပြေးလာကြသည်။

"မဟာသခင်ချင်.... မင်းက ရွှေတံဆိပ် နည်းပြတစ်ယောက်ပဲ ..... ဒီအဖွဲ့ကို ဘယ်လိုဦးဆောင်ခဲ့တာလဲ...."

ကျိုရောင်ဖန်က ခနဲ့သော လေသံနှင့်.....

"မဟာသခင်ချင်က ဒီကိစ္စနဲ့ ပက်သက်ပြီး ငါတို့ကို ဖြေရှင်းချက် ပေးရမှာ မဟုတ်ဘူး......

အစ်ကို ချီရွမ်နှင့် တခြားလူတွေကို ကန်ချကတည်းက လူသတ်မှု ဖြစ်နေပြီ.....”

ချင်ယန်က သက်ပြင်း ချလိုက်ပြီး.....

“မင်းသား (၈)၊ ငါက မင်းကို ကယ်တင်ခဲ့တာပါ.....”

“မင်းလည်း တစ်ခုခုကို သိနေတာပဲ.... ငါ ဗေဒင်ဟောနေတာ မဟုတ်ဘူး.. အဲ့တုန်းက ရှေ့ဆက်သွားရင် ဘာဖြစ်လာမလဲ ဆိုတာ မင်း တွေးကြည့်လိုက်.... နောက်ဆုံးတော့ ငါက ငါ့အသက် သေချင် သေပါစေ... မင်းတို့ကိုတော့

အသက်ရှင်အောင် လုပ်ပေးရမယ် ဆိုပြီး ရင်ရင်နာနာနဲ့ ကန်ချခဲ့ရတာပါ။ အဲ့လိုသာ ကန်မချခဲ့ရင် ဒီအချိန်မှာ မင်းတို့ အသက်ရှင်ရက် ပြန်လာ နိုင်ပါအုံးမလား...”

ပတ်ဝန်းကျင်မှ လူများက ထူးဆန်းသော မျက်လုံးများနှင့် ဝိုင်းကြည့် နေကြသည်။

လဲ့ချီရွှမ်နှင့် အခြားလူများ၏ စိတ်ထဲတွင် ဒေါသ ပိုထွက် လာကြသည်။

ကျိရောင်ဖန်က လှောင်ပြောင်သော လေသံနှင့်......

"ချင်ယန်.... ဘာဖြစ်လို့ ဒီလို လိမ်နေတာလဲ...."

"အိမ်ရှေ့ မင်းသား၊ ဂုဏ်ပြုပါတယ်..."

ချင်ယန်က ကျိရောင်ဖန်ကို လှည့်ကြည့်ပြီး ပြောလိုက်သည်။

ကျိရောင်ဖန်က စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး အေးစက်သော လေသံနှင့်......

"ချင်ယန်၊ မင်း ဘာပြောချင်တာလဲ..."

ချင်ယန်က ပါးပါးလေး ပြုံးလိုက်ပြီး....

"အိမ်ရှေ့မင်းသား ကျို၊ ဒီစစ်ဆင်ရေးထဲမှာ ငါတို့ ခေါင်းဆောင်ကျိုနှင့် အခြားလူတွေကို တွေ့ခဲ့တယ်... ပြီးတော့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေလည်း ပြေးဝင် လာကြတယ်...... ဘာဖြစ်လဲတော့ ငါလည်း မသိပါဘူး.... သွေနတ်ဘုရားဂူက တန်ခိုးရှင်တွေနဲ့ ခေါင်းဆောင်ကျိုတို့ တိုက်ခိုက် ကြတော့တာပဲ...."

"အဲ့ အချိန်တုန်းက ငါတို့ မိုင်းတွင်းဟောင်း တစ်ခုထဲမှာ ရှိနေခဲ့တယ်.... မိုင်းတွင်းထဲမှာ ခေါင်းဆောင်ကျို၊ ရှောင်မိသားစုက တန်ခိုးရှင် တွေနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေ

ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတုန်း မိုင်းတွင်း တစ်ခုလုံး ပြိုကျသွားတယ်.....”

“ငါတို့နဲ့ နည်းပြရှီကတော့ ကံကောင်း ထောက်မပြီး ထွက်ပြေးနိုင်ခဲ့တယ်... ဒါပေမဲ့ အဲဒီ နှစ်ဖွဲ့လုံးကတော့ မလွတ်မြောက်ခဲ့ဘူး....”

“အိမ်ရှေ့ မင်းသားကျို၊ ဂုဏ်ပြုပါတယ်... မင်းက မီးနဂါး အင်ပါယာရဲ့ ခေါင်းဆောင် အသစ် ဖြစ်နေပြီ.....”

ထိုသတင်းကြောင့် အနီးအနားရှိ လူများ တုန်လှုပ် သွားကြသည်။

ကျိရောင်ဖန်နှင့် တန်ပင်ဂျီတို့၏ မျက်နှာက ဖြူဖျော့သွားကြသည်။ ဤကဲ့သို သတင်းမျိုးကို ချင်ယန်က အဓိပ္ပါယ်မရှိ လျှောက်ပြောမည် မဟုတ်ပေ။

လဲ့ချီရှမ်တို့ သုံးယောက် အဖွဲ့က အူကြောင်ကြောင် အမူအရာနှင့် ချင်ယန်ကို ငေးကြည့် နေကြသည်။

“မင်းသား (၈)… အခု မင်းကို ဘာဖြစ်လို့ ကန်ချခဲ့လဲ ဆိုတာ သိပြီလား….. အဖွဲ့ကို ဦးဆောင်တဲ့ နည်းပြ တစ်ယောက်အနေနဲ့ မင်း

ဘေးဘေးကင်းကင်း ပြန်လာနိုင်ဖို့ ငါ့မှာ တာဝန်ရှိတယ်...”

ချင်ယန်က လဲ့ချီရှမ်ကို စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောလိုက်သည်။

“ငါ့အဖေ.... သူတို့ တကယ် သေသွားတာလား...”

ကျိုရောင်ဖန်က နတ်ပူး သကဲ့သို့ တုန်ယင်နေသည်။

အကယ်၍ ကျိုဝူချန် သေဆုံးသွားမည် ဆိုပါက ကျိုရောင်ဖန်က မီးနဂါး အင်ပါယာ၏ ဧကရာဇ်အသစ် အမှန်တကယ် ဖြစ်လာလိမ့်မည်။ သို့သော် ယခုလက်ရှိ အချိန်တွင် ကျိုရောင်ဖန် စိတ်ထဲ၌ ပျော်ရွှင်နိုင်ခြင်း မရှိပေ။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် မရှိသော ကြယ် (၅)ပွင့် အင်အားစုက ဟာသ တစ်ခုသာ ဖြစ်သည်။

ထို့အပြင် မီးနဂါး အင်ပါယာနှင့် ချိတ်ဆက်ထားသော ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်

အားလုံး သေဆုံးသွားသဖြင့် မည်သူက လာတော့မည်နည်း....

မီးနဂါး အင်ပါယာက ပျက်သုန်းခြင်းနှင့် ရင်ဆိုင်ရတော့မည်.......

## အခန်း(၂၈၅) - အေး မင်းအဖေ သေပြီ...

ချင်ယန်က သာမန်ကာလျှံကာ လေသံနှင့်.....

"သိပ်တော့ မဆိုးပါဘူး..... မြေအောက် မီတာ တစ်ရာကျော်လောက်မှာ အရှင်လတ်လတ် မြေမြှုပ်ခံရရုံပဲ ရှိပါတယ်။ တွင်းထူးပြီး ပြန်ထွက်ချင်လည်း ထွက်လာမှာပေါ့...."

ကျိုရောင်ဖန်၏ မျက်နှာက ဖြူဖျော့သွားသည်။

မီတာ တစ်ရာကျော်တွင် နစ်မြုပ်နေသော်လည်း ရွှံ့မြေ ဆိုပါက တွင်းထူးပြီး ပြန်ထွက်လာနိုင်သေးသည်။

သို့သော် မည်သည့် မိုင်းတွင်းက ရွှံ့မိုင်းတွင်းရှိသနည်း......

ထို့အပြင် မီတာ ရာနှင့်ချီပြီး နက်နေသေးသည်။

ကျိရောင်ဖန်ကို စိုက်ကြည့်နေသော လူများ၏ အကြည့်က အနည်းငယ် ပြောင်းလဲလာသည်။

ကျိဝူချန် သေဆုံးသွားပြီး ကျိရောင်ဖန်က မီးနဂါး အင်ပါယာ၏ ခေါင်းဆောင် ဖြစ်လာခဲ့လျှင်ပင် ယခုလက်ရှိ မီးနဂါး အင်ပါယာက တန်ခိုးရှင်များ အတွက် အသားတုံးကြီး ဖြစ်နေသည်။

ကျိဝူချန် သေဆုံးသွားသည်ကို သိသည်နှင့် ရန်သူများက လှုပ်ရှားလာမည် ဖြစ်သလို အတွင်းပိုင်း ပုန်ကန်မှုများလည်း ရှိလာနိုင်သည်။

“မဖြစ်နိုင်ဘူး.....”

"ငါ့အဖေနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးတွေနဲ့ ဘယ်လိုလုပ်ပြီး ထိပ်တိုက် တွေ့မှာလဲ...... ဒါက မဖြစ်နိုင်ဘူး...."

ကျိရောင်ဖန်က ဒေါသတကြီး အော်ဟာစ်ပြီး.......

"ချင်ယန်.... မင်း လိမ်နေတာ.. မင်း.... လိမ်နေတာ...."

ကျိရောင်ဖန်က ချင်ယန်၏ အင်္ကျီ ကော်လံကို တစ်ခါတည်း ဖမ်းဆွဲပြီး ပြောလိုက်သည်။

ဖြောင်း.....

ကချောက်......

ရှောင်ကျူဝမ်က ရုတ်တရုတ် လှုပ်ရှားလိုက်သည်။ သူမက ကျိရောင်ဖန်၏ ရင်ဘတ်ကို လက်ဝါး တစ်ချက် အေးအေးဆေးဆေး ပုတ်လိုက်ပုံ ရသော်လည်း ကျိရောင်ဖန် ရင်ဘက်မှ နံရိုးကျိုးသံ ထွက်ပေါ်လာပြီး ဆယ်ပေခန့် လွင့်ထွက်သွားသည်။

"အိမ်ရှေ့ မင်းသား ကျိ.. မင်းရဲ့ အပြုအမူကို သတိထားပါ...... ချင်ယန်က ချမ်ဂျူး အကယ်ဒမီရဲ့

ရွှေတံဆိပ် နည်းပြ တစ်ယောက်... ကြီးမြတ်သော မဟာသခင် တစ်ယောက်ပါ....”

ရှောင်ကျူဝမ်က အေးအေးဆေးဆေး ပြောလိုက်သည်။

ကျိရှောင်ဖန်က ကုန်းထလိုက်ပြီး ပါးစပ်ထဲမှ သွေးများ စီးကျလာကာ သူ့မျက်နှာ အမူအရာက ပို၍ပင် ရုပ်ဆိုး နေသေးသည်။

“အိမ်ရှေ့ မင်းသားကျိ.... သိပ်မကြာခင် နည်းပြရှိန်နဲ့ တခြားလူတွေ ပြန်ရောက်

လာလိမ့်မယ်..... အချိန်တန်ရင် နည်းပြရှီကို မင်းအဖေနဲ့ ပက်သက်ပြီး မေးလို့ ရတယ်....”

“သတင်းကို အတည်ပြုပြီးရင်တော့ ရာဇပလ္လင်ကို အမွေ ဆက်ခံနိုင်အောင် မီးနဂါး အင်ပါယာကို အမြန် ပြန်သင့်တယ်...... ဒီလိုမှမဟုတ်ရင် မီးနဂါး အင်ပါယာရဲ့ ပလ္လင်ကို တခြားလူတွေ သိမ်းပိုက် သွားအုံးမယ်...”

ချင်ယန်က စကားပြောပြီး ထွက်ခွာသွားသည်။

ကျိရောင်ဖန်က တန်ပင်ဂျီကို ဒေါသတကြီး စိုက်ကြည့်လိုက်ပြီး......

"တန်ပင်ဂျီ၊ မင်း သေနေတာလား.... ငါ့ကို လာမထူ သေးဘူးလား...."

တန်ပင်ဂျီက ကြိတ်ပြီး မျက်မှောင် ကြုတ်သွားသော်လည်း ကျိရောင်ဖန် အနား ရောက်လာပြီး ထူပေး လိုက်သေးသည်။

ချင်ယန် ပြောသည့် စကားက အမှန်လား၊ အမှားလား မသေချာသေးပေ။ အကယ်၍ ကျိဝူချန် အသက်ရှင်နေသေးမည် ဆိုပါက ကျိရောင်ဖူနှင့် ဆက်ဆံရေး ဖြတ်တောက်ရန် မဖြစ်နိုင်သေးပေ။

မကြာခင် ထိုသတင်းကို အတည် ပြုပြီးသည်နှင့် ကျိရောင်ဖန်နှင့် လုံးဝ လမ်းခွဲရမည်ကို တန်ပင်ဂျီ သိနေသည်။

ထိုကဲ့သို့ မဟုတ်ပါက သူမရော၊ တန်ထန် အင်ပါယာပါ ထိခိုက် သွားနိုင်သည်။

နှစ်နာရီ ကြာပြီးနောက် ရန်စန်းနှင့် အခြားလူများက တိတ်တိတ်လေး ပြန်ရောက် လာကြသည်။

"အခြေအနေက ဘာလဲ..."

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး မေးလိုက်သည်။ ထိုနေရာတွင် ရန်စန်းနှင့် အခြားလူများ မသေခဲ့သဖြင့် ရင်ထဲမှ အပူလုံးကြီး ကျသွားသည်။

ရန်စန်းက ကြမ်းပြင်ပေါ်တွင် ဒူးထောက်ချလိုက်ပြီး......

"အရှင်..... ချင်ယန်ကို သတ်နိုင်မယ့် အခွင့်အရေး ငါတို့ လွဲချော်သွားတယ်...."

ရန်စန်းက သူ့အပြစ်ကို ဝန်ခံရင်း ထိုဘက်မှ အခြေအနေကို အသေးစိတ် ပြန် ပြောပြလိုက်သည်။

ထောင်ကွမ်ယွီက တော်တော်လေး မျက်မှောင်ကြုတ်နေသည်။ ရှောင်မိသားစု၊ မီးနဂါးအင်ပါယာနှင့် သွေးနတ်ဘုရား ဂူတို့မှ တန်ခိုးရှင်များက မိုင်းတွင်းထဲတွင် အမှန်တကယ် သေဆုံး သွားကြသည်။

သို့သော် မည်ကဲ့သို သေဆုံး သွားလည်း ဆိုသည်က ဆန်းကြယ် လွန်းနေသည်။

မိုင်းတွင်း တစ်ခုလုံး ပြိုကျသွားသဖြင့် အထောက်အထားများနှင့် သဲလွန်စများ အားလုံး မြေမြုပ်သွားသည်။ မိုင်းတွင်းက မီတာ ရာနှင့်ချီပြီး

နက်သဖြင့် သက်သေ အထောက်အထား ရှာဖွေရန် တူးဖော်ခြင်းက လက်တွေ့ မကျပေ။

"ရန်စန်း.... မင်းရဲ့ သုံးသပ်ချက်အရ ရှောင်မိသားစု၊ မီးနဂါး အင်ပါယာနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို ချင်ယန် သတ်ပစ်လိုက်တာလား....."

ရန်စန်းက.....

"အရှင်.... ငါ ဒီကိစ္စနဲ့ ပက်သက်ပြီး အပြန်ပြန် အလှန်လှန် စဉ်းစားပြီးပြီ..."

“ချင်ယန် တစ်ခုခု လုပ်ခဲ့တယ်လို့ ငါ ထင်တယ်.. ဒါပေမဲ့ ရှောင်မိသားစု၊ မီးနဂါး အင်ပါယာနဲ့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို သတ်ဖို့ မဖြစ်နိုင်ဘူး.....။ သူ့မှာ ဒီလို ခွန်အားမျိုး မရှိနိုင်ဘူး....။ အစပိုင်းမှာ ချင်ယန်က ထောင်ချောက်ဆင်မယ်... မိုင်းတွင်းရဲ့ နေရာတချို့ကို ဖျက်ဆီးပြီးတော့ သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို ဒဏ်ရာရအောင် လုပ်လိမ့်မယ်...

"ပြီးတော့ ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက တန်ခိုးရှင်တွေ ဝင်လာကြလိမ့်မယ်..... အဲ့မှာ သေွးနတ်ဘုရားဂူက တန်ခိုးရှင်တွေက ခွန်အား အရမ်း နည်းသွားတာ တွေ့လိမ့်မယ်.... သူတို့က သွေးနတ်ဘုရားဂူက တန်ခိုးရှင်တွေကို သတ်ချင်နေတော့ ပြင်းထန်တဲ့ တိုက်ပွဲ တစ်ခု ဖြစ်ပွားပြီး မိုင်းတွင်း ပြိုကျသွားတာ ဖြစ်မယ်......"

ထောင်ကွမ်ယွီက မျက်မှောင် ကြုတ်လိုက်ပြီး...

"ချင်ယန်က မင်းထက် အများကြီး ပိုမြန်နေတယ်..... ဒီကိစ္စကိုရော ဘယ်လိုထင်လဲ...."

"အရှင်.. ဒါက အရှိန်အဟုန် မြှင့်တင်နိုင်တဲ့ ရတနာ ဖြစ်လိမ့်မယ်....."

"ချင်ယန်က ဒီလို ပြင်ဆင်မှု လုပ်ထားတယ်.. ငါတို့ဘက်က မလုပ်ခဲ့မိဘူး... ချင်ယန်က ဒီလိုမျိုး ထွက်ပြေးသွားမယ်လို့ မထင်ထားခဲ့မိဘူး..."

ရန်စန်းက ပြန်ဖြေလိုက်သည်။

အချို့ အဆောင်များက အရှိန်ကို တိုးမြှင့်ပေးနိုင်သည်။

ထောင်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ ချင်ယန် ထိန်းချုပ်ထားသော ငွေရောင်ဝံပုလွေက ယွမ်ဒန် နယ်ပယ် ရောက်နေလျှင်ပင် ဤမျှ မြန်ဆန်ရန် မဖြစ်နိုင်ပေ။

သို့သော် ချင်ယန် ထိန်းချုပ်ထားသော ငွေရောင်ဝံပုလွေက သာမန် ငွေရောင် ဝံပုလွေ မဟုတ်ဘဲ ဝံပုလွေ သွေးမျိုးဆက် ပိုင်ဆိုင်ထားပြီး သွေးမျိုးဆက် အများကြီး နိုးထနေသည်ကို ထောင်ကွမ်ယွီက မည်ကဲ့သို့ သိမည်နည်း.....

ငွေရောင် ဝံပုလွေဘုရင်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ် အဆင့် (၃) သို့ ရောက်ပြီး ခွန်အားက ပိုမို အားကောင်းနေသည်။

အမြန်နှုန်း အရဆိုလျှင် ငွေရောင် ဝံပုလွေဘုရင်၏ အမြန်နှုန်းက သာမန် ယွမ်ဒန်နယ်ပယ် အဆင့် (၅)၊ အဆင့် (၆) မိုးပျံ သားရဲများထက် မနိမ့်ကျပေ။

“ရန်စန်….. ဒီတစ်ကြိမ်မှာ အခြေအနေကို ထည့်သွင်းတဲ့ အချက်က တကယ် ဖြစ်သင့်တယ်…..”

ထောင်ကွမ်ယွီက ရန်စန်းကို နှစ်သိမ့်ပေးလိုက်သည်။

သူက အခြေအနေကို သိသွားပြီးနောက် ထိုနေရာတွင် သူ ရှိနေလျှင်ပင် အလောတကြီး မလုပ်လောက်ဘူးဟု ထောင်ကွမ်ယွီက ခန့်မှန်းလိုက်သည်။

ထို့အပြင် သွေးနတ်ဘုရားဂူမှ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက် အပါအဝင် တန်ခိုးရှင် အယောက် လေးဆယ် သေဆုံး သွားခဲ့သည်။

“အရှင်.. ဒါဆိုရင်....”

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ပွဲကောင်းကောင်း စောင့်ကြည့် ရအောင်..... သွေးနတ်ဘုရားဂူက ဟန်ဝမ်ထန်နဲ့ တန်ခိုးရှင် တော်တော်များများ သေသွားကြပြီ. သွေးနတ်ဘုရားဂူက ဘယ်လိုလုပ်ပြီး ဒီအတိုင်း ထားမှာလဲ....."

"ပြီးတော့ ရှောင်မိသားစုရဲ့ ခွန်အားကလည်း အား မနည်းဘူး...."

ရှောင်ဝမ်ချန် သေဆုံး သွားသော်လည်း ရှောင်မိသားစု၏ အသန်မာဆုံး တန်ခိုးရှင်၊ ရှောင်

မိသားစု ခေါင်းဆောင် ရှောင်ထမ်ကျူ့ အသက်ရှင်နေသေးသည်။

မီးနဂါး အင်ပါယာက အဆုံးသတ်သွားသော်လည်း ရှောင်မိသားစုတွင် တန်ခိုးရှင် အများကြီး ကျန်သေးသည်။

ရန်စန်းက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"သွေးနတ်ဘုရားဂူက ကြီးကြီးမားမား လှုပ်ရှားလာမှာပဲ ကြောက်မိတယ်....."

ထောင်ကွမ်ယွီ၏ မျက်လုံးများက တလက်လက်တောက်ပနေသည်။ သွေးနတ်ဘုရားဂူ၏ကြောက်စရာ အကောင်းဆုံး အချက်မှာ ကောက်ကျစ်စဉ်းလဲသော လှုပ်ရှားမှုများပင်....

သွေးနတ်ဘုရားဂူက သူသာ အနိုင်ရမည်၊ လိုချင်တာရမည် ဆိုပါက မည်သည့် လုပ်ရပ်ကိုမဆို စိတ်ဖိအား မရှိဘဲ လုပ်နိုင်ကြသည်။ ကျင့်ဝတ်ဟူသော စကားလုံးက သူတို့အဘိဓာန်တွင် မရှိပေ။

......

ချင်ယန် ထွက်သွားပြီး ဆယ်နာရီခန့် ကြာပြီးနောက် ရှီလောင်ကျန်းနှင့် ကျောင်းသား အချို့ ပြန်ရောက် လာကြသည်။

“နည်းပြရှီ၊ ကျွန်တော် အဖေ မိုင်းတွင်းထဲမှာ မြုပ်သွားပြီလို့ ချင်ယန်က ပြောတယ်...... ဒီလို အဖြစ်ပျက်မျိုး တကယ် ဖြစ်ခဲ့တာလား....”

ရန်စန်းနှင့် အခြားလူများက ထိုသတင်းကို လုံးဝ မဖော်ထုတ်ခဲ့သဖြင့် ရှီလောင်ကျန်း ကျောင်း ပြန်ရောက်လာသည်နှင့် ကျိရောင်ဖန်နှင့်

တန်ပင်ဂျီက ရှီလောင်ကျန်း ရှေ့သို့ ချက်ချင်း ရောက်လာကြခြင်းပင်။

“အိမ်ရှေ့ မင်းသားကျို..... ဝမ်းနည်း မိပါတယ်.....”

ရှီလောင်ကျန်းက အေးတိ အေးစက် ပြောလိုက်သည်။ ယခင်တုန်းက ကျိုဝူချန်နှင့် အခြားသူများက ချင်ယန်တို့ကို လိုက်သတ်ခဲ့သည်။ သူကလည်း ချင်ယန်နှင့် အတူတူ ရှိနေသဖြင့် အကယ်၍ ကျိုဝူချန်သာ အောင်မြင် သွားမည် ဆိုပါက သူလည်း သေဆုံး သွားလိမ့်မည်။

ထို့ကြောင့် ရှီလောင်ကျန်းက ကျိရောင်ဖန် အပေါ်တွင် သဘောထား မကောင်းနိုင် ဖြစ်နေခြင်းပင်။

ကျိရောင်ဖန် ခန္ဓာကိုယ်က နတ်ပူး သကဲ့သို့ တုန်ယင် သွားသည်။

"နည်းပြရှီ၊ မီးနဂါး အင်ပါယာက ကျန်တဲ့ တန်ခိုးရှင်တွေလည်း သေသွားပြီလား....."

"ဒီလို ဖြစ်နိုင်တယ်...."

ရှီလောင်ကျန်းက ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

ကျိရောင်ဖန်က အံကြိတ်လိုက်ပြီး သွားကြားထဲမှ လေသံနှင့်......

"နည်းပြရှီ၊ ကျေးဇူးပြုပြီး ပြောပြပေးပါ.... ချင်ယန် လက်ထဲမှာ သေသွားတာ မဟုတ်လား...."

ရှီလောင်ကျန်းက မျက်မှောင် ကြုတ်လိုက်ပြီး......

"အိမ်ရှေ့ မင်းသား ကျိ.... မင်းအဖေနဲ့ မဟာသခင်ချင် တိုက်ခိုက်တာ ငါ မမြင်ဘူး....

တခြားသူတွေနဲ့ မဟာသခင်ချင် တိုက်ခိုက်နေတာလည်း ငါ မမြင်ဖူးဘူး....”

ဒါက အမှန်ပင်....

ရှီလောင်ကျန်းက မိုင်းတွင်းထဲ ဝင်သွားပြီးနောက် ရှောင်ကျူဝမ်တို့ အဖွဲ့နှင့်သာ အတူတူ ရှိနေခဲ့သည်။ ချင်ယန်၏ လုပ်ရပ်ကို မြင်လည်း မမြင်ခဲ့သလို ကြားလည်း မကြားခဲ့ရပေ။

ရှီလောင်ကျန်း သိသည့် တစ်ခုတည်းသော အရာမှာ ချင်ယန် လက်ထဲတွင် အစွမ်းထက်သော

ယန္တရား သားရဲနှင့် ယှဉ်ပြိုင်ဒန်နယ်ပယ် ငွေရောင် ဝံပုလွေဘုရင် ရှိနေခြင်းသာ သိသည်။

စကားပြော ရခက်သည့် ရှီလောင်ကျန်းကို တန်ခိုးရှင်များက စိတ်ညို့လှျင်ပင် ထို အချက်အလက်သာ ရရှိလိမ့်မည်။